# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၈ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် | ၂၀၁၆ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၅)၊ အမှတ် (၃၃၉)


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၂၉)ကြိမ်မြောက် အာဆီယံသီးသန့် အစည်းအဝေး၊ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများ ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်




(၈)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေးတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံအကြီးအကဲများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (ဓာတ်ပုံ-ပြန်/ဆက်)

**ဗီယင်ကျန်း စက်တင်ဘာ ၇**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့တွင် ဗီယင်ကျန်းမြို့ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၂၉)ကြိမ်မြောက် အာဆီယံသီးသန့်အစည်းအဝေး၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများ ထိပ်သီးအစည်းအဝေးများနှင့် မဲခေါင်-ဂျပန်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံအလှည့်ကျဉက္ကဋ္ဌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှား၊ မြန်မာ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ ဆွေးနွေးဖက်နိုင်ငံများဖြစ်ကြသည့် ဩစတြေးလျ၊ ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများ၊

*စာမျက်နှာ ၃ ကော်လံ ၁* *

## (၂၁)ရာစု ပင်လုံညီလာခံမှသည် . . .

စာမျက်နှာ-၆

## J & M သံမဏိစက်ရုံက ထုတ်လုပ်သည့် သံမဏိသံပေါင်များဖြင့် အစားထိုးတည်ဆောက်ကာ နိုင်ငံခြားငွေအကုန်အကျကို လျှော့ချနိုင်ခဲ့

စာမျက်နှာ-၈


KBZ BANK
STRENGTH OF MYANMAR

သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

**မြန်မာ့အလင်း**

# ကြိုဆိုသင့် ကြိုဆိုထိုက်သော သဘောထားကြေညာချက်

(၂၁)ရာစု ပင်လုံညီလာခံကျင်းပခဲ့ခြင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြဿနာကို ငြိမ်းချမ်းစွာ နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရေးဆီသို့ ဦးတည်ခြင်းဖြစ်သည့်အတွက် ထောက်ခံကြောင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း သုံးခုမှ စက်တင်ဘာ ၄ ရက်တွင် သဘောထားကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။ ဤသဘောထားကြေညာချက်သည် (၂၁) ရာစုပင်လုံညီလာခံအောင်မြင်ရေးကို အားဖြည့်ပေးသည်ဟု ယူဆပါသည်။ အကြောင်းရင်းမှာ အဆိုပါသဘောထားကြေညာချက်၌ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသော တအာင်းလက်နက်ကိုင်အဖွဲ့ (TNLA)၊ ကိုးကန့် လက်နက်ကိုင်အဖွဲ့ (MNDAA) နှင့် ရခိုင်လက်နက်ကိုင်အဖွဲ့ (AA)တို့သည် ကျင်းပပြီးစီးခဲ့သော (၂၁)ရာစု ပင်လုံညီလာခံကို မတက်ရောက်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ ဖြစ်နေသောကြောင့် ဖြစ်ပါသည်။ (၂၁) ရာစုပင်လုံညီလာခံကို မတက်ရောက်ခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့က (၂၁)ရာစု ပင်လုံညီလာခံကို ကြိုဆိုထောက်ခံခြင်းသည် အလေးထားသုံးသပ်ရမည့် ဖြစ်စဉ်ဖြစ်ပါသည်။

အဆိုပါအဖွဲ့အစည်းသုံးခု၏ သဘောထားကြေညာချက်တွင် (၂၁)ရာစုပင်လုံညီလာခံ၌ အဖွဲ့အစည်းအသီးသီးတို့နှင့် လူပုဂ္ဂိုလ်အသီးသီးတို့၏ တင်ပြချက်စာတမ်းများသည် ပွင့်ပွင့်လင်းလင်းရှိသကဲ့သို့ အပြုသဘောဆောင်သည်ကိုလည်း ကြိုဆိုဂုဏ်ပြုထားပါသည်။ (၂၁)ရာစု ပင်လုံညီလာခံဆွေးနွေးမှုများကို အချိန်နှင့်တစ်ပြေးညီ တစ်နိုင်ငံလုံးသို့ ရုပ်မြင်သံကြားမှာ တိုက်ရိုက်ထုတ်လွှင့်ခဲ့ခြင်းကိုလည်း လူထုအစိုးရသစ်၏ ရဲဝံ့ပြတ်သားသောလုပ်ရပ်အဖြစ် ချီးကျူးဂုဏ်ပြုထားပါသည်။ (၂၁)ရာစုပင်လုံညီလာခံ ဆွေးနွေးချက်များအပေါ် လက်တွေ့ကျကျ သုံးသပ်၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရ ငြိမ်းငြိမ်းချမ်းချမ်း ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ကြောင်းကိုလည်း ဆန္ဒထုတ်ဖော်တင်ပြထားပါသည်။ ဤသို့ဤပုံ (၂၁)ရာစုပင်လုံညီလာခံအပေါ် အကောင်းမြင်ရှုထောင့်မှရှုမြင်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတို့၏ အနာဂတ် (၂၁)ရာစုပင်လုံညီလာခံဆွေးနွေးပွဲများတွင် ပါဝင်လာရေး ပိုမိုအခွင့်အလမ်းကောင်းလာသည်ဟု ခံယူပါသည်။

သို့သော် အဆိုပါတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းသုံးခု၏ သဘောထားကြေညာချက်သည် ဝေဖန်ချက်လုံးဝကင်းမဲ့သော သဘောထားကြေညာချက်မဟုတ်ပါ။ တပ်မတော်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့က ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခိုင်အမာကိုင်စွဲထားခြင်းအပေါ် ပြုပြင်ပြောင်းလဲရန် ဝေဖန်တောင်းဆိုထားပါသည်။ နှစ်ပေါင်း (၇၀) နီးပါးကြာနေပြီဖြစ်သော ပြည်တွင်းစစ်ကို နိုင်ငံရေးအရ ငြိမ်းချမ်းစွာဖြေရှင်းမည့် (၂၁) ရာစုပင်လုံညီလာခံ၌ မတူကွဲပြားသော အမြင်အယူအဆတို့ရှိနေသည်မှာ သဘာဝကျသော ဖြစ်ရပ်သာဖြစ်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တင်ပြထားသကဲ့သို့ ပြည်ထောင်စုသားများအားလုံး လက်ခံနိုင်မည့် ဘုံရပ်တည်ချက်တစ်ရပ်ကို စိတ်ရှည်လက်ရှည် အပြန်အလှန်ညှိနှိုင်းဆွေးနွေးကြရမည်ဖြစ်ပါသည်။ သို့ဖြစ်၍ တအာင်းလက်နက်ကိုင်အဖွဲ့ (TNLA)၊ ကိုးကန့်လက်နက်ကိုင်အဖွဲ့ (MNDAA) နှင့် ရခိုင်လက်နက်ကိုင်အဖွဲ့ (AA) တို့အနေဖြင့်လည်း အနာဂတ် (၂၁)ရာစုပင်လုံညီလာခံ အစည်းအဝေးများသို့ တက်ရောက်နိုင်မည့် လက်တွေ့ကျသော နည်းလမ်းများကို သုံးသပ်ရန် လိုအပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပြည်တွင်းစစ် နှစ်(၇၀)နီးပါး သက်ဆိုးရှည်နေရခြင်း၏ အခြေခံအကြောင်းရင်းသည် တိုင်းရင်းသားလူမျိုးစုတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းပိုင်ခွင့်နှင့်ပတ်သက်၍ ငြိမ်းချမ်းစွာနိုင်ငံရေးအရ အဖြေရှာနိုင်စွမ်းမရှိခဲ့ခြင်းကြောင့်ဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဦးဆောင်ကျင်းပလျက်ရှိသော (၂၁)ရာစု ပင်လုံညီလာခံသည် အဆိုပါ လစ်ဟာချက်ကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါသည်။ သို့ဖြစ်၍ ပြည်တွင်းစစ်ရပ်စဲရေးအတွက် တာဝန်ရှိသော အဖွဲ့အစည်း လူပုဂ္ဂိုလ်အားလုံးတို့အနေဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော်ကြီး ထူထောင်ရေးကို နိုင်ငံရေးနည်းလမ်းအရ ငြိမ်းချမ်းစွာဆောင်ရွက်သွားမည်ဟု လေးလေးနက်နက် သန္နိဋ္ဌာန်ပြုရန်လိုအပ်ကြောင်း လေးစားစွာ တင်ပြနှိုးဆော်အပ်ပါသည်။



## မှုခင်းအသိပညာပေးပြခန်း ရွှေ့လျားယာဉ်ပြသ

**ညောင်လေးပင် စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်တွင် မှုခင်းပညာပေးပြခန်း ရွှေ့လျားယာဉ်ဖြင့် စက်တင်ဘာ ၅ ရက်က မြို့နယ်အတွင်း နှစ်နေရာခွဲ၍ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ရှေးဦးစွာ ညောင်လေးပင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုကြီး ဦးဆောင်သောအဖွဲ့သည် မှုခင်းပညာပေးပြခန်း ရွှေ့လျားယာဉ်ဖြင့် ညောင်လေးပင်မြို့မြို့မ(၃)ရပ်ကွက် ခမရ (၂၀) အောင်စိုးမိုးခန်းမရှေ့၌လည်းကောင်း၊ အထက(၂) ကျောင်းရှေ့၌ လည်းကောင်း၊ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်တားဆီးရေး အသိပညာများကို ဟောပြောခြင်း၊ နံရံကပ်စာစောင်များပြသခြင်း၊ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## မြန်မာအမျိုးသားလေကြောင်း MNA မှ မန္တလေး-ဗန်ကောက်-မန္တလေးခရီးစဉ်စတင်ပျံသန်း

**မန္တလေး စက်တင်ဘာ ၇**

မြန်မာအမျိုးသားလေကြောင်းလိုင်း၏ နိုင်ငံတကာခရီးစဉ်အဖြစ် စတင်ပျံသန်းမည့် မန္တလေး-ဗန်ကောက်-မန္တလေး ခရီးစဉ်အဖြစ် စတင်ပျံသန်းမည့် မန္တလေး- ဗန်ကောက်-မန္တလေးခရီးစဉ် သစ်ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက် ညနေ ၄ နာရီက အပြည်ပြည်ဆိုင်ရာလေဆိပ်(မန္တလေး)တွင် ကျင်းပရာ မြန်မာ့အမျိုးသားလေကြောင်းလိုင်းမှ တာဝန်ရှိသူများလိုက်ပါစီးနင်းမည့် ခရီးသည်များနှင့် မီဒီယာများ တက်ရောက်ခဲ့ကြသည်။



မန္တလေး-ဗန်ကောက်-မန္တလေး ခရီးစဉ်အား ဘိုးရင်း ၇၃၇-၈၀၀ လေယာဉ်အသစ်နှင့်အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များတွင် ရန်ကုန်-မန္တလေး-ဗန်ကောက် ခရီးစဉ်နှင့် ဗန်ကောက်-မန္တလေး-ရန်ကုန်ခရီးစဉ်များ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။ ပျံသန်းချိန်အနေဖြင့် ရန်ကုန်-မန္တလေး ၅၅ မိနစ်၊ မန္တလေး-ဗန်ကောက် ၁ နာရီ ၄၅ မိနစ်ကြာမြင့်မည်ဖြစ်ပြီး ခရီးသည် ၁၆၄ ဦးလိုက်ပါ စီးနင်းနိုင်ကြောင်း သိရသည်။

ခရီးသည်များအနေဖြင့် Business Class တွင် မိမိတို့ ထိုင်ခုံဖန်သားပြင်ပေါ်မှ ရုပ်ရှင်နှင့် တီဗွီကြည့်ရှုနိုင်ပြီး စမတ်ဖုန်း၊ Tablet ခရီးဆောင် ကွန်ပျူတာများဖြင့် လေယာဉ်ပေါ်တွင်ရှိ ကြိုးမဲ့အင်တာနက် အသုံးပြုခွင့်ကို လေယာဉ်ပေါ်တွင် အခမဲ့ ရရှိမည်ဖြစ်သည်။

မန္တလေး-ဗန်ကောက်-မန္တလေးခရီးစဉ်တွင် လေယာဉ်စီးနင်းခ ဒေါ်လာ ၁၇၀ ကျသင့်မည်ဖြစ်ပြီး အထူးအရောင်းမြှင့်တင်ရေးအစီအစဉ်အရ နှစ်ယောက်တွဲဝယ်ယူပါက ၁၄၂ ဒေါ်လာသာ ကျသင့်မည်ဖြစ်ကြောင်းနှင့် လေယာဉ်လက်မှတ်များကို တရားဝင်ခွင့်ပြုချက်ရရှိထားသည့် လက်မှတ်အရောင်းကိုယ်စားလှယ်များထံတွင် ဝယ်ယူနိုင်သကဲ့သို့ မြန်မာ့လေကြောင်းလိုင်းမှ သတ်မှတ်ချက်များနှင့် ကိုက်ညီသူများအနေဖြင့် Online မှလည်း ဝယ်ယူနိုင်မည်ဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်း စီးပွားရေးအရာရှိချုပ် ဦးနိုင်စောလွင်က ပြောသည်။

**အေးမြ(မန္တလေး)**

## မြန်မာစာပေအပေါ် မြတ်နိုးလေးစားမှုများ လျော့ပါးလာနေ၍ စာစီစာကုံးပြိုင်ပွဲကျင်းပ

**မုံရွာ စက်တင်ဘာ ၇**

မြန်မာစာပေနှင့် မြန်မာဘာသာစကားသည် ဘာသာဗေဒနယ်တွင် ခံ့ညားထည်ဝါစွာ ရပ်တည်နိုင်သော မြန်မာ့အမွေအနှစ်အမြဲတေရတနာဖြစ်သော်လည်း ခေတ်စနစ်ပြောင်းလဲခြင်းနှင့်အတူ မြန်မာစာပေကို အလေးဂရုပြုမှုနည်းပါးလာပြီး မြန်မာစာ အရေးအသား သဒ္ဒါအထားအသို သတ်ပုံသတ်ညွှန်း ချွတ်ယွင်းယိမ်းယိုင်လျက် မြတ်နိုးလေးစားမှု လျော့ပါးလာနေကြောင်း မုံရွာခရိုင် မြန်မာစာချစ်မြတ်နိုးသူများအသင်းအတွင်းရေးမှူး ဦးကျော်သက်ခိုင်က စက်တင်ဘာ ၄ ရက်တွင် ကျင်းပသည့် စာစီစာကုံးပြိုင်ပွဲတွင် ပြောကြားသည်။

မုံရွာခရိုင်အတွင်း လေးမြို့နယ် ကျောင်းပေါင်းစုံ အလယ်တန်း၊ အထက်တန်း စာစီစာကုံးပြိုင်ပွဲကို ဩဂုတ် ၂၁ ရက်က ကျင်းပခဲ့ရာ ပထမအကြိမ် အလယ်တန်းကျောင်းသား ကျောင်းသူ ၆၇ ဦး၊ အထက်တန်းကျောင်းသား ကျောင်းသူ ၇၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါအလယ်တန်း၊ အထက်တန်းပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆုအပါအဝင် စုစုပေါင်း၁၀ ဆုချီးမြှင့်ခဲ့သည့်အပြင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် မြန်မာစာဂုဏ်ထူးရရှိခဲ့သည့် ကျောင်းသူသုံးဦးကိုလည်း ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## စိုက်ပျိုးနည်းပညာပေး ဆွေးနွေး

**စလင်း စက်တင်ဘာ ၇** မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ခားဆွယ်ကံကျေးရွာအုပ်စု ကံစွယ်ကျေးရွာတွင် ရောဝတီမြစ်ရေဝင်နစ်မြုပ်၍ သီးနှံစိုက်ပျိုးသောတောင်သူများ အမြန်ပြန်လည်ထူထောင်ရေးအတွက် စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲကို ဩဂုတ်လနောက်ဆုံးပတ်က ကျင်းပခဲ့သည်။ အဆိုပါစိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးတိုးမင်းက ဦးဆောင်၍ အမြန်ပြန်လည်ထူထောင်ရေး စိုက်ပျိုးရေးနည်းပညာများကို ဟောပြောဆွေးနွေးခဲ့ပြီး တောင်သူလယ်သမားများက သိရှိလိုသောအချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၇-၉-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေဈေးနှုန်း(အောင်သမာဓိ)

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၆၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၁၅၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၆၀၀၀ |

စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်

| | |
|---|---|
| ဒီဇယ် | ၅၃၀/၅၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၃၀/၅၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၁၀/၆၂၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၆၀/၅၈၀ ကျပ် |

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၁၄.၀ |
| ဥရောပ | တစ်ယူရို | ၁၃၆၅.၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၀၂.၀၃ |
| ထိုင်း | တစ်ဘတ် | ၃၅.၁၂၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၈၁.၃၁၆ |
| တရုတ် | တစ်ယွမ် | ၁၈၁.၈၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၀၀ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဗီယက်နမ်၊ ဂျပန်နှင့် နယူးဇီလန်နိုင်ငံတို့မှ ဝန်ကြီးချုပ်များနှင့် သီးခြားစီတွေ့ဆုံ

**ဗီယင်ကျန်း စက်တင်ဘာ ၇**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဗီယက်နမ်၊ ဂျပန်၊ နယူးဇီလန်နိုင်ငံဝန်ကြီးချုပ်တို့နှင့် ယနေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ သီးခြားစီတွေ့ဆုံသည်။

နံနက်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H. E. Mr. Nguyen Xuan Phuc တို့ တွေ့ဆုံစဉ် ဗီယက်နမ်နိုင်ငံမှ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ၊ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေးကဏ္ဍ၊ ခရီးသွားလာရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုတိုးချဲ့ဆောင်ရွက်ရေး၊ မြန်မာ-ဗီယက်နမ်လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ အချင်းချင်းချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးကဏ္ဍတိုးမြှင့်ပြီး အပြန်အလှန်ယုံကြည်မှု ပိုမိုခိုင်မာစွာတည်ဆောက်ရေးကိစ္စရပ်များ ဆွေးနွေးကြသည့်အပြင် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့အား ဗီယက်နမ်နိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ရန် ဖိတ်ခေါ်ခဲ့ပြီး ဒေသတွင်းနှင့် နိုင်ငံတကာတွင် ဗီယက်နမ်နိုင်ငံ၏ရပ်တည်မှုအား မြန်မာနိုင်ငံမှ နားလည်ပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် H.E.Mr. Shinzo Abe တို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍနှင့် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေးကဏ္ဍများတွင် ဂျပန်နိုင်ငံက အကူအညီအထောက်အပံ့များ ပေးအပ်မည့်အခြေအနေ၊ ဂျပန်နိုင်ငံ၏ အကူအညီအထောက်အပံ့ဖြင့် မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေ၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍ တိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးကြသည့်အပြင် ဂျပန်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး၊ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံကို ထောက်ခံကြိုဆိုကြောင်း၊ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံ၏ မိတ်ဆွေကောင်းနိုင်ငံအဖြစ် ခံယူထားသည့်အတွက် မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြစ်နိုင်စွမ်းရှိသည့် ကဏ္ဍပေါင်းစုံတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့အား ဂျပန်နိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်ပါရန် ဖိတ်ခေါ်ခဲ့သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံဝန်ကြီးချုပ် H.E.Mr. Shinzo Abe တို့ တွေ့ဆုံဆွေးနွေးစဉ် (ဓာတ်ပုံ-ပြန်/ဆက်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် H. E. Mr. Nguyen Xuan Phucတို့ တွေ့ဆုံဆွေးနွေးစဉ် (ဓာတ်ပုံ-ပြန်/ဆက်)

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နယူးဇီလန်နိုင်ငံဝန်ကြီးချုပ် H.E.Mr.John Key တို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ နယူးဇီလန်နိုင်ငံမှ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ နည်းပညာနှင့် အတွေ့အကြုံကောင်းများ ပြန်လည်မျှဝေပေးရေး၊ အနာဂတ်လူငယ်များ၏ အရည်အသွေးမြင့်မားရေးအတွက် အဓိကလိုအပ်သည့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ မြှင့်တင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေး၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

* ရှေ့ဖုံးမှ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်၊ အာဆီယံဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်များ၊ အာဆီယံအစိုးရချင်းဆိုင်ရာ လူ့အခွင့်အရေးကော်မရှင် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြည်တွင်း ပြည်ပမှ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲတွင် ဗီယင်ကျန်းမြို့ အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် (၂၉)ကြိမ်မြောက် အာဆီယံသီးသန့် အစည်းအဝေးသို့ တက်ရောက်သည်။

ထို့နောက် အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာနရှိ သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည့် (၁၉)ကြိမ်မြောက် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးနှင့် (၂၅)နှစ်မြောက် အာဆီယံ-တရုတ် အထိမ်းအမှတ် ထိပ်သီးအစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံ-ဂျပန်ထိပ်သီးအစည်းအဝေး၊ (၁၈)ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီးအစည်းအဝေး၊ (၁၉)ကြိမ်မြောက် အာဆီယံ-အပေါင်းသုံး ထိပ်သီးအစည်းအဝေး၊ ဒုတိယအကြိမ်မြောက် အာဆီယံ-သြစတြေးလျ ထိပ်သီးအစည်းအဝေးနှင့် နှစ်နှစ်တစ်ကြိမ် ကျင်းပသည့် အာဆီယံ-သြစတြေးလျ ထိပ်သီးအစည်းအဝေး၊ (၈)ကြိမ်မြောက် အာဆီယံ-ကုလသမဂ္ဂ ထိပ်သီးအစည်းအဝေး၊ (၈)ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်သည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သောင်လွန်းဆီဆိုလစ်နှင့် ဇနီးတို့က အမျိုးသားကွန်ဗင်းရှင်းဗဟိုဌာန၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

**(သတင်းစဉ်)**

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် (၁၈)ကြိမ်မြောက် အာဆီယံ-ကိုရီးယားထိပ်သီး အစည်းအဝေး တက်ရောက်စဉ်**
(ဓာတ်ပုံ-ပြန်/ဆက်)



# နယ်စပ်ကုန်သွယ်မှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံတပ်မတော်ဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၇**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Qiliang နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်မှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသတည်ငြိမ်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ကုန်သွယ်မှု တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံတပ်မတော်ဆိုင်ရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒုတိယ တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်ချုပ်စိုးနိုင်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်နှင့် အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာ ဟုန်လျန်နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။
**(သတင်းစဉ်)**

# အာဆီယံစီးပွားရေးလုပ်ငန်းဆုချီးမြှင့်ပွဲတွင် ဆုအမျိုးအစားပေါင်း ကိုးမျိုး ချီးမြှင့် ဆုရရှိသူ ၅၃ ဦးအနက် မြန်မာနိုင်ငံကုမ္ပဏီများနှင့် အသင်းအဖွဲ့များမှ ၁၃ ဦး ဆုလက်ခံရရှိ

**နေပြည်တော် စက်တင်ဘာ ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် စက်တင်ဘာ ၅ ရက်မှ ၆ ရက်အထိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပသော ASEAN Business and Investment Summit 2016 နှင့် Business Brunch with CLMVT Heads of States and Government / Economic Ministers အခမ်းအနားများသို့ တက်ရောက်ခဲ့သည်။

စက်တင်ဘာ ၅ ရက် မွန်းလွဲပိုင်းတွင် Regional and Global Free Trade Agreements ခေါင်းစဉ်ဖြင့် ကျင်းပသော ဝန်ကြီးများအဆင့် စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်သို့ တက်ရောက်ခဲ့ပြီး အာဆီယံစီးပွားရေး အသိုက်အဝန်းပေါ်ပေါက်လာမှုကြောင့် ဒေသတွင်းနိုင်ငံများအတွက် ဖြစ်ပေါ်လာနိုင်သော အလားအလာများ၊ စိန်ခေါ်မှုများ၊ အာဆီယံစီးပွားရေးအသိုက်အဝန်းအပေါ် သဘောထားအမြင်များ၊ အာဆီယံနှင့် အာဆီယံနိုင်ငံပြင်ပနိုင်ငံများအကြား စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အလားအလာများ၊ စိန်ခေါ်မှုများနှင့် Trans-pacific Partnership (TPP) အပေါ် အာဆီယံအဖွဲ့ဝင် နိုင်ငံများ၏ သဘောထားအမြင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ One Belt, One Road Initiative နှင့်စပ်လျဉ်း၍ အာဆီယံနိုင်ငံများ၏ သဘောထားအမြင်များကို ဆွေးနွေးခဲ့ကြသည်။



ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ယင်းနေ့ ညနေပိုင်းတွင် ကျင်းပသည့် အာဆီယံစီးပွားရေး လုပ်ငန်းဆု (ASEAN Business Awards-2016) သို့ တက်ရောက်ခဲ့ပြီး အဆိုပါဆုချီးမြှင့်ပွဲတွင် ဆုအမျိုးအစားပေါင်း ကိုးမျိုး ချီးမြှင့်ခဲ့ပြီး ဆုရရှိသူပေါင်း ၅၃ ဦးခန့်ရရှိခဲ့ရာ မြန်မာနိုင်ငံမှ ကုမ္ပဏီများနှင့် အသင်းအဖွဲ့များမှ ၁၃ ဦး ဆုလက်ခံရရှိခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် စက်တင်ဘာ ၆ ရက်တွင် ပြုလုပ်သည့် Business Brunch with CLMVT Heads of States and Government/ Economic Ministers အခမ်းအနားနှင့် မိတ်ဆုံစားပွဲဝိုင်းသို့ CLMVT နိုင်ငံများမှ ခေါင်းဆောင်များ၊ ကုန်သွယ်ရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ နယူးဇီလန်နိုင်ငံတို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။
**(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ဆေးဝါးထုတ်လုပ်မှုဆိုင်ရာပြခန်းနှင့် စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှုဆိုင်ရာ နည်းပညာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။ ယခုပြပွဲတွင် စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများအပါအဝင် ပြည်တွင်းကုမ္ပဏီစုစုပေါင်း ၂၄ ခုမှ ထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာနည်းပညာပြပွဲကို မြန်မာနိုင်ငံ၏ အနာဂတ်နည်းပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်မှန်းချက်ဖြင့် စက်မှုဝန်ကြီးဌာနနှင့် Myanmar Promotional Services ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး စက်တင်ဘာ ၇ ရက်မှ ၁၀ ရက်အထိ လေးရက်ကြာ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ပြသသွားမည်ဖြစ်သည်။ ပြခန်းများကို နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြသရောင်းချပေးမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းများနှင့် ပတ်သက်သည့် သိကောင်းစရာများကို စက်တင်ဘာ ၉ ရက်တွင် Seminar ပြုလုပ်၍ မိတ်ဆက်ရှင်းလင်းပေးသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။
**(သတင်းစဉ်)**

## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့်အန္တရာယ်အကဲဖြတ်ရေးကော်မတီစည်းဝေး

**နေပြည်တော် စက်တင်ဘာ ၇**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အားနည်းချက် (Vulnerability) များနှင့်စပ်လျဉ်းသည့် စစ်တမ်းများ (Surveys) ဖြည့်စွက်ဆောင်ရွက်ခဲ့မှုအပေါ် ပြန်လည်သုံးသပ်သည့် ကော်မတီအစည်းအဝေးအမှတ်စဉ် (၅/၂၀၁၆) ကို ယနေ့မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ်၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ကော်မတီအတွင်းရေးမှူး၊ ငွေကြေးဆိုင်ရာမှုခင်း တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ဝင်းသိန်းက စာရင်းဇယားစစ်တမ်းများ (Statistics Surveys) ဖြည့်စွက်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ချပြရှင်းလင်းခြင်း၊ တက်ရောက်လာသည့် ကော်မတီဝင်များက စစ်တမ်းများ ဖြည့်စွက်မှုအခြေအနေများ၊ ကြုံတွေ့ရသည့် အခက်အခဲများနှင့် လိုအပ်ချက်များအပေါ် ဝိုင်းဝန်းဆွေးနွေးကြပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်ရေးကော်မတီ၏ လုပ်ငန်းစဉ် (၄)အရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၁၆) ထွက်ပြီ

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက စီစဉ်ထုတ်ဝေသော "သိမှတ်ဖွယ်ရာ ဗဟုသုတအဖြာဖြာ (၂၀၁၆)" စာအုပ်ကို ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ ဤစာအုပ်သည် ဗဟုသုတရှာမှီးလိုသူများ၊ ရာထူးဝင်စာမေးပွဲဖြေဆိုကြမည့်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ လက်ကိုင်ပြုထားရမည့် စာအုပ်ဖြစ်ပြီး တစ်အုပ်လျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် စာပေဗိမာန်အရောင်းဆိုင်နှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။
**(မြန်မာ့အလင်း)**

# မစ္စတာ ကိုဖီအာနန် စစ်တွေမြို့မှ ပြန်လည်ထွက်ခွာချိန် ဒေသခံများ ထပ်မံဆန္ဒဖော်ထုတ်

**စစ်တွေ စက်တင်ဘာ ၇**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာ ကိုဖီအာနန် ဦးဆောင်သော ကော်မရှင်အဖွဲ့သည် စက်တင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီတွင် စစ်တွေမြို့မှ ပြန်လည်ထွက်ခွာချိန်၌ လူမှုကွန်ရက်အဖွဲ့မှ ဦးဆောင်ကာ ထပ်မံဆန္ဒဖော်ထုတ်ခဲ့ကြောင်း သိရသည်။

ဆန္ဒဖော်ထုတ်ပွဲတွင် ယမန်နေ့က ကြွေးကြော်ခဲ့သော "ကိုဖီအာနန် ဦးဆောင်သော ကော်မရှင်အဖွဲ့ အလိုမရှိ"၊ "ရခိုင်ပြည်နယ်အရေး ပြည်ပနိုင်ငံသားများ ဝင်ရောက်စွက်ဖက်မှု လက်မခံ" စသည့် ဗီနိုင်းဆိုင်းဘုတ်များဖြင့် လူအင်အား ၅၀၀ ခန့်က လေဆိပ်အဝင်လမ်း တစ်ဖက်တစ်ချက်တွင် စီတန်းကာ ကြွေးကြော်ဆန္ဒပြခဲ့ကြသည်။

ဆန္ဒဖော်ထုတ်ပွဲအား ဝန်းရံပေးသူ ဦးအောင်ထွန်းဝေက "ကိုဖီအာနန် ဦးဆောင်တဲ့ ကော်မရှင်အဖွဲ့ကို လက်မခံလို့ ဆန္ဒဖော်ထုတ်တာပါ။ မစ္စတာ ကိုဖီအာနန်ကို ပုဂ္ဂိုလ်ရေးအရ လေးစားတန်ဖိုးထားပေမယ့် ပြည်တွင်းပြဿနာကို ပြည်ပကလာရောက် ဖြေရှင်းပေးတာကို ကျွန်တော်တို့အနေနဲ့ လက်မခံနိုင်ပါဘူး။ မစ္စတာ ကိုဖီအာနန်မဟုတ်ဘဲ တခြားနိုင်ငံခြားသားတစ်ယောက်ဆိုရင်လည်း အခုလိုပဲ ရခိုင်ဒေသခံတွေအနေနဲ့ ဆန္ဒဖော်ထုတ်သွားမှာပါ"ဟု ပြောသည်။




စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် မစ္စတာ ကိုဖီအာနန် ဦးဆောင်သော အဖွဲ့သည် စစ်တွေမြို့ရှိ အစ္စလာမ်ဘာသာဝင်များနေထိုင်ရာ အောင်မင်္ဂလာရပ်ကွက်နှင့် သက္ကေပြင်ကျေးရွာတို့သို့ သွားရောက်ပြီး ဘာသာရေးခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံခဲ့သည်။ ယင်းမှ တစ်ဆင့် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ရခိုင်တိုင်းရင်းသား ဒုက္ခသည်စခန်းသို့ သွားရောက်ခဲ့ပြီး ဒေသခံများ၏ အခက်အခဲများကို တွေ့ဆုံမေးမြန်းခဲ့ကြောင်း သိရသည်။

**မြတ်ဝေ**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌတို့ တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း အထူးတပ်ဖွဲ့လေ့ကျင့်ရေးကွင်းသို့ သွားရောက်ကြည့်ရှုလေ့လာ





**နေပြည်တော် စက်တင်ဘာ ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ General Xu Qiliang တို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း အထူးတပ်ဖွဲ့လေ့ကျင့်ရေးကွင်းသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌတို့သည် အထူးတပ်ဖွဲ့သင်တန်းသားများ၏ အလေးပြုခြင်းကို ခံယူကြသည်။

ယင်းနောက် အထူးတပ်ဖွဲ့ကွင်း၌ သင်တန်းသားများ လေ့ကျင့်နေမှုများအား လှည့်လည်ကြည့်ရှုလေ့လာကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ သင်တန်းသားများအတွက် ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

အဆိုပါ အထူးတပ်ဖွဲ့လေ့ကျင့်ရေးကွင်းအား ၂၀၁၆ ခုနှစ် ဧပြီ ၈ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ကွင်းအတွင်း၌ တစ်ဦးချင်းလက်နက်ငယ်စက်ပစ်ကွင်း၊ တစ်ဦးချင်းနည်းစနစ်လေ့ကျင့်ရေးကွင်း၊ ယုံကြည်မှုလေ့ကျင့်ရေးကွင်း၊ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုလေ့ကျင့်ရေးကွင်း၊ လေထီးဆင်းပုံစံတူလေ့ကျင့်ရေးကွင်းနှင့် မြို့ပြအကြမ်းဖက်နှိမ်နင်းရေးလေ့ကျင့်ရေးကွင်းများပါဝင်ပြီး အကြမ်းဖက်တိုက်ခိုက်မှုများအား ကြိုတင်ကာကွယ်ရန်နှင့် ကြုံတွေ့လာပါက အောင်မြင်စွာဖြေရှင်းနိုင်ရန် စွမ်းရည်ပြည့်ဝသည့် တပ်မတော်သားအထူးတပ်ဖွဲ့ဝင်များကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# အာဆီယံပါလီမန်များ အထွေထွေညီလာခံကျင်းပရေး ဦးစီးကော်မတီအစည်းအဝေး (၅/၂၀၁၆) ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၇**

(၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကျင်းပရေးဦးစီးကော်မတီအစည်းအဝေး (၅/၂၀၁၆) ကို ပြည်ထောင်စုလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၃ နာရီတွင် ကျင်းပသည်။ **(ဝဲပုံ)**

အစည်းအဝေးသို့ (၃၇) ကြိမ်မြောက် အာဆီယံပါလီမန်များညီလာခံကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ဦးစီးကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်း၊ ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးကျင်းပရေးလုပ်ငန်းကော်မတီများနှင့် အုပ်ချုပ်မှုကော်မတီများက လိုအပ်သည်များ ရှင်းလင်းဆွေးနွေးကြပြီး အာဆီယံပါလီမန်များ ညီလာခံကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားသည်။

**(သတင်းစဉ်)**

# နာဂဒေသအတွင်း ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုအားဖြည့်ဆောင်ရွက်သွားမည်

**နေပြည်တော် စက်တင်ဘာ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာနသည် စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၊ နှီးနွှယ်ဦးစီးဌာနများနှင့် ပူးပေါင်းကာစဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လေရှီး၊ လဟယ်၊ နန်းယွန်း) မြို့နယ်များအတွင်းရှိ ကျေးရွာများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အခြေခံကျန်းမာရေးဝန်ထမ်းများအား တာဝန်ပေးအပ်ပွဲနှင့် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကို စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် လဟယ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးလော်ယုံက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခ ဒေါက်တာ စိုးလွင်ငြိမ်းက ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် လဟယ်မြို့နယ် ထန်ခေါ်လာမားတွင်ဖြစ်ပွားခဲ့သော ဝက်သက်ရောဂါကပ်ရောဂါအသွင် ဖြစ်ပွားမှုအား ထိန်းချုပ် ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ နာဂတိုင်းရင်းသားများ၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားအောင် ဆောင်ရွက်နိုင်ရေးအတွက် ယခုလို မိမိတို့ဆန္ဒအလျောက် တာဝန်ထမ်းဆောင်ရမည့် ကျန်းမာရေးဝန်ထမ်းများဖြင့် အားဖြည့်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အချိန်တိုအတွင်း ဆောင်ရွက်ရမည့် ပုံမှန်ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ငှက်ဖျားရောဂါ၊ တီဘီရောဂါ ကာကွယ်နှိမ်နင်းရေးနှင့် အာဟာရဆိုင်ရာ ကျန်းမာရေးလုပ်ငန်းများ၊ ပညာပေးလုပ်ငန်းများ၊ အရေးပေါ်ကျန်းမာရေးကိစ္စများ၊ ချက်ချင်းသယ်ယူပို့ဆောင်နိုင်ရေးအတွက် လူထုကျန်းမာရေးလုပ်သားများမွေးထုတ်ခြင်း၊ ဝေးလံခက်ခဲသောကျေးရွာများရှိ ကျေးလက်ကျန်းမာရေးဌာနခွဲများ အချိန်တိုအတွင်း ဆောက်လုပ်ပြီး လုပ်ငန်းဆောင်ရွက်ခြင်းများကို ရေတိုအနေဖြင့်လည်းကောင်း၊ ရေရှည်အနေဖြင့် နာဂဒေသတစ်ခုလုံး၏ ကျန်းမာရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ရုံး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့မှ နာဂဒေသတွင် သွားရောက်တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ၊ ဆန်နှင့် ရိက္ခာ၊ အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ကြသည်။ နာဂဒေသအတွင်း သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အခြေခံကျန်းမာရေးဝန်ထမ်းများမှာ လက်ထောက်ကျန်းမာရေးမှူးတစ်ဦး၊ သားဖွားဆရာမ ၂၇ ဦး၊ ကျန်းမာရေးကြီးကြပ်(၂) ဝန်ထမ်း ၂၈ ဦး စုစုပေါင်း ၅၆ ဦးဖြစ်ကာ သွားလာရေးခက်ခဲသော ဒေသများသို့ သွားရောက်ကာ ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုအားဖြည့် ဆောင်ရွက်သွားကြမည်ဖြစ်သည်။ **(သတင်းစဉ်)**



နာဂအမျိုးသမီးတစ်ဦး ကျန်းမာရေးစစ်ဆေးခံယူစဉ်

# နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**မိုးမောက် စက်တင်ဘာ ၇**

ကချင်ပြည်နယ် မိုးမောက်မြို့နယ် မြို့သစ်ကျေးရွာ အထကကျောင်းခန်းမ၌ အသက် ၁၀ နှစ်ပြည့် ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေလင်းဦးက နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး အသက် ၁၀ နှစ်ပြည့် ကျောင်းသား ကျောင်းသူ ၂၂၁ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများကိုပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦးက လက်ခံယူခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# (၂၁)ရာစု ပင်လုံညီလာခံမှသည် . . .

သံအမတ်ကြီး ဒေါက်တာလှမောင်(ဘောဂ)

### (၂၁)ရာစုပင်လုံညီလာခံ

မိမိတို့မြန်မာနိုင်ငံသည် နှစ်ပေါင်းတစ်ရာခန့် သူ့ကျွန်ဘဝတွင် နေထိုင်ခဲ့ရာမှ ၁၉၄၈ ခုနှစ်တွင် လွတ်လပ်သော ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ပေါ်ထွန်းလာခဲ့ပြီး ကမ္ဘာ့အလယ်တွင် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နေထိုင်လာခဲ့ကြရသည်မှာ (၂၀)ရာစုနှစ် ပထမ ပင်လုံညီလာခံ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

ထိုနည်းတူစွာပင် ယခုအစိုးရသစ် တက်ရောက်လာခဲ့ပြီးနောက်ပိုင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ ဒုတိယအကြိမ် (၂၁)ရာစုပင်လုံညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေးကို ၎င်းတို့ အစိုးရသစ်အဖွဲ့၏ လုပ်ငန်းစဉ်များထဲတွင် ထိပ်ဆုံးမှ ပထမ ဦးစားပေးအဆင့်ချမှတ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပမှုကို မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က တစ်ခဲနက်ထောက်ခံ ကြိုဆိုခဲ့ကြသည်။ **(၂၁) ရာစုပင်လုံညီလာခံကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်နိုင်သည်နှင့်အတူ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမှတစ်ဆင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရှိလာပြီး ခေတ်မီတိုးတက်ဖွံ့ဖြိုးလာသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို မိမိတို့အားလုံး ပေါင်းစည်းတည်ဆောက်နိုင်ကြတော့မည်ဖြစ်ပါသည်။**

### စုံညီစွာပါဝင်တက်ရောက်

ထိုကဲ့သို့ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိစေရေးကို ရှေးရှုလျက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံကို အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကျင်းပရေးကော်မတီအဆင့်ဆင့်တို့ကို စနစ်တကျဖွဲ့စည်းကာ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများနှင့် အရပ်ဘက်လူမှုရေးအသင်း အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုံညီစွာပါဝင်တက်ရောက်ခဲ့ကြပြီး ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ၂၀၁၆ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့တွင် ထုတ်ဝေခဲ့သည့် မြန်မာ့အလင်းသတင်းစာတွင် ပင်လုံညီလာခံနှင့် ပတ်သက်၍ ဖော်ပြထားခဲ့သည့် ဆောင်ပုဒ်ကို ကောက်နုတ်ဖော်ပြရမည်ဆိုလျှင် **"ပေါင်းစည်းမှု၏ စွမ်းအားသည် ပထမပင်လုံကြောင့် လွတ်လပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပေါ်ထွန်းခဲ့ပြီးနောက် (၂၁)ရာစုပင်လုံဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ပေါင်းစည်း တည်ဆောက်မည်"** ဟု ဖော်ပြထားကြောင်း ဖတ်ရှုလေ့လာရပါသည်။

အထက်ဖော်ပြပါဆောင်ပုဒ်၏ ဦးတည်ရည်မှန်းချက်များသည် မိမိအထက်တွင် (၂၁)ရာစုပင်လုံညီလာခံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည့် အချက်အလက်များနှင့် ထပ်တူထပ်မျှရှိနေသည်ကို သိရှိကြရမည်ဖြစ်ပါသည်။

### မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေကို အာဆီယံမိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ချက်

ဒုတိယကမ္ဘာစစ်မဖြစ်မီ အချိန်ကာလက မိမိတို့မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေများသည် အိမ်နီးချင်းအာရှနိုင်ငံများထက် သာလွန်ကောင်းမွန်လျက်ရှိနေကြောင်းကို အာရှနိုင်ငံများ၏ ဒုတိယကမ္ဘာစစ်မဖြစ်မီ အချိန်ကာလက ပြုစုထားသော စီးပွားရေးသမိုင်းစာအုပ်စာတမ်းများအား ဖတ်ရှုလေ့လာခြင်းအားဖြင့် သိရှိနိုင်ကြမည်ဖြစ်ပါသည်။ ထို့အပြင် ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်ထားသော စီးပွားရေးနှင့် လူမှုရေးညွှန်ကိန်းများကို ပြန်လည်စိစစ်သုံးသပ်နှိုင်းယှဉ်ကြည့်မည်ဆိုပါက မိမိတို့ မြန်မာနိုင်ငံသည် ၁၉၅၀-၆၀ ဝန်းကျင်ခန့်က မိမိတို့ အိမ်နီးချင်းနိုင်ငံများ အထူးသဖြင့် တောင်ကိုရီးယား၊ စင်ကာပူ၊ မလေးရှား၊ ထိုင်းနိုင်ငံတို့၏ စီးပွားရေးအခြေအနေများနှင့် အနည်းငယ်သာ ကွဲပြားခြားနားပြီး တူညီမှုရှိကြပါသည်။ ရာခိုင်နှုန်းအားဖြင့် တင်ပြရမည်ဆိုလျှင် (±)ရာခိုင်နှုန်း အနည်းငယ်မျှသာ ကွာခြားမှုရှိသည်ကို တွေ့ရှိရပါမည်။ အထူးသဖြင့် လူတစ်ဦး ပျမ်းမျှဝင်ငွေနှင့် ပြည်ပပို့ကုန်တန်ဖိုးတို့သည် မတိမ်းမယိမ်းရှိနေကြသည်ကို တွေ့ရှိရပါသည်။ အလားတူပင် ထိုအချိန်က မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေအနေများကို ဖော်ပြပါနိုင်ငံ များနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုပါက တစ်နိုင်ငံနှင့်တစ်နိုင်ငံ များစွာ ကွာဟမှုမရှိဘဲ မတိမ်းမယိမ်းရှိနေကြပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏ ပညာရေးနှင့် ကျန်းမာရေး အခြေအနေများမှာ အချို့နိုင်ငံများထက်ပင် သာလွန်ကောင်းမွန်လျက်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ သို့သော် ယခုအချိန်မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေများကို မိမိတို့ အိမ်နီးနားချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် မိမိတို့နိုင်ငံသည် အဆပေါင်းများစွာ ကွာဟလျက်ရှိနေပြီး ၎င်းတို့ထက် နှစ်ပေါင်း ၃၀-၄၀ ခန့် နောက်ကျကျန်လျက်ရှိနေခဲ့သည်ကို အထင်အရှားတွေ့ရှိရမည်ဖြစ်ပါသည်။ ၎င်းအခြေအနေကို ပိုမိုထင်ရှားစွာ သိမြင်လာနိုင်စေရန် မိမိအနေဖြင့် ကမ္ဘာ့ဘဏ်မှ နောက်ဆုံးထုတ်ပြန်ထားသော စာရင်းဇယားများကို အခြေခံလျက် မြန်မာနိုင်ငံ၏ လက်ရှိ လူမှုစီးပွားရေးအခြေအနေများကို အာဆီယံမိတ်ဖက်နိုင်ငံတို့နှင့် နှိုင်းယှဉ်၍ ရှင်းလင်းတင်ပြသွားပါမည်။ ထိုကဲ့သို့ ရှင်းလင်းတင်ပြခြင်းမပြုမီ အဘယ့်ကြောင့် လက်ရှိမြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေသည် အိမ်နီးချင်းနိုင်ငံတို့နှင့် နှိုင်းယှဉ်ပါက များစွာနောက်ကျကျန်ရစ်ခဲ့ရသည့် အဓိကအကြောင်းရင်းခံတစ်ရပ်ကို အနည်းငယ် ရှင်းလင်းတင်ပြလိုပါသည်။

### ထိပ်တန်းဦးစားပေးလုပ်ငန်းစဉ်

ကမ္ဘာ့စီးပွားရေးပညာရှင်များ မကြာခဏ လမ်းညွှန်ထောက်ပြ ပြောကြားလေ့ရှိသည့်အတိုင်း **"ပြည်တွင်းတည်ငြိမ်အေးချမ်းရေးသည် နိုင်ငံ၏ လူမှုစီးပွားတိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ကြိုတင်ဆောင်ရွက်ထားရမည့် လိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။"** (Political Stability is Prerequisity for Economic Development) ဆိုသည့် လမ်းညွှန်ချက်သည် မြန်မာနိုင်ငံ၏ လက်ရှိလူမှုစီးပွားရေးများစွာ နောက်ကျကျန်ရစ်ခဲ့သည့်အချက်နှင့် ဆက်စပ်ထင်ဟပ်လျက်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုသည် မိမိတို့နိုင်ငံအတွက် ထိပ်တန်းဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ချမှတ်ဆောင်ရွက်သွားရန် အဘယ်ကြောင့် အရေးကြီးလျက်ရှိသည်ကို အနည်းငယ် ရှင်းလင်းတင်ပြလိုပါသည်။ မိမိတို့နိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပါသည်။ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ်မှ အစပြု၍ပင် နိုင်ငံရေးပါတီအချို့စတင်တောခိုခဲ့ပါသည်။ နောက်ပိုင်းမှာလည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ ယုံကြည်မှုတည်ဆောက်နိုင်ခဲ့ခြင်းမရှိသည့်အတွက် တိုင်းရင်းသား အဖွဲ့အစည်း တစ်ဒါဇင်ကျော်ခန့် လက်နက်ကိုင်တောခိုပြီး တိုက်ပွဲဝင်ခဲ့ကြပါသည်။ မိမိတို့၏ အမိမြန်မာနိုင်ငံသည် လွန်ခဲ့သည့်အနှစ် ၇၀ ခန့်ကာလမှ အစပြု၍ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့်အတွက် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေသည် အိမ်နီးနားချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ယခုကဲ့သို့ များစွာနောက်ကျကျန်ရစ်နေခဲ့ရခြင်းဖြစ်ပါသည်။ **ထို့ကြောင့်ပင်လျှင် လက်ရှိအစိုးရသစ် တက်ရောက်လာပြီးနောက်ပိုင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်၍ ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပနိုင်ရေးကို ထိပ်ဆုံးပထမဦးစားပေးအဆင့် ချမှတ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိနေခြင်းဖြစ်ပါသည်။**

မြန်မာနိုင်ငံ၏ လက်ရှိ လူမှုစီးပွားရေးအခြေအနေကို အကျဉ်းချုပ်၍ ဆက်လက်တင်ပြသွားပါမည်။

### စီးပွားရေးအခြေအနေ

ကမ္ဘာ့ဘဏ်မှထုတ်ပြန်ထားခဲ့သော ၂၀၁၅ ခုနှစ် စာရင်းဇယားများအရ အသားတင်ထုတ်လုပ်မှုတန်ဖိုး (GDP) အခြေအနေများကို နှိုင်းယှဉ်ကြည့်ရှုမည်ဆိုပါက တောင်ကိုရီးယားနိုင်ငံအနေဖြင့် ဒေါ်လာ ၁၃၇၈ ဘီလီယံ၊ ထိုင်းနိုင်ငံအနေဖြင့် ဒေါ်လာ ၃၉၅ ဘီလီယံ၊ မလေးရှားနိုင်ငံ အနေဖြင့် ဒေါ်လာ ၂၉၆ ဘီလီယံခန့်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ဒေါ်လာ ၆၅ ဘီလီယံခန့်သာ ရှိပါသည်။ အချိန်တူကာလ လူတစ်ဦးပျမ်းမျှဝင်ငွေ (Per Capital Income) အခြေအနေကို ကြည့်မည်ဆိုပါက စင်ကာပူနိုင်ငံ၏ လူတစ်ဦး ပျမ်းမျှဝင်ငွေမှာ ၅၂၈၈၉ ဒေါ်လာ၊ တောင်ကိုရီးယား နိုင်ငံအနေဖြင့် ၂၇၂၂၂ ဒေါ်လာ၊ မလေးရှားနိုင်ငံအနေဖြင့် ၉၇၆၆ ဒေါ်လာ၊ ထိုင်းနိုင်ငံအနေဖြင့် ၅၈၁၆ ဒေါ်လာရှိပြီး မြန်မာနိုင်ငံအနေဖြင့် ၁၂၀၄ ဒေါ်လာခန့်သာ ရှိကြောင်း တွေ့ရှိရပါသည်။

**အထက်ပါကိန်းဂဏန်းက ညွှန်ပြသည်မှာ မြန်မာနိုင်ငံ၏ လက်ရှိ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးနှင့် လူတစ်ယောက် ပျမ်းမျှဝင်ငွေ အခြေအနေများမှာ မိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ပါက အလွန်အမင်းနိမ့်ကျလျက်ရှိသည်ကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။** အလားတူပင် ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်ကို မိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ရှုမည်ဆိုပါက တောင်ကိုရီးယားနိုင်ငံ၏ စုစုပေါင်းပြည်ပပို့ကုန်မှ ရရှိသည့်ဝင်ငွေမှာ ဒေါ်လာ ၆၄၇ ဘီလီယံ၊ စင်ကာပူနိုင်ငံအနေဖြင့် ဒေါ်လာ ၅၁၇ ဘီလီယံ၊ ထိုင်းနိုင်ငံအနေဖြင့်ဒေါ်လာ ၂၇၃ ဘီလီယံ၊ မလေးရှားနိုင်ငံအနေဖြင့် ဒေါ်လာ ၂၁၀ ဘီလီယံရှိကြပြီး မြန်မာနိုင်ငံအနေဖြင့် ၁၃ ဘီလီယံ ခန့်သာရှိကြောင်း တွေ့ရှိရပါသည်။ အလားတူပင် လူတစ်ဦးပျမ်းမျှ ပြည်ပ ပို့ကုန်တန်ဖိုးကို နှိုင်းယှဉ်ကြည့်ရှုမည်ဆိုပါက စင်ကာပူနိုင်ငံ၏ လူတစ်ဦးပျမ်းမျှ ပြည်ပပို့ကုန်တန်ဖိုးမှာ ၉၃၃၄၄ ဒေါ်လာ၊ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၁၂၇၇၇ ဒေါ်လာ၊ မလေးရှားနိုင်ငံအနေဖြင့် ၆၉၃၇ ဒေါ်လာ၊ ထိုင်းနိုင်ငံအနေဖြင့် ဒေါ်လာ ၄၀၂၀ ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် လူတစ်ဦး ပျမ်းမျှ ပြည်ပပို့ကုန်တန်ဖိုးမှာ ၂၄၂ ဒေါ်လာ ခန့်သာရှိကြောင်း တွေ့ရှိရပါသည်။ **အထက်ဖော်ပြပါ ပြည်ပပို့ကုန်ကိန်းဂဏန်းများက ညွှန်ပြခဲ့သည်မှာ မြန်မာနိုင်ငံ၏ ပြည်ပပို့ကုန်အခြေအနေမှာ မိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်မည်ဆိုပါက အလွန်အမင်းနိမ့်ကျလျက်ရှိနေသည်ကို တွေ့ရှိနိုင်မည်ဖြစ်ပါသည်။** တစ်ဖန် မြန်မာနိုင်ငံ၏ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်လာခဲ့သည့်အခြေအနေ (FDI Inward Stock) ကို မိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ရှုမည်ဆိုပါက စင်ကာပူနိုင်ငံ၏ စုစုပေါင်း FDI စီးဝင်လာမှုအခြေအနေမှာ ဒေါ်လာ ၉၇၈ ဘီလီယံခန့်၊ ထိုင်းနှင့် တောင်ကိုရီးယားနိုင်ငံအနေဖြင့် ဒေါ်လာ ၁၇၅ ဘီလီယံခန့်စီရှိပြီး မလေးရှားနိုင်ငံအနေဖြင့် ဒေါ်လာ ၁၁၈ ဘီလီယံ၊ မြန်မာနိုင်ငံအနေဖြင့် ဒေါ်လာ ၂၀ ဘီလီယံခန့်သာရှိကြောင်း တွေ့ရှိရပါသည်။ **သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ စုစုပေါင်း FDI စီးဝင်လာမှု အခြေအနေကို မိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်မည်ဆိုပါက များစွာနိမ့်ကျလျက်ရှိကြောင်း တွေ့ရှိရပါသည်။**

**မြန်မာနိုင်ငံသူနိုင်ငံသားများ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့်အတွက် ဒုက္ခအမျိုးမျိုးတို့နှင့် ကြုံတွေ့နေခဲ့ရပြီး ကမ္ဘာ့အလယ်တွင်သာမက ဒေသတွင်း အာဆီယံမိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင် လူမှုစီးပွားရေးအနိမ့်ကျဆုံးအဆင့်သို့ ရောက်ရှိနေရသည့် အခြေအနေများနှင့် ထပ်တူထပ်မျှဖြစ်နေသည်ကို တွေ့ရှိရမည်**

**"ပြည်ထောင်စုငြိမ်းချမ်းရေးသည် ပထမ၊ ပြည်ထောင်စုငြိမ်းချမ်းရေးသည် ဒုတိယ၊ ပြည်ထောင်စုငြိမ်းချမ်းရေးသည် တတိယ" ဟူသည့် ဆောင်ပုဒ်ကို စွဲကိုင်ကြလျက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံမှသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိရန်အတွက် အင်တိုက်အားတိုက် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်**

### ပညာရေးအခြေအနေ

မြန်မာနိုင်ငံနှင့်မိတ်ဖက်နိုင်ငံများ၏ အသက်အပိုင်းအခြားအလိုက် ကျောင်းအပ်နှံမှုနှုန်းထားများကို ကြည့်မည်ဆိုပါက အထက်တန်းပညာ (Secondary) သင်ယူနိုင်သည့်နှုန်းထားများမှာ စင်ကာပူနိုင်ငံအနေဖြင့် ၉၉ ဒသမ ၃ ရာခိုင်နှုန်း၊ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၉၆ ဒသမ ၂ ရာခိုင်နှုန်း၊ ထိုင်းနိုင်ငံအနေဖြင့် ၇၉ ဒသမ ၆ ရာခိုင်နှုန်း၊ မလေးရှားနိုင်ငံအနေဖြင့် ၆၈ ဒသမ ၇ ရာခိုင်နှုန်းခန့်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ၄၈ ဒသမ ၃ ရာခိုင်နှုန်းခန့်သာရှိကြောင်း တွေ့ရှိရပါသည်။ အလားတူပင် တက္ကသိုလ်ပညာ (Tertiary) သင်ယူနိုင်သည့်နှုန်းထားမှာ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၉၅ ဒသမ ၃ ရာခိုင်နှုန်းခန့်၊ ထိုင်းနိုင်ငံအနေဖြင့် ၅၁ ဒသမ ၄ ရာခိုင်နှုန်းခန့်၊ မလေးရှားနိုင်ငံအနေဖြင့် ၃၈ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် ၁၃ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရများအနေဖြင့် ပျမ်းမျှ လူတစ်ဦးပညာရေးကဏ္ဍအတွက် အသုံးစရိတ်မှာ စင်ကာပူနိုင်ငံအနေဖြင့် ၁၅၃၆ ဒေါ်လာ၊ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၁၂၅၇ ဒေါ်လာ၊ မလေးရှားနိုင်ငံအနေဖြင့် ၆၁၄ ဒေါ်လာ၊ ထိုင်းနိုင်ငံအနေဖြင့် ၂၈၇ ဒေါ်လာခန့်သာရှိပြီး မြန်မာနိုင်ငံအနေဖြင့် ၇ ဒေါ်လာခန့်သာ ရှိကြောင်းတွေ့ရှိရပါသည်။ **အထက်ဖော်ပြပါ မြန်မာနိုင်ငံပညာရေးကဏ္ဍကိန်းဂဏန်းများကို မိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ရှုမည်ဆိုပါက မြန်မာနိုင်ငံ၏ ပညာရေးအခြေအနေ လွန်မင်းစွာနိမ့်ကျလျက်ရှိနေကြောင်း တွေ့ရှိရပါသည်။**

### ကျန်းမာရေးအခြေအနေ

မြန်မာနိုင်ငံနှင့် မိတ်ဖက်နိုင်ငံများ၏ ကျန်းမာရေးအခြေအနေကို ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွက် ရရှိထားသော စာရင်းဇယားများအပေါ် အခြေခံ၍ နှိုင်းယှဉ်တင်ပြသွားပါမည်။ မြန်မာနိုင်ငံ၏ လူတစ်ဦး ပျမ်းမျှ သက်တမ်းရှည်စွာနေထိုင်မှု (Life Expectancy)မှာ ၆၈ ဒသမ ၂ နှစ်ခန့်ရှိပြီး ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် ၇၈ ဒသမ ၈ နှစ်ခန့်၊ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၇၄ ဒသမ ၇ နှစ်ခန့်၊ လာအိုနိုင်ငံအနေဖြင့် ၇၄ ဒသမ ၄ နှစ်ခန့်၊ မလေးရှားနိုင်ငံအနေဖြင့် ၆၈ ဒသမ ၉ နှစ်ခန့်ရှိပြီး ထိုင်းနိုင်ငံအနေဖြင့် ၆၈ ဒသမ ၄ နှစ်ခန့်ရှိကြောင်း တွေ့ရှိရပါသည်။ ကလေး ၁၀၀၀ လျှင် ငါးနှစ်အောက်ကလေး သေဆုံးနှုန်းမှာ တောင်ကိုရီးယားနိုင်ငံအနေဖြင့် သုံးဦး၊ စင်ကာပူနိုင်ငံတွင် သုံးဦး၊ မလေးရှား နိုင်ငံတွင် ခုနစ်ဦး၊ ထိုင်းနိုင်ငံတွင် ၁၂ ဦးရှိပြီး မြန်မာနိုင်ငံတွင် ၅၀ ခန့်အထိ ရှိနေကြောင်း တွေ့ရှိရပါသည်။ သားဖွားမိခင်များ၏ ကလေးအရှင်မွေးဖွားမှုတွင် ကလေးဦးရေ တစ်သိန်းလျှင် မိခင်သေဆုံးမှုနှုန်းမှာ တောင်ကိုရီးယားနိုင်ငံတွင် ၁၁ ဦးခန့်၊ စင်ကာပူနိုင်ငံတွင် ၁၀ ဦးခန့်၊ ထိုင်းနိုင်ငံတွင် ၂၀ ခန့်၊ မလေးရှားနိုင်ငံတွင် ၄၀ ခန့်ရှိပြီး မြန်မာနိုင်ငံတွင် ၁၇၈ ဦးခန့်အထိရှိနေကြောင်း တွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရများ၏ ပျမ်းမျှလူတစ်ဦးကျန်းမာရေးအတွက် အသုံးစရိတ်မှာ စင်ကာပူနိုင်ငံတွင် ဒေါ်လာ ၂၇၅၂ ခန့်၊ တောင်ကိုရီးယားနိုင်ငံတွင် ဒေါ်လာ ၂၀၆၀ ခန့်၊ မလေးရှားနိုင်ငံတွင် ဒေါ်လာ ၄၅၆ ခန့်၊ ထိုင်းနိုင်ငံတွင် ဒေါ်လာ ၃၆၀ ခန့်ရှိပြီး မြန်မာနိုင်ငံတွင် ဒေါ်လာ ၂၀ ခန့်သာရှိကြောင်း တွေ့ရှိရပါသည်။ **အထက်ဖော်ပြပါ မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍကိန်းဂဏန်းများကို မိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ရှုမည်ဆိုပါက မြန်မာနိုင်ငံ၏ ကျန်းမာရေးအခြေအနေသည် လွန်စွာနိမ့်ကျလျက်ရှိနေကြောင်း တွေ့ရှိရပါသည်။**

### လူ့စွမ်းအားအရင်းအမြစ်ညွှန်းကိန်း (Human Development Index)

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ၁၉၉၀ ပြည့်လွန်နှစ်များ နောက်ပိုင်းတွင် လူ့စွမ်းအားအရင်းအမြစ်ညွှန်းကိန်းများကို နိုင်ငံအလိုက် လူမှုစီးပွားရေးအခြေအနေများ နှိုင်းယှဉ်ကြည့်ရှုနိုင်ရန်အတွက် စနစ်တကျတွက်ချက်ဖော်ပြလျက်ရှိနေပါသည်။ ညွှန်းကိန်းနံပါတ်ကြီးလျှင် လူမှုစီးပွားရေးအခြေအနေကောင်းမွန်ပြီး ညွှန်းကိန်းနံပါတ်ငယ်လျှင် လူမှုစီးပွားရေးအခြေအနေ နိမ့်ကျလျက်ရှိကြောင်း ဖော်ညွှန်းပါသည်။

*စာမျက်နှာ ၁၂ သို့*

# ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေး ကြိုးပမ်းနေသည့်အချိန်အတွင်း ရရှိသင့် ရရှိထိုက်သည့်အခွင့်အရေးများ အရယူနိုင်ရန်လိုအပ်

**နေပြည်တော် စက်တင်ဘာ ၇**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၈ ရက်မြောက်နေ့ကို ယနေ့ နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ မိုင်းပန်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်မိုး၏ **ညောင်ရွှေ ဟော်နန်းကြီး ပြုပြင်ဆောင်ရွက်နေမှုကို ဌာနေတိုင်းရင်းသား ပြည်သူလူထုများ ပွင့်ပွင့်လင်းလင်း သိရှိနိုင်ရန် ရှင်းပြစေလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ပြည်ထောင်စုဝန်ကြီးက ညောင်ရွှေဟော်နန်းကြီး ပြုပြင်ဆောင်ရွက်ရန် အစီအစဉ်များ ပေါ်ပေါက်လာပြီး ဘဏ္ဍာငွေရရှိပါက ဌာနေတိုင်းရင်းသား ပြည်သူလူထုအား ပွင့်ပွင့်လင်းလင်းသိရှိနိုင်ရန် ရှင်းလင်းပြမည်ဖြစ်ပြီး** ယခုအခါတွင် ယင်းကိစ္စနှင့်ပတ်သက်၍ တိကျသော ဆုံးဖြတ်ချက်မရှိသေးပါသဖြင့် ဒေသခံပြည်သူများကို ရှင်းပြရန် အချိန်စောနေပါကြောင်း။

ဟော်နန်း အဆောက်အအုံကို ယဉ်ကျေးမှုဝန်ကြီးဌာနက ရှမ်းပြည်နယ်အစိုးရသို့ လွှဲပြောင်းပေးအပ်ထားပြီး ဟော်နန်း၏ မြေဧရိယာအဝန်းအဝိုင်းကို ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံခန့်ခွဲမြေအဖြစ် မြေစာရင်းဌာနတွင် မှတ်ပုံတင်ထားသည်ကို သိရှိရပါကြောင်း၊ ညောင်ရွှေဟော်နန်းကြီး ပြုပြင်မွမ်းမံခြင်းအတွက် အကုန်ကျခံမည့် လူပုဂ္ဂိုလ်(သို့) အဖွဲ့အစည်းများအား ရှာဖွေဆဲဖြစ်ကြောင်းနှင့် နိုင်ငံတော်မှ ဘဏ္ဍာရန်ပုံငွေခွင့်ပြုပေးမည်ဆိုပါက ပိုမိုကောင်းမွန်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးမောင်မောင်ဝင်း

တွံတေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် **ဦးမြင့်လွင်၏ မြန်မာနိုင်ငံသည် ၁၉၈၇ ခုနှစ်တွင် (Least Development Country-LDC) အဖြစ် သတ်မှတ်ခြင်းခံခဲ့ရသဖြင့် မည်သည့်အချက်အလက်များနှင့် ပြည့်စုံလျှင် (LDC) အဖြစ် သတ်မှတ်ခံယူခွင့်ရှိကြောင်း ၊ ယင်းသို့ သတ်မှတ်ခံရခြင်းကြောင့် မည်သည့်အခွင့်အရေးများ ရရှိကြောင်း၊ မြန်မာနိုင်ငံ (LDC) ဘဝမှ လွတ်မြောက်ရေးအတွက် နိုင်ငံတော်အစိုးရက မည်သို့မည်ပုံ စီစဉ်ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မိမိတို့နိုင်ငံသည် ၁၉၈၇ ခုနှစ်ကတည်းက နှစ်ပေါင်း ၃၀ ခန့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့သော်လည်း ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဆင့် အခွင့်အရေးများ အပြည့်အဝရရှိခဲ့ခြင်း မရှိပါကြောင်း၊ LDC မှ လွတ်မြောက်ရေးကို တစ်ဖက်မှ လုပ်ဆောင်နေသကဲ့သို့ တစ်ဖက်တွင် စီးပွားရေးပိတ်ဆို့မှုကြောင့် ခံစားခွင့်မရခဲ့သည့် LDC ခံစားခွင့်များကို အပြည့်အဝ ရရှိစေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ အစ္စတန်ဘူလ် လုပ်ငန်းအစီအစဉ်မှ ရယူနိုင်သည့် နည်းပညာနှင့် ဖွံ့ဖြိုးမှုအကူအညီများကို ရယူသွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် ကျင်းပသည့် ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်မှု မူဝါဒကော်မတီ၏ သုံးနှစ်တစ်ကြိမ် သုံးသပ်မှုတွင် ပထမအကြိမ်အဖြစ် စံနှုန်း နှစ်ခုနှင့် ကိုက်ညီရေးကို ဦးတည် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ညှိနှိုင်းချက်ဖြင့် မြန်မာနိုင်ငံ LDC မှ လွတ်မြောက်ရေးအတွက် မူဝါဒများချမှတ်ရေးနှင့် လိုအပ်သည့် နည်းပညာအချက်အလက်များ အကူအညီပေးရန် ရန်ကုန်မြို့အခြေစိုက် UNDP အစီအစဉ်ဖြင့် ကျွမ်းကျင်သူများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ကာလတို တွဲဖက်ထားရှိရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးသည် ဦးတည်ချက်တစ်ရပ်အနေဖြင့် ဆောင်ရွက်ရန်ထက် မိမိနိုင်ငံဖွံ့ဖြိုးမှုသည် ပြည်တွင်းပြုပြင်ပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာသည့် ရလဒ်သာဖြစ်သည့်အတွက် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအား ကြိုးပမ်းနေသည့်အချိန်အတွင်း ရရှိသင့် ရရှိထိုက်သည့် အခွင့်အရေးများ၊ ဥပမာ ကုန်သွယ်ရေးအကူအညီ၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် Most favourable EBA နှင့် Generalized Special Preferences (GSP) တို့ကို အရယူနိုင်ရန် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးမှုမိတ်ဖက်များထံမှ နည်းပညာအကူအညီနှင့် ဘဏ္ဍာရေးအကူအညီများ ရယူရာတွင် နိုင်ငံစုံအဖွဲ့အစည်းများသာမက နိုင်ငံအချင်းချင်း အစီအစဉ်များနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။



တွံတေးမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်

လှိုင်းဘွဲ့မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် **ဦးခင်ချို၏ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မရှိမဖြစ်လိုအပ်သော အခွန်အကောက်များ ရရှိရေး၊ အခွန်ထမ်းပြည်သူများအနေဖြင့် ဥပဒေနှင့်အညီ နေထိုင်နိုင်ရေး၊ ဥပဒေအရ ခွင့်ပြုထားသော ရပိုင်ခွင့်၊ စုဆောင်းခွင့် ငွေဖြူပမာဏကို ထမ်းဆောင်လိုက်သည့် အခွန်ငွေပမာဏနှင့်အညီ တရားဝင်စုဆောင်းခွင့်ရပြီး ငွေမည်မျှရှိသည်ဆိုခြင်းကို သိရှိနိုင်သော အခွန်ထမ်းတစ်ဦးချင်းအတွက် သတ်မှတ်ဖော်ပြထားသည့် အခွန်စနစ်အဖြစ် ပြုပြင်ဆောင်ရွက်ပေးမည့် အစီအမံများ ဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အခွန်ထမ်းပြည်သူများအနေဖြင့် မိမိတို့၏ စည်းကြပ်နှစ်အလိုက် တောင်းခံသည့် **အခွန်တောင်းခံလွှာတွင် ပါရှိသည့် သတ်မှတ်ဝင်ငွေ၊ ကျသင့်အခွန်နှင့် ဒဏ်များအရ မိမိတို့၏ စုဆောင်းနိုင်ငွေကို အလွယ်တကူ တွက်ချက်သိရှိနိုင်ပြီး တစ်ဖက်မှလည်း ဝင်ငွေရလမ်းအဖြစ် အထောက်အထားများနှင့်အတူ တင်ပြရမည်ဖြစ်သည့်အတွက် ရရှိထားသည့် အခွန်တောင်းခံလွှာ၊ ငွေပေးသွင်းပြီး ချလန်ဖြတ်ပိုင်းများကို စနစ်တကျ ထိန်းသိမ်းထားရန် လိုအပ်ပါကြောင်း၊** ပြည်တွင်းအခွန်များ ဦးစီးဌာနသည် **အခွန်ထမ်းပြည်သူများ၏ စုဆောင်းခွင့်ရှိသည့် ငွေဖြူပမာဏကို အခွန်ထမ်းဆောင်မှု မှတ်တမ်းစာအုပ်တွင် စည်းကြပ်နှစ်အလိုက် ထည့်သွင်းဖော်ပြပေးလျက်ရှိပါကြောင်း** နှင့် သိရှိလိုသည်များကို သက်ဆိုင်ရာရုံးများသို့ ဆက်သွယ်မေးမြန်းလာပါကလည်း ဖြေကြားပေးလျက်ရှိပါကြောင်း ဆက်လက်ရှင်းလင်းဖြေကြားသည်။

ပန်းဘဲတန်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးနေဖူးဗဆွေ တင်သွင်းသည့် **နိုင်ငံတော်အတွင်းရှိ ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးပါဝင်ပတ်သက်သူများ အားလုံးသည် E- Government Website များနှင့် Mobile Application များမှ တစ်ဆင့် ဌာနဆိုင်ရာဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များကို ရယူသုံးစွဲနိုင်ရေးအတွက် E-Government စနစ်များ ပိုမိုထိရောက်အောင်မြင်စွာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်းက ထောက်ခံဆွေးနွေးသည်။

ယင်းအဆိုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူပြီး လွှတ်တော်ဥက္ကဋ္ဌက လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာကာ ယင်းအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း ပေးသွင်းနိုင်ကြောင်း ကြေညာသည်။

**(သတင်းစဉ်)**

# တိုင်းရင်းသားမျိုးနွယ်စုဘဝများ မြှင့်တင်ပေးရာတွင် စာမတတ်သူပပျောက်ရေးနှင့် အဆင့်မြင့်ပညာများသင်ကြားနိုင်ရေးကို ဦးစားပေးထည့်သွင်းစဉ်းစား

**နေပြည်တော် စက်တင်ဘာ ၇**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း နှစ်ခုကို မေးမြန်းဖြေကြားပြီး အဆိုတစ်ခုကို ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ် (၄)မှ ဦးလင်းတင်ဌေး၏ **မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း သံလွင်မြစ်ရေကြီးပြီး ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ရေနံ်တားတာတမံများနှင့် တိမ်ကောလာသည့် ချောင်းရိုးများအား ပြုပြင်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်း**နှင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄)မှ ဒေါ်အုန်းကြည်၏ **မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စမာရေလွှဲဆည်မှ စမာရေပေးမြောင်းဖောက်လုပ်ရာတွင် မြေယာဆုံးရှုံးခဲ့သည့် တောင်သူ ၆၀ ၏ စိုက်ပျိုးမြေ ၇၅ ကေအတွက် နစ်နာကြေးနှင့် လျော်ကြေးငွေများ ထုတ်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်း**တို့နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန **ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း**က မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ ကုလားဘီလယ်သမားတာ၊ ရိန်းရိုင်လယ်သမားတာနှင့် ကျွဲကူးလယ်သမားတာများမှာ ဒေသက တည်ဆောက်ထိန်းသိမ်းထားသည့် ရေနံ်တားတာများဖြစ်ပါကြောင်း၊ ဒေသအနေဖြင့် ပြုပြင်ထိန်းသိမ်းမှု အားနည်းသောကြောင့် မိုးရာသီတွင် သီးနှံများ ထိခိုက်ပျက်စီးစေပါကြောင်း၊ အဆိုပါ ရေနံ်တားတာများနှင့် ဆက်စပ်လျက်ရှိသည့် ရေနုတ်မြောင်း ခြောက်ခုမှာလည်း သဲနုန်းများပို့ချပြီး ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ အဆိုပါ ရေနံ်တားတာ သုံးခုနှင့် ဆက်စပ်ရေနုတ်မြောင်း ခြောက်ခု တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် စမာရေလွှဲဆည်မှ စမာရေပေးမြောင်း ဖောက်လုပ်ရာတွင် မြေယာဆုံးရှုံးခဲ့သည့် တောင်သူ ၆၀ ၏ စိုက်ပျိုးမြေ ၇၅ ကေအတွက် နစ်နာကြေးနှင့် လျော်ကြေးငွေများ ထုတ်ပေးရေးကိစ္စရပ်နှင့် စပ်လျဉ်း၍ စမာရေပေးမြောင်းများ ဖောက်လုပ်ခဲ့သည့် အချိန်ကာလမှာ



ကယားပြည်နယ် မဲဆန္ဒနယ် အမှတ် (၆) မှ ဒေါ်လှိုင်းဇာ

၁၉၉၇-၁၉၉၈ ခုနှစ်ခန့်က ဖြစ်သဖြင့် ဒေသအာဏာပိုင်များ၏ ခွင့်ပြုချက်နှင့် ထိုစဉ်က လုပ်ထုံးလုပ်နည်းနှင့်အညီ မြေရယူ ဆောင်ရွက်ခဲ့မှုဖြစ်ခြင်း၊ စီမံကိန်းလုပ်ငန်းများမှာလည်း ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးအတွက် အခြေခံအဆောက်အအုံများအဖြစ် အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့သည့် လုပ်ငန်းများဖြစ်ခြင်းတို့ကြောင့် နစ်နာကြေးများ ထောက်ပံ့ပေးရန်အစီအစဉ် မရှိကြောင်း ဖြေကြားသည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးခင်အောင်မြင့်၏ **တိုင်းရင်းသားမျိုးနွယ်စုများအတွက် စာမတတ်သူ ပပျောက်ရေး၊ အဆင့်မြင့်ပညာများ သင်ကြားနိုင်ရေးနှင့် တိုင်းရင်းသား စာပေထွန်းကားရေးတို့ကို အထူးစီမံကိန်းများချမှတ်၍ စဉ်ဆက်မပြတ် အားပေးမြှင့်တင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးတို့က ဆွေးနွေးကြသည်။

**ကယားပြည်နယ်မဲဆန္ဒနယ်အမှတ် (၆)မှ ဒေါ်လှိုင်းဇာ**က တိုင်းရင်းသားမျိုးနွယ်စုများတွင် စာမတတ်သူ၊ အဆင့်မြင့်ပညာ မသင်ကြားနိုင်သူဦးရေ ပိုမိုများပြားနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် လမ်းပန်းဆက်သွယ်မှု ခက်ခဲခြင်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နိမ့်ကျခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင် ပညာရေးသည် အရေးကြီးပါကြောင်း၊ လူမျိုးစုများ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုပင်ဖြစ်ကြောင်း၊ တိုင်းရင်းသားမျိုးနွယ်စုဘဝများကို မြှင့်တင်ပေးရာတွင် စာမတတ်သူပပျောက်ရေးနှင့် အဆင့်မြင့်ပညာများသင်ကြားနိုင်ရေးတို့ကို ဦးစားပေးအဆင့်တွင် ထည့်သွင်းစဉ်းစားသင့်ပါကြောင်း၊ စာပေပြန့်ပွားထွန်းကားရေးအတွက် ငွေကြေးသည် မရှိမဖြစ်လိုအပ်သဖြင့် ပြည်ထောင်စုအစိုးရက ထောက်ပံ့ပေးသင့်ပါကြောင်း၊ တိုင်းရင်းသားစာပေများကို မြှင့်တင်လိုသည်၊ ပြန့်ပွားစေလိုသည် ဆိုပါက အခြေခံပညာမူလတန်းအဆင့်တွင် တိုင်းရင်းသားစာပေကို မသင်မနေရ ဘာသာရပ်တစ်ခုအဖြစ် သင်ရိုးညွှန်းတမ်းတွင် ထည့်သွင်းရေးဆွဲသင့်ကြောင်းနှင့် ဥပဒေများပြဋ္ဌာန်းပေးသင့်ကြောင်း၊ လက်တွေ့အကောင်အထည်ဖော်မှုနှင့် လက်တွေ့ကျသည့် ကူညီပံ့ပိုးမှုကို ထည့်သွင်းစဉ်းစားသင့်ပါကြောင်း ဆွေးနွေးသည်။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးကျော်နိုင်

**ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးကျော်နိုင်**က မြေပြန့်ဒေသများတွင် နေထိုင်သည့် တိုင်းရင်းသားပြည်သူများသည် ပညာရေးနှင့် ကျန်းမာရေးအခွင့်အလမ်းများ ရရှိကြောင်း၊ သို့သော် တောင်ပေါ်ဒေသရှိ တိုင်းရင်းသားများသည် အခွင့်အလမ်းများ နည်းပါးနေသည်ဟု အဆိုရှင်က ဆိုထားပါကြောင်း၊ တောင်ပေါ်ဒေသမှ တိုင်းရင်းသားများအနေဖြင့် မြေပြန့်ဒေသမှ တိုင်းရင်းသားပြည်သူများသာ အခွင့်အလမ်းများ ရနေသည်ဟူသည့် အထင်အမြင်မှားမှုများနှင့် စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်စေနိုင်ပါကြောင်း၊ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ စနစ်တကျ ကော်မတီတစ်ရပ်ဖွဲ့စည်း၍ နှစ်ရှည်စီမံကိန်းချမှတ်ပြီး အချိန်ယူဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အဆိုရှင်တင်ပြသည့် အဆင့်မြင့်ပညာရေးစနစ် အမှန်တကယ် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် လုပ်ဆောင်ချက်ဟောင်း၊ နည်းစနစ်ဟောင်း၊ အပေါ်ယံသာကောင်းပါသည်ဟု ပြောနေကြသည့် အပြောကောင်းများကို ပြောင်းရမည်ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် နှစ်ပေါင်းများစွာ ခေါက်ရိုးကျိုးလာသည့် ခံယူချက်များကို အသစ်ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

**(သတင်းစဉ်)**

## Classical Guiter ပွဲတော် မန္တလေး၌ ကျင်းပမည်

**မန္တလေး စက်တင်ဘာ ၇** - Myanmar Classical Guiter Society (MCGS) က စီစဉ်ကျင်းပမည့်Classical Guiter ပွဲတော်ကို ကမ်းနားလမ်း ရတနာပုံသဘော်ာကျင်းအနီးရှိ ကရဝိက်ရွှေလှေများရေပေါ်ဟိုတယ်၌ စက်တင်ဘာ ၁၂ ရက် ညနေ ၆ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်နိုင်သည်။ အဆိုပါ ဂီတာပွဲတော်ကို မန္တလေးမြို့တွင် ပထမဆုံးအကြိမ် ကျင်းပမည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် ဇွန်လတွင် ရန်ကုန်၌ ကျင်းပခဲ့သည်။ အဆိုပါ Classical Guiter ပွဲတော်ကြီးတွင် ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ စစ်ကိုင်း၊ ပြင်ဦးလွင်မြို့တို့မှ Classical ဂီတာသမား ၂၅ ဦးနှင့် အိုက်စလန်နိုင်ငံမှ Johannesson နှင့် တရုတ်နိုင်ငံမှ Guo Peng စသည့် ဂီတာပညာရှင်များ ပါဝင်တီးခတ်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

ပြည်သူတို့က တစ်ခဲနက်ထောက်ခံရွေးချယ်ပေးလိုက်သည့် ဒီမိုကရေစီအစိုးရအနေဖြင့် ပြည်သူ့ဘဝလိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်သည်နှင့်အမျှ ပြည်သူ့အကျိုးစီးပွား တိုးတက်မြင့်မားလာမည် ဖြစ်သကဲ့သို့ နိုင်ငံ့ဂုဏ်လည်း ပိုမိုဝင့်ထည်လာမည် ဖြစ်ပါသည်။

နိုင်ငံတော်၏ အရေးကိစ္စများကို ပြည်သူ့ကိုယ်စား တာဝန်ယူဆောင်ရွက်နေသော နိုင်ငံ့အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားတိုးတက်မြင့်မားရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို “ပြည်သူ့ဝန်ထမ်း ကြိုးပမ်းကြညီညီ” အခန်းကဏ္ဍဖြင့် ဖော်ပြလိုက်ပါသည်။

# J & M သံမဏိစက်ရုံကထုတ်လုပ်သည့် သံမဏိသံပေါင်များဖြင့် အစားထိုးတည်ဆောက်ကာ နိုင်ငံခြားငွေအကုန်အကျကို လျှော့ချနိုင်ခဲ့

**သတင်း -ဝင်းဝင်းမော်၊ နန္ဒာဝင်း**

**ဓာတ်ပုံ - ဝင်းနန္ဒာ**

မိုးပြာရောင်ဝတ်စုံဝတ်ဆင်ထားသည့် လူငယ်များသည် ကွန်ပျူတာများဖြင့် ကြီးမားသည့်တံတားတစ်စင်းကို ပုံဖော်နေကြသည်။ ခေတ်မီဆော့ဝဲများကြောင့်လည်း မျက်နှာပြင်လေးဖက်စလုံး မြင်တွေ့နိုင်သည့် တံတားကြီးတစ်စင်းသည် ကွန်ပျူတာမျက်နှာပြင်ထက်တွင် ရုပ်လုံးကြွလာသည်။ ထို့အတူစက်ရုံထဲမှ လုပ်သားများကလည်း ထိုရုပ်လုံးကြွလာသည့်ဒီဇိုင်း၊ အချက်အလက်များအတိုင်း ကြီးမားသော သံမဏိသံပေါင်များကို ခေတ်မီစက်ကိရိယာများဖြင့် လိုအပ်သည့် ပမာဏရရှိဖို့ဖြတ်တောက်ပုံဖော်နေကြသည်။

ထိုစက်ရုံမှာ ရန်ကုန်မြို့ သာကေတမြို့နယ် ရှုခင်းသာမြို့ပတ်လမ်းရှိမြေ ၁၆ ဧက ကျယ်ဝန်းသော J & M သံမဏိစက်ရုံပင်ဖြစ်သည်။ J & M သံမဏိစက်ရုံသည် ၂၀၁၂ ခုနှစ်တွင် ဂျပန်နိုင်ငံ JFE Engineering Corp: က ကနဦးစတင်ဆက်သွယ်လာပြီးနောက် နှစ်နိုင်ငံဆွေးနွေးပွဲများ အကြိမ်ကြိမ်ပြုလုပ်ကာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် J&M Steel Solutions Co.,Ltd. တို့ ပူးပေါင်း၍ မြန်မာနိုင်ငံအတွင်း သံမဏိစက်ရုံ တည်ထောင်ရန်ဆုံးဖြတ်ခဲ့ရာမှ အစပြုခဲ့ခြင်းဖြစ်သည်။

**အမေရိကန်ဒေါ်လာ ၁၂ သန်း**

ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၁ ရက် ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံက ၄၀ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံက ၆၀ ရာခိုင်နှုန်း ထည့်ဝင်ရင်းနှီးမြှုပ်နှံခဲ့ကြသည်။ စက်ရုံအပိုင်း(က)ကို ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ပြီး ၂၀၁၆ ခုနှစ် မေလတွင် ဖွင့်လှစ်ခဲ့သည်။ ယနေ့အချိန်ကာလအထိ ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၁၂ သန်းခန့်ရှိကြောင်း သိရသည်။

“မြန်မာနိုင်ငံဘက်က ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်တဲ့ လက်ရှိမြေနေရာကို အငှားစနစ်နဲ့ တန်ဖိုးသတ်မှတ်ပြီး ရရှိတဲ့ နိုင်ငံခြားငွေကို ရင်းနှီးမြှုပ်နှံမှု ထည့်ဝင်တာဖြစ်ပါတယ်။ ဂျပန်နိုင်ငံကတော့ ကျွမ်းကျင်ပညာရှင်တွေ၊ နည်းပညာ၊ စက်ပစ္စည်းကိရိယာတွေနဲ့ အဓိက ထည့်ဝင်ရင်းနှီးမြှုပ်နှံတာဖြစ်ပါတယ်”ဟု ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရွှေလေးက ပြောသည်။

ဂျပန်နိုင်ငံမှ J & M Steel Solutions ကုမ္ပဏီသည် ယင်း၏စက်ရုံကို လက်ရှိအချိန်တွင် မြန်မာတစ်နိုင်ငံတည်း၌သာ ရင်းနှီးမြှုပ်နှံထားပြီး စက်ရုံဖွင့်ဖြစ်ပုံကို J & M သံမဏိစက်ရုံမှ မန်နေးဂျင်းဒါရိုက်တာ Mr. Yasuo SHOJI က “မြန်မာနိုင်ငံမှာ အခြေခံအဆောက်အအုံတွေ တိုးတက်ဖို့အတွက် နိုင်ငံတကာအဆင့်မီ ဂျပန်နည်းပညာတွေကို ဖြန့်ဝေပေးလိုတာလည်းပါတယ်။ ထုတ်ကုန်တွေကို အရှေ့တောင်အာရှစတဲ့ ပြည်ပဈေးကွက်တွေအထိ တင်ပို့ရောင်းချနိုင်ဖို့ ရည်ရွယ်တာဖြစ်ပါတယ်” ၎င်းက ပြောသည်။

**တံတားမျိုးစုံထုတ်လုပ်**

ထိုစက်ရုံတွင် ပေ ၉၀၊ ၁၀၀၊ ၁၁၀၊ ၁၂၀ ခန့် ကျယ်ဝန်းသော သံမဏိသံပေါင်တံတား၊ သံမဏိသံပေါင်ရိုးတံတား၊ သံမဏိ I ပုံသဏ္ဌာန်တံတား၊ သံမဏိ Box တံတား၊ သံမဏိသံပေါင်တံတားသေး၊ လူကူးခုံးကျော်တံတား၊ လူကူးသင်္ဘောဆိပ်ခံတံတား၊ ကမ်းကူးတံတား၊ သင်္ဘောဆိပ်ခံတံတားတို့တွင် တပ်ဆင်အသုံးပြုမည့် သံမဏိသံပေါင်များ၊ ရက်မများကို ထုတ်လုပ်လျက်ရှိသည်။

၂၀၁၃ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံတွင် တည်ဆောက်သည့် တံတားများအတွက် လိုအပ်သည့်ပစ္စည်းများကို ပြည်ပနိုင်ငံများမှသာ တင်ဒါခေါ်ယူခဲ့ကြရသည်။ ယခုအခါ J & M သံမဏိစက်ရုံကထုတ်လုပ်သည့် သံမဏိသံပေါင်များဖြင့် အစားထိုးတည်ဆောက်လာရာ နိုင်ငံခြားငွေအကုန်အကျကို လျှော့ချလာနိုင်ခဲ့သည်။

“လွန်ခဲ့တဲ့ငါးနှစ်က တင်ဒါခေါ်ရင် တရုတ်နိုင်ငံ ကုမ္ပဏီတွေက တင်ဒါအောင်တာများတယ်။ တရုတ်က ထုတ်လုပ်တဲ့ သံမဏိသံပေါင်တွေနဲ့ တံတားဆောက်တာများပါတယ်၊ အခုကတော့ နိုင်ငံခြားတင်ဒါတွေ ခေါ်ယူစရာမလိုတော့ပါဘူး။ အားလုံး မြန်မာနိုင်ငံက ထုတ်လုပ်တဲ့ သံမဏိသံပေါင်တွေနဲ့ တည်ဆောက်နိုင်ပါပြီ။ အဆင့်မြင့်တံတားတွေအတွက်ပါ ဆက်လက်ထုတ်လုပ်သွားမှာဖြစ်ပါတယ်”ဟု ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြောသည်။



**J&M မှ ထုတ်လုပ်သည့် သံမဏိသံပေါင်များကို ပြည်တွင်းသုံးစွဲ မှုအပြင် ပြည်ပသို့ပါ တင်ပို့နိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် လာအိုနိုင်ငံသို့ တန်ချိန် ၂၀၀ ခန့်၊ ၂၀၁၆ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ တန်ချိန် ၄၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မှာယူသော တန်ချိန်တစ်သောင်းကိုလည်း စက်ရုံတွင် ထုတ်လုပ်လျက်ရှိ**

**ထီးချိုင့်၊ ကုက္ကိုဝ၊ ကလေးဝနှင့် ချောင်းဆုံတံတားများတွင် အသုံးပြု**

စက်ရုံမှ ထုတ်လုပ်သောသံမဏိသံပေါင်များဖြင့် ဧရာဝတီထီးချိုင့်တံတား၊ ကုက္ကိုဝတံတား၊ ချင်းတွင်းမြစ်ပေါ်ရှိ ကလေးဝတံတားနှင့် သံလွင်မြစ်ပေါ်ရှိ ဧရာဝတီချောင်းဆုံတံတားများ တည်ဆောက်ရေးတွင် အသုံးပြုနိုင်ပြီဖြစ်သည်။

“တံတားတစ်ခုကိုအပ်လိုက်ပြီဆိုရင် ကျွန်တော်တို့က ပုံသဏ္ဌာန်တင်မဟုတ်ပါဘူး။ အရည်အသွေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးအထိကိုပါ ထည့်သွင်းစဉ်းစားတွက်ချက်ရတာဖြစ်တဲ့အတွက် ဒီဇိုင်းကအရေးပါပါတယ်။ နောက်တစ်ခုက ငွေကြေးအရအဆင်ပြေမှု၊ ကုန်ကျစရိတ်သက်သာမှုအတွက်လည်း ထည့်တွက်ရပါတယ်။ ရေရှည်ခိုင်ခံ့ရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးကလည်း ဒီဇိုင်းတွက်ချက်ရာမှာ အဓိကအရေးပါပါတယ်။ ဂျပန်ပညာရှင်တွေနဲ့ မြန်မာအင်ဂျင်နီယာတွေပူးပေါင်းပြီး ဒီဇိုင်းရေးဆွဲ၊ တွက်ချက်တယ်။ အချက်အလက်တွေရရှိပြီဆိုရင် မော်ဒယ်လ်ကို အရင်ဆုံးရေးဆွဲပြီး ဒီအစိတ်အပိုင်းတွေကို စက်ရုံကိုပေးပို့ပြီးဆင်ရတာဖြစ်ပါတယ်”ဟု အဆိုပါ စက်ရုံအင်ဂျင်နီယာချုပ် MR.YOHEI OSAKADA က ပြောသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက အဓိကတည်ဆောက်နေသော တံတားကြီးများအပြင် အခြားသော ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများက တာဝန်ယူဆောင်ရွက်နေသော တံတားကြီးများအတွက် လိုအပ်သည့်သံမဏိသံပေါင်၊ ရက်မများကိုလည်း J & M သံမဏိစက်ရုံက ထုတ်လုပ်ပေးလျက်ရှိသည်။

**ကုန်ကြမ်းများ သုံးစွဲ**

ဒီဇိုင်းပေါ်မူတည်ပြီး လိုအပ်သည့်ကုန်ကြမ်းများကို ဂျပန်နိုင်ငံက မှာယူသုံးစွဲသလို အရည်အသွေးမီသည့် မြန်မာဈေးကွက်မှကုန်ကြမ်းများကိုလည်း သုံးစွဲလျက်ရှိကြောင်း သိရသည်။

“ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဂျပန်နိုင်ငံရဲ့ နည်းပညာတွေနဲ့ နိုင်ငံတကာ အရည်အသွေးစံချိန်စံညွှန်းအတိုင်း ထုတ်လုပ်လျက်ရှိပါတယ်။ နိုင်ငံတကာအသိအမှတ်ပြု ISO လက်မှတ်ရရှိထားပြီးဖြစ်တာကြောင့် အရည်အသွေးပိုင်းကိုလည်း စိတ်ချယုံကြည်နိုင်ပါတယ် ”ဟု J&M သံမဏိစက်ရုံမှ မန်နေးဂျင်းဒါရိုက်တာ Mr. Yasuo SHOJI က ပြောသည်။

**ပြည်ပသို့တင်ပို့**

J&M မှ ထုတ်လုပ်သည့် သံမဏိသံပေါင်များကို ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပသို့ပါ တင်ပို့နိုင်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် လာအိုနိုင်ငံသို့ တန်ချိန် ၂၀၀ ခန့်၊ ၂၀၁၆ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ တန်ချိန် ၄၀၀ ခန့် တင်ပို့နိုင်ခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မှာယူသော တန်ချိန်တစ်သောင်းကိုလည်းစက်ရုံတွင် ထုတ်လုပ်လျက်ရှိသည်။



*စာမျက်နှာ ၉ သို့*

စာမျက်နှာ ၈ မှ



"စက်ရုံကအခုအချိန်မှာ တစ်နှစ်ကို တန်ချိန် တစ်သောင်း ထုတ်လုပ်လျက်ရှိပါတယ်။ နောက်နှစ်လောက်မှာ တန်ချိန် နှစ်သောင်းလောက် တိုးတက်ထုတ်လုပ်ဖို့ ရည်ရွယ်ထားပါတယ်"ဟု မန်နေးဂျင်းဒါရိုက်တာ Mr. Yasuo SHOJI က ပြောသည်။

**တန်ချိန် နှစ်သောင်းအထိ တိုးမြှင့်ထုတ်လုပ်နိုင်မည်**

စက်ရုံစတင်တည်ထောင်ချိန်က တစ်နှစ်လျှင် တန်ချိန် တစ်သောင်းထုတ်လုပ်နိုင်ခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ သံမဏိသံထည်များကို တန်ချိန်နှစ်သောင်း အထိတိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်သည်။ ဆက်လက်၍ ရန်ကုန်မြို့တွင် မကြာမီတည်ဆောက်မည့် အဆင့်မြင့်တံတားကြီးများတွင် လိုအပ်သော သံမဏိသံပေါင်၊ ရက်မများထုတ်လုပ်ပေးနိုင်ရန်အတွက် စက်ရုံတိုးချဲ့ရန် ရည်ရွယ်ထားကြောင်းနှင့် ကွန်ကရစ်တံတားများ ထုတ်လုပ်ရန်အတွက် ဂျပန်နိုင်ငံမှ ကုမ္ပဏီတစ်ခုနှင့် ဖက်စပ်ထူထောင်ရန်လည်းစီစဉ်လျက်ရှိကြောင်း သိရသည်။

**စွမ်းဆောင်ရည်မြှင့်တင်**

စက်ရုံ၌ ဝန်ထမ်းအင်အား ၄၅၀ ခန့်ရှိပြီး မြန်မာအင်ဂျင်နီယာနှင့် မြန်မာလုပ်သားများက အများစုဖြစ်သည်။ မြန်မာဝန်ထမ်းများ အရည်အသွေးပြည့်ဝရေးနှင့် လုပ်ငန်းကျွမ်းကျင်မှုရရှိရေးအတွက်ကိုလည်း ပြည်တွင်းမှာပင် ဂျပန်ပညာရှင်များခေါ်ယူကာ သင်တန်းများပို့ချပေးလျက်ရှိသလို ဂျပန်နိုင်ငံသို့လည်း နှစ်စဉ်စေလွှတ်ကာ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများပေးလျက်ရှိသည်။

သံထည်များကို အပေါက်ဖောက်ခြင်း၊ ကိုင်တွယ်ခြင်း၊ ဝရိန်ဆော်ခြင်း၊ ဖြတ်တောက်ခြင်း၊ တံတားအဖြစ်တပ်ဆင်ခြင်း၊ ဆေးသုတ်ခြင်းများကိုလည်းသင်ကြားပေးနေသကဲ့သို့ JFE Engineering Corp: နှင့် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တို့ ပူးပေါင်း၍ ယနေ့အချိန်အထိ သင်တန်းသား ၃၀၀ ကျော်ကို ကျွမ်းကျင်လုပ်သားများအဖြစ် မွေးထုတ်ပေးနိုင်ခဲ့သည်။

**ဒီဇိုင်းနှင့် ပရောဂျက်ဌာန**

"ကျွန်မကဒီစက်ရုံမှာ အလုပ်ဝင်တာ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကဆိုတော့ သုံးနှစ်ရှိပါပြီ။ အလုပ်ဝင်ပြီး တစ်နှစ်ခွဲလောက်မှာ ဂျပန်နိုင်ငံမှာဒီဇိုင်းပညာနဲ့ပတ်သက်ပြီး လေ့လာဖို့ စေလွှတ်ခြင်းခံရပါတယ်။ တံတားတည်ဆောက်ပုံ၊ ဒီဇိုင်းနဲ့ ပတ်သက်တဲ့ နည်းပညာတွေ လေ့လာခွင့်ရခဲ့ပါတယ်"ဟု ဒီဇိုင်းနှင့်ပရောဂျက်ဌာနမှ မအေးမြမွန်က ပြောသည်။

မြန်မာအင်ဂျင်နီယာတစ်ယောက်အနေဖြင့် နိုင်ငံတကာ အဆင့်မီနည်းပညာများအပြင် ဂျပန်တို့၏စိတ်ဓာတ်ကလည်း အတုယူစရာကောင်းကြောင်း အဆိုပါစက်ရုံတွင် လုပ်သက် သုံးနှစ်ရှိ ကိုပြည့်ဖြိုးဟိန်းက ဆိုသည်။

**မီလီမီတာစံနှုန်းကို အသုံးပြု**

"ဂျပန်တွေက မီလီမီတာစံနှုန်းကို အဓိကသုံးကြတယ်။ အရင်လုပ်ခဲ့ဖူးတဲ့ ကုမ္ပဏီတွေဆိုရင် အဲဒီလိုအသေးစိတ်တာတွေဆို လွှတ်ပေးလိုက်တယ်၊ အခုဒီစက်ရုံက အသေးစိတ်ကအစ လွှတ်မပေးဘူး ပြန်ပြင်ရတယ်။ ကျွန်တော်တို့ ပညာရတယ်။ သူတို့နိုင်ငံရဲ့ နည်းပညာစီးဆင်းမှု၊ ဖြန့်ဝေမှု၊ ထုတ်လုပ်ဖြန့်ဖြူးမှု စတဲ့အပိုင်းတွေလည်း ပညာရတယ်။ မြန်မာနိုင်ငံက အခုချိန်မှာ ဖွံ့ဖြိုးတိုးတက်ဖို့ကြိုးစားနေတဲ့ နိုင်ငံဖြစ်တာကြောင့် လူငယ်တွေအနေနဲ့ ဂျပန်တွေရဲ့စိတ်ဓာတ်ကို အတုယူစေချင်တယ်။ လုပ်ငန်းခွင်မှာ အသေးစိတ်ကအစ အမှားမခံဘူး။ အလွန်ကြိုးစားတဲ့ လူမျိုးတွေပါ။ ကျွန်တော်တို့က အလုပ်ပြီးချိန် ညနေ ၅ နာရီ ဆိုတာနဲ့ ပြန်တာပဲ။ သူတို့က ၆နာရီ၊ ၇ နာရီ အထိနေပြီး အလုပ်လုပ်ကြတယ်။ သူတို့သတ်မှတ်တဲ့ စံနှုန်းမီအောင် ဆောင်ရွက်ကြတာ တွေ့ရတယ်၊ ဒါတွေကိုလည်း အတုယူစေချင်တယ်"ဟု ၎င်းကပြောသည်။

**အပန်းဖြေခရီးပို့ဆောင်**

အလုပ်သမားများ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရရှိရေးအတွက် ဆရာဝန်နှင့် ဆေးခန်းထားရှိပေးထားပြီး အဝတ်လဲရန်၊ ရေချိုးရန်အတွက် အခန်းများ ထားရှိပေးထားကာ စားသောက်ခန်း၊ ညှိသည်လာရောက်တွေ့ဆုံစဉ် နားနေခန်းစသည်များကိုလည်း ထားရှိပေးထားကြောင်း၊ ထို့ပြင် တစ်နှစ်တစ်ခါ အပန်းဖြေခရီးတွေလည်း ပို့ဆောင်ပေးလျက်ရှိကြောင်း J & M သံမဏိစက်ရုံမှ အကြီးတန်းအထွေထွေမန်နေဂျာ ဦးသက်နောင်းက ပြောသည်။

ဝန်ထမ်းသစ်များကို စက်ရုံမှ ကြော်ငြာပြီးခေါ်ယူသလို စက်ရုံရှိဝန်ထမ်းများနှင့် ဆက်စပ်၍ လျှောက်ထားသူများကိုလည်း CV Form ယူထားပြီး အလုပ်ခေါ်ချိန်ရောက်မှ ခေါ်ယူမှုများလည်းရှိကြောင်း သိရသည်။

"ဒီစက်ရုံမှာ အလုပ်ဝင်ဖို့ဆိုရင် အင်ဂျင်နီယာဘာသာရပ်အပြင် autocad ကိုလည်း တတ်ထားရမယ်။ အင်္ဂလိပ်စာဘာသာရပ်လည်းတတ်ကျွမ်းရမယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**နည်းပညာများလွှဲပြောင်းရယူ**

၁၉ ရာစုက ဂျပန်နိုင်ငံသည် နိုင်ငံရပ်ခြားမှ ကျွမ်းကျင်ပညာရှင်များကို ဖိတ်ခေါ်အလုပ်ခန့်ထားပြီး နည်းပညာများ လွှဲပြောင်းရယူခဲ့သလို နိုင်ငံခြားတိုင်းပြည်များသို့ စေလွှတ်၍ ခေတ်မီနည်းပညာများကို လေ့လာသင်ယူစေခဲ့သည်။ ထို့နောက် ပြည်တွင်း၌ နိုင်ငံခြားကျွမ်းကျင်ပညာရှင်များကို အလုပ်ခန့်ထားမှု တဖြည်းဖြည်းလျှော့ချခဲ့သည်။ ထိုဆောင်ရွက်မှုသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံအတွက် အတုယူစရာနည်းလမ်းတစ်ခုဖြစ်သည်။ ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲမှုများဖြင့် နိုင်ငံတော်ကို ပြန်လည်တည်ဆောက်နေသည့် လက်ရှိကာလတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနှင့်အတူ လိုအပ်သည့် အခြေခံအဆောက်အအုံများဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာအဆင့်မီ နည်းပညာများရရှိရေးအတွက် ယခုလို စက်ရုံတစ်ခုပေါ်ပေါက်လာခြင်းသည် ကောင်းမွန်သည့်ရလဒ်တစ်ခုဖြစ်ပါကြောင်း။



## တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မိုးရွာနိုင်မည့်အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၇**

ကချင်၊ ချင်း၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့်ကယား ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာမည်ဖြစ်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍မိုးကြီးနိုင်သည်။

(မိုး/ဇလ)

## စာတတ်မြောက်ခြင်းသည် လူသားအားလုံးအတွက် ပို၍တည်တံ့ခိုင်မြဲသော အနာဂတ်ကို တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်တစ်ခုဖြစ်

**နှစ်(၅၀)မြောက် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားတွင် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့ (UNESCO)၏ ညွှန်ကြားရေးမှူးချုပ် Ms.Irina Bokova ထံမှ ပေးပို့သောသဝဏ်လွှာ**

**၂၀၁၆ခုနှစ်၊ စက်တင်ဘာလ ၈ ရက်**

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို အမျိုးသား၊ အမျိုးသမီးများနှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး အတွက် စွမ်းအားတစ်စုအဖြစ် နှစ်ပေါင်း(၅၀)နှစ်တိုင် ကျင်းပပြီးဖြစ်ပါသည်။

၁၉၆၆ ခုနှစ်တွင် UNESCO က နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကို စတင်ကြေညာပြီးကတည်းက တိုးတက်မှုများစွာကို တွေ့ရှိရပါသည်။ ကမ္ဘာ့လူဦးရေသည် များစွာသိသိသာသာတိုးပွားလျက်ရှိပါသည်။ သို့သော် စာတတ်မြောက်မှုအရည်အသွေး မရှိဘဲ အရွယ်ရောက်လာသည့် လူငယ် အရေအတွက်မှာ ၁၉၉၀ပြည့်နှစ်မှ ၂၀၁၅ခုနှစ်များအတွင်း ၂၅ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ပါသည်။ အမျိုးသမီးများ၏ စာတတ်မြောက်မှုအခွင့်အရေးများကို မြှင့်တင်ပေးသည့်လှုပ်ရှားမှုများရှိခဲ့ပါသည်။ နိုင်ငံ(၄၃)နိုင်ငံတွင် ကျား/မ တန်းတူရည်တူခံစားခွင့်သည် သိသာစွာတိုးတက်မှုများရှိကြောင်း တွေ့ရပါသည်။ လှုပ်ရှားမှုအားလုံးအတွက် တစ်ကမ္ဘာလုံးပညာရေးသည် ပို၍အပြုသဘောဆောင်သော ပြောင်းလဲမှုသို့ ဦးတည်နေပါသည်။

သို့ရာတွင် ထိုမျှဖြင့်မလုံလောက်သေးပါ။ ရိုးရှင်းသော ဝါကျတစ်ကြောင်းကိုပင် မဖတ်နိုင်၊ မရေးနိုင်သောအရွယ်ရောက်သူဦးရေမှာ ယနေ့ထိ ၇၅၈ သန်းထိရှိနေပါသေးသည်။ ၎င်းတို့အနက် သုံးပုံနှစ်ပုံမှာ အမျိုးသမီးများဖြစ်သည်။ သူတို့သည် ဤကမ္ဘာရွာ (global village)၏ ဘေးတွင်ရှိသော်လည်း globalization ၏ အကျိုးကျေးဇူးများကိုမရရှိဘဲ ဆိုးကျိုးများကိုသာ ခံစားနေရပါသည်။ ၎င်းအမျိုးသား၊ အမျိုးသမီးများသည် ကျန်းမာရေးချို့တဲ့ခြင်း၊ အမြတ်ထုတ်ခံရခြင်း၊ လူ့အခွင့်အရေးအလွဲသုံးစားပြုခံရခြင်းတို့ကို ပိုမိုခုခံနိုင်ခြင်းမရှိကြောင်း တွေ့ရပါသည်။ သူတို့တွင် အလုပ်လက်မဲ့ဖြစ်ခြင်းနှင့် လုပ်ခနည်းနည်းရခြင်း စသည်တို့ဖြစ်နိုင်ဖွယ်အခြေအနေ ပိုများလာပါသည်။ စာမဖတ်တတ်ခြင်း၊ စာမရေးတတ်ခြင်းတို့ကြောင့် သူတို့၏ လုပ်အားစွမ်းရည်ကို အပြည့်အဝမရနိုင်သည့်အခြေအနေသို့ရောက်ရပြီး လူ့အဖွဲ့အစည်း တစ်ခုလုံးသည် အကြမ်းဖက်မှုနှင့် ပဋိပက္ခများဖြစ်ပေါ်စေသည့် အခြေအနေရှိသော၊ ဆင်းရဲခြင်း၏ ကြောက်မက်ဖွယ်ကောင်းသော အဝန်းအဝိုင်းအတွင်း ပိတ်လှောင်ခြင်း ခံထားရသကဲ့သို့ရှိနေပါသည်။ စာမတတ်မြောက်ခြင်းသည် ပစ်ပယ်ခံရခြင်း၊ ဆင်းရဲခြင်းတို့နှင့် ထပ်တူထပ်မျှဆက်လက်တည်ရှိနေပါသည်။ ကျွန်ုပ်တို့သည် ယင်းအခြေအနေကို ပြောင်းလဲရပါမည်။

ထိုပြောင်းလဲခြင်းသည် ၂၀၃၀ပြည့်နှစ်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်သော ဖွံ့ဖြိုးမှု လုပ်ငန်းစဉ်၏ ကတိကဝတ်ပင်ဖြစ်ပါသည်။ ၎င်းလုပ်ငန်းစဉ်သည် ဆက်လက်ဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်မှန်းချက်(၁၇)ခုတွင် တိုးတက်မှု၊ ဆက်လက်တည်ရှိမှုနှင့် ငြိမ်းချမ်းမှုစသည့် တစ်ကမ္ဘာလုံး၏ မျှော်မှန်းချက် အသစ်တစ်ခုကို ဖော်ထုတ်ပြခဲ့သော လုပ်ငန်းစဉ်ဖြစ်ပါသည်။ ၎င်းရည်မှန်းချက်များတွင် **လူတိုင်း လူတိုင်း ဘဝတစ်သက်တာ သင်ယူမှုအခွင့်အရေးမြှင့်တင်ရန်နှင့် အရည်အသွေးရှိသော ပညာရေးကို လူတိုင်းတန်းတူညီမျှရရှိစေရန်**ဟူသော သီးခြားရည်ရွယ်ချက်တစ်ခုပါဝင်ပါသည်။ တစ်ယောက်မကျန်အားလုံး စာတတ်မြောက်သည်အထိ အောင်မြင်စေရေးသည် မရှိမဖြစ်အရေးကြီးသော ကိစ္စဖြစ်ပါသည်။ လူ့အခွင့်အရေးနှင့် သိက္ခာအတွက် အခြေခံဖြစ်သည့် စာတတ်မြောက်ရေးသည် ဆင်းရဲမွဲတေမှုပပျောက်ရေး၊ ကျား/မ တန်းတူရည်တူခံစားခွင့်၊ ပိုမိုပါဝင်နိုင်သော ပိုမိုဆက်လက်တည်တံ့နိုင်သော လူ့အဖွဲ့အစည်းများအတွက် အရေးပါ ပါသည်။ ထို့ကြောင့် စာတတ်မြောက်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းခြင်း(Global Alliance for Literacy)ကို ယနေ့ ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ စာတတ်မြောက်ရေး ရင်းနှီးမြှုပ်နှံမှုများကို ရွေ့ပြောင်းနိုင်ရန်၊ တီထွင်ဆန်းသစ်သောဦးဆောင်မှုကို မြှင့်တင်ရန်အတွက် ပြုလုပ်ရခြင်းဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာ၌ ကျား/မ တန်းတူညီမျှမှုနှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာအသစ်များပေါ်တွင် မူတည်နေပါသည်။ ကျွန်ုပ်တို့သည် အခွင့်အရေးတိုင်းကို အမိအရယူရပါမည်။ ကဏ္ဍအားလုံးတွင် တစ်ယောက်မကျန်ပါဝင်ဆောင်ရွက်ရပါမည်။

(၁၉၆၆)ခုနှစ်မှစ၍ ကမ္ဘာကြီးသည် ပြောင်းလဲလျက်ရှိပါသည်။ သို့ရာတွင် အမျိုးသား၊ အမျိုးသမီးတိုင်းအား ၎င်းတို့၏ ဆန္ဒအရ သိက္ခာနှင့် လေးစားမှုတို့တွင် အရာရာတိုင်းကို ဖြစ်ပေါ်လာစေရန်အတွက် ၎င်းတို့၏ စွမ်းရည်၊ အရည်အသွေး၊ အခွင့်အရေးများကို ထောက်ပံ့ပေးရမည့် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်သည် ထာဝရခိုင်မြဲစွာ ဆက်လက်တည်ရှိမည်ဖြစ်ပါသည်။ စာတတ်မြောက်ခြင်းသည် လူသားအားလုံးအတွက် ပို၍တည်တံ့ခိုင်မြဲသော အနာဂတ်ကို တည်ဆောက်ရာတွင် အခြေခံအုတ်မြစ်တစ်ခုဖြစ်ပါသည်။ ။

# အိုဘားမားနှင့်ပတ်ဂွန်ဟေး တက်ဒ်စနစ်ဖြန့်ကြက်ရန်ဆွေးနွေး

**ဗီယန်ကျင်း စက်တင်ဘာ ၇**

အမေရိကန်သမ္မတဘားရက်အိုဘားမားနှင့် တောင်ကိုရီးယားသမ္မတပတ်ဂွန်ဟေးတို့သည် တောင်ကိုရီးယားတွင် အဆင့်မြင့်ဒုံးကာကွယ်ရေးစနစ်တခု ဖြန့်ကြက်ချထားရန်အတွက် ဆွေးနွေးခဲ့ ကြသည်။

နှစ်နိုင်ငံ ခေါင်းဆောင်များသည် လာအိုနိုင်ငံဗီယန်ကျင်းမြို့တွင်ကျင်းပနေသော အာဆီယံအစည်းအဝေး၏ သီးခြားအစည်းအဝေးတွင်စက်တင်ဘာ ၆ ရက်က တစ်နာရီခန့် တွေ့ဆုံခဲ့ကြသည်။

ဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် အိုဘားမားက မြောက်ကိုရီးယား၏ဒုံးကျည် ထပ်တလဲလဲစမ်းသပ်နေမှုကို ရှုတ်ချကြောင်း ပြောကြားခဲ့သည်။ မြောက်ကိုရီးယားသည် ၎င်း၏ အနောက်ဘက်ကမ်းရိုးတန်းမှ တနင်္လာနေ့က ဒုံးကျည်သုံးစင်း ထပ်မံပစ်လွှတ်စမ်းသပ်ခဲ့သည်။

မြောက်ကိုရီးယား၏ နျူကလီးယားနှင့် ဒုံးလက်နက်အစီအစဉ်များသည် တောင်ကိုရီးယား၊ ဂျပန်နှင့်အမေရိကန် မဟာမိတ်နိုင်ငံများကိုခြိမ်းခြောက်နေရုံသာမက အမေရိကန် ပြည်ထောင်စုကိုလည်း ခြိမ်းခြောက်လျက်ရှိသည်ဟု အိုဘားမားကပြောကြားခဲ့သည်။




မြောက်ကိုရီးယားကို ဆန့်ကျင်သည့် အရေးယူမှုများနှင့် ဒုံးကာကွယ်ရေးစနစ် (တက်ဒ်) ကိုတပ်ဆင်မှုပြုရန်ဆွေးနွေးခြင်းသည် မြောက်ကိုရီးယား၏ခြိမ်းခြောက်မှုအန္တရာယ်ကို ကာကွယ်မှု ပြုခြင်းဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် တားမြစ်ပိတ်ဆို့နေမှုကို ဂရုမစိုက်ဘဲ ဒုံးကျည်စမ်းသပ် ပစ်လွှတ်ခြင်းများကို ဆက်လက်ပြုလုပ်နေခြင်းသည် ၎င်းကိုယ်၎င်းဖျက်ဆီးနေခြင်းပင်ဖြစ် ကြောင်း ပတ်က ပြောကြားခဲ့သည်။

ထို့ပြင်၎င်းက တောင်ကိုရီးယားနှင့် အမေရိကန်တို့သည် တရုတ်နှင့်တိုင်ပင်ဆွေးနွေးမှုများပြုလုပ်ပြီး မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်ကို ရပ်တန့်ရန် ကြိုးစားသွားမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားခဲ့သည်။

တောင်ကိုရီးယားတွင် လုပ်ဆောင်ချက်မြင့်မားသော ရေဒါပါဝင်သည့် တက်ဒ်စနစ် ဖြန့်ကြက်မှုပြုလုပ်ခြင်းဖြင့် တရုတ်စစ်တပ်အား ထောက်လှမ်းမည်ကို တရုတ်တို့က စိုးရိမ်မကင်းဖြစ်နေကြောင်း သိရသည်။ **(အင်န်အိတ်ချ်ကေ)**

# ဖိလစ်ပိုင်နှင့် အမေရိကန်ဆက်ဆံရေး လေးစားမှုလိုအပ်ကြောင်း ကလင်တန်ပြော

**ဝါရှင်တန် စက်တင်ဘာ ၇**

ဖိလစ်ပိုင်နိုင်ငံခေါင်းဆောင်သစ်က သမ္မတအိုဘားမားအား ရုန့်ရင်းသော စကားလုံးများဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့ပြီးနောက် ဒီမိုကရက်တစ် သမ္မတလောင်း ဟီလာရီကလင်တန်က ဖိလစ်ပိုင်နိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးအတွက် လေးစားမှုကိုအခြေခံရန်လိုအပ်ကြောင်း စက်တင်ဘာ ၆ ရက်က ပြောကြားခဲ့သည်။

ဒူတက်တေး၏ တုံ့ပြန်မှုကို အမေရိကန်နိုင်ငံအနေဖြင့် အကြီးအကျယ်စိတ်ပျက်သော်လည်း အာရှတွင် တောင်တရုတ်ပင်လယ်အရေး တင်းမာမှုမြင့်တက်လာချိန်တွင် နှစ်နိုင်ငံဆက်ဆံရေးကို မထိခိုက်စေချင်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီးဖြစ်ခဲ့ရုံသာမက အိုဘားမား၏ မူဝါဒကို ထုဆစ်ဖော်ဆောင်နေသူ ကလင်တန်က တောင်တရုတ်ပင်လယ် တင်းမာမှုမြင့်တက်နေချိန်တွင် အာရှပစိဖိတ်ဒေသသည် အမေရိကန်အကျိုးစီးပွားအတွက် အရေးကြီးကြောင်း၊ ထို့ကြောင့် လတ်တလောတွင် ဖိလစ်ပိုင်သမ္မတ ဒူတက်တေးနှင့် တွေ့ဆုံမှုကိုဖျက်သိမ်းလိုက်ခြင်းသည် မှန်ကန်သော လုပ်ရပ်ဖြစ်ကြောင်း ကလင်တန်ကပြောကြားခဲ့သည်။

အမေရိကန် ပြည်ထောင်စုနှင့် ဖိလစ်ပိုင်နိုင်ငံတို့သည် နှစ်နိုင်ငံဆက်သွယ်မှုများစွာရှိခဲ့ကြောင်း၊ နှစ်နိုင်ငံကြား ရင်းနှီးဆက်ဆံမှုသည် အရေးကြီးသည်ဟု ထင်မြင်မိကြောင်း၊ သို့သော်လည်း အတိုင်းအတာတစ်ခုအထိ လေးစားမှုရှိသင့်ကြောင်း ကလင်တန်က ဆက်လက်ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# အီရတ်မြို့တော်ရှိ ပိတ်ဆို့ခံ လူပေါင်း ၃၀၀၀၀ အတွက် ကုလသမဂ္ဂက အစားအစာများဖြန့်ဝေ

**ဂျီနီဗာ စက်တင်ဘာ ၇**

ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) က လွန်ခဲ့သောနှစ်နှစ်ကတည်းက ပိတ်ဆို့ခံထားရသော အီရတ်မြောက်ပိုင်းမြို့တော် ကွေယာရာ ရှိ လူပေါင်း ၃၀၀၀၀ ကျော်အတွက် အစားအစာများဖြန့်ဝေခဲ့ကြောင်း ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

အစားအသောက်များကို ပိတ်မိနေသောမြို့ရှိ လူဦးရေအားလုံးအတွက် လုံလောက်စွာ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း စတီဖင်ဒူဂျာရစ်က ပြောကြားခဲ့သည်။ ယင်းမြို့ရှိ ပြည်သူများမှာ နှစ်နှစ်ကျော်ကြာ ပိတ်ဆို့မှုဒဏ်ခံစားခဲ့ရသည့်အတွက် အလွန်အမင်းဆာလောင်ငတ်မွတ်သည့်ဒဏ်ကို ခံစားနေရကြောင်း၊ ၎င်းပြည်သူများထံသို့ အစားအသောက် ထောက်ပံ့မှုပြုလုပ်ခြင်းသည် အပြုသဘောလုပ်ဆောင်မှုပင်ဖြစ်ကြောင်း အီရတ်နိုင်ငံဆိုင်ရာ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ်ညွှန်ကြားရေးမှူး ဆယ်ယီပေးဒ့ေါခ်က ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း မြေပြိုမှုဖြစ် တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**ဂျကာတာ စက်တင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်းရှိအနောက်ဂျားဗား၌ စက်တင်ဘာ ၇ ရက်တွင် မြေပြိုမှုများဖြစ်ပွားခဲ့ပြီးနောက် လူတစ်ဦးသေဆုံးခဲ့ကာ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားသဘာဝဘေးဒုက္ခ စီမံခန့်ခွဲရေးအေဂျင်စီက ပြောကြားခဲ့သည်။ အဆိုပါ မြေပြိုမှုသည် ဘိုဂါပြည်နယ် စီဘိုကာရွာတွင် မိုးသည်းထန်စွာရွာသွန်း ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရဒုက္ခသည်များကို နီးစပ်ရာဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း အမျိုးသားသဘာဝဘေးဒုက္ခ စီမံခန့်ခွဲရေး အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုနူဂရိုဟိုက ဆင်ဟွာသို့ဖုန်းဖြင့် ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံသည် မိုးရာသီတွင် ရေကြီးမှုနှင့် မြေပြိုမှုများ မကြာခဏဖြစ်ပေါ်လေ့ရှိသည်။

**(ဆင်ဟွာ)**

# အရှေ့တောင်အာရှနိုင်ငံအချို့တွင် ဇီကာပိုင်းရပ်စ်ဖြစ်ပွားမှုများရှိနေ

**ပေကျင်း စက်တင်ဘာ ၇**

အရှေ့တောင်အာရှနိုင်ငံအချို့တွင် ပျံ့နှံ့နေသော ဇီကာဗိုင်းရပ်စ်နှင့်ပတ်သက်ပြီး နိုင်ငံခြားသားခရီးသွားများအား ယင်းဗိုင်းရပ်စ်အန္တရာယ်မှသတိထားရန် တရုတ် အာဏာပိုင်များက စက်တင်ဘာ ၇ ရက်က ကြေညာချက်တစ်စောင်ထုတ်ပြန်ခဲ့သည်။ ရောဂါကူးစက်ပျံ့နှံ့မှု စောင့်ကြည့်စစ်ဆေးရေး အထွေထွေအုပ်ချုပ်ရေးဌာနက ရောဂါကူးစက်သည့်နိုင်ငံများမှ ခရီးသွားများအား ဇီကာဗိုင်းရပ်စ်ရောဂါပိုးကို ပိုမိုသတိထားရန်နှင့် ခြင်ကိုက်မခံရန် သတိပေးထားသည်။

ရောဂါဖြစ်ပွားနေသည့်နိုင်ငံမှ လာရောက်သူများအနေဖြင့် တရုတ်နိုင်ငံသို့ လာရောက်သည့်အခါ အကယ်၍ ၎င်းတို့သည် ဇီကာဗိုင်းရပ်စ်လက္ခဏာများဖြစ်သည့် အဖျားဖြစ်ခြင်း၊ အရိုးအဆစ်များနာကျင်ခြင်း၊ အနီရောင်အဖုအပိမ့်ထွက်ခြင်း၊ ခေါင်းကိုက်ခြင်းနှင့် ကြွက်သားများနာကျင်ခြင်း စသည့်တို့ ခံစားနေရပါက ၎င်းတို့ ကိုယ်တိုင်ရောဂါကူးစက်သံသယရှိသူအဖြစ် ဖော်ပြရမည်ဖြစ်ကြောင်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့ကပြောခဲ့သည်။



ရောဂါကူးစက်ပျံ့နှံ့မှုစောင့်ကြည့်စစ်ဆေးရေးဌာနက နိုင်ငံတစ်ဝန်း အဆိုပါကိစ္စတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုက်သည်။

အေဒီးစ်ခြင်မျိုးစိတ်ကိုက်ခံရပါက ဇီကာဗိုင်းရပ်စ်ဖြစ်ပွားနိုင်ကြောင်း ဖော်ပြခဲ့ပြီး စက်တင်ဘာ ၆ ရက်အထိ စင်ကာပူတွင် ဇီကာဗိုင်းရပ်စ်ဖြစ်ပွားမှု တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ၂၇၅ ခုထိ ဖြစ်ပွားခဲ့သည်။

ထို့ပြင် အခြားအရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင်လည်း ဇီကာဗိုင်းရပ်စ်များ ဖြစ်ပွားနေကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အာဆီယံခေါင်းဆောင်များ တောင်တရုတ်ပင်လယ်အငြင်းပွားမှုကို နိုင်ငံတကာဥပဒေနှင့်အညီ ဖြေရှင်းရန်သဘောတူ

**ဗီယန်ကျင်း စက်တင်ဘာ ၇**

အာဆီယံအဖွဲ့ဝင်နိုင်ငံခေါင်းဆောင်များသည် တောင်တရုတ်ပင်လယ် အငြင်းပွားမှုကို နိုင်ငံတကာဥပဒေနှင့်အညီ ဖြေရှင်းရန် သဘောတူခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အာဆီယံအစည်းအဝေးများကို လာအိုနိုင်ငံ ဗီယန်ကျင်းမြို့၌ အင်္ဂါနေ့ကတည်းက ကျင်းပခဲ့ကြောင်းသိရသည်။ တရုတ်သည် တောင်တရုတ်ပင်လယ်တွင် အငြင်းပွားကျွန်းတွင် ကျွန်းတုများတည်ဆောက်ပြီး ၎င်း၏အင်အား ချဲ့ထွင်နေသောကြောင့် အင်္ဂါနေ့က အာဆီယံအဖွဲ့ဝင် နိုင်ငံခေါင်းဆောင်များသည် တောင်တရုတ်ပင်လယ်အရေးကိစ္စကို ဆွေးနွေးရန် တွေ့ဆုံခဲ့ကြခြင်းဖြစ်သည်။ သမ္မတဂျိုကိုဝီဒိုဒိုက တောင်တရုတ်ပင်လယ်ဒေသအရေး တည်ငြိမ်မှု ပျက်ပြားနိုင်သည့်ခြိမ်းခြောက်မှု အန္တရာယ်များကို သတိထားရမည်ဟု ပြောကြားခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ရက်နိုမာဆူဒီက အင်္ဂါနေ့ညတွင် သတင်းထောက်များကို ပြောခဲ့သည်။

ထို့ပြင်၎င်းက အာဆီယံခေါင်းဆောင်များ ပေါင်းစုအင်အားဖြင့် တောင်တရုတ်ပင်လယ်အရေးကို ဝိုင်းဝန်းကာကွယ်အဖြေရှာရန် တိုက်တွန်းပြောကြားခဲ့သည်။ အာဆီယံခေါင်းဆောင်များသည် တောင်တရုတ်ပင်လယ်အရေးကိစ္စကို စက်တင်ဘာ ၇ ရက်အထိ ဆက်လက်ဆွေးနွေးမည်ဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**



# စာမတတ်သူ၊ စာမဖတ်သူနှင့် စာငတ်သူများ

## မောင်မြကျော်

**စာမတတ်သူ တို့ဝိုင်းကူ**

မြန်မာနိုင်ငံတွင် စာမတတ်သူဦးရေနည်းပါးသည်ဟု ဆိုနိုင်ပါသည်။ အင်္ဂလိပ်လက်အောက် ကျွန်သပေါက်မဖြစ်ခင် ၁၈၆၆ ခုနှစ်ဝန်းကျင် ကာလတွင်မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုမှာ ၈၅ ရာခိုင်နှုန်းခန့်ရှိခဲ့ပါသည်။ သို့သော်အင်္ဂလိပ်ကိုလိုနီခေတ်တွင်မူ စာတတ်မြောက်မှုမှာ ၃၅ ရာခိုင်နှုန်းအထိကျဆင်းသွားသည်ကို တွေ့ရှိရပါသည်။

ကိုလိုနီခေတ်၏ စာမတတ်သူတိုးပွားလာမှုဆိုးမွေကို ကုစားနိုင်ရန်အတွက်စာတတ်မြောက်ရေးလှုပ်ရှားမှုကို ၁၉၆၄ ခုနှစ်တွင် မိတ္ထီလာခရိုင် အရှေ့စုံပြကျေးရွာမှစတင်ခဲ့ပါသည်။ ၁၉၆၄ ခုနှစ်မှစတင်ခဲ့သော အဆိုပါစာတတ်မြောက်ရေးလှုပ်ရှားဆောင်ရွက်မှုသည် ၂၀၁၄ ခုနှစ်တွင်အနှစ် (၅၀) ပြည့်ရွှေရတုတိုင်ခဲ့ပါပြီ။

မြန်မာနိုင်ငံစာတတ်မြောက်ရေးလှုပ်ရှားမှုသည် ၁၉၇၁ ခုနှစ်တွင်မိုဟာမက်ရီဇာဖာလာဗီဆုဖြင့်လည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် နိုမာဆုဖြင့်လည်းကောင်း ကမ္ဘာ့အသိအမှတ်ပြု အောင်မြင်မှုမှတ်တိုင်များအဖြစ် စိုက်ထူနိုင်ခဲ့ပါသည်။ ထိုကာလကိုမြန်မာနိုင်ငံ၏ ဘယ်သူပြိုင်လို့ လုပါတော့နိုင်ခေတ်ဟု ဆိုနိုင်ပါသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ၁၆ နှစ်ကာလသည်လူထုပညာရေးကိုဆောင်ရွက်သည့် လူထုပညာရေးခေတ်ဟု ဆိုနိုင်ပါသည်။ ၁၉၄၈ ခုနှစ်မှာပင်လူထုဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အသုံးလုံးဆိုသည့် စကားရပ်လည်း ထိုဥပဒေ၌ စတင်ပါဝင်လာခဲ့ခြင်းဖြစ်ပါသည်။ ထိုကာလ၌ စာတတ်မြောက်မှုမှာ ၅၇ ရာခိုင်နှုန်းရှိလာသည်ကို တွေ့ရှိရသည်။

စဉ်ဆက်မပြတ်ဆောင်ရွက်လာသော မြန်မာနိုင်ငံ၏စာတတ်မြောက်ရေးလုပ်ငန်းသည် ၁၉၉၀ ပြည့်နှစ်နောက်ပိုင်းကာလတွင် ကျောင်းပြင်ပ ပညာရေးစီမံကိန်းအဖြစ် စာမတတ်သူများကို ကောက်သင်းကောက် သင်ကြားပို့ချလျက်ရှိပါသည်။

၂၀၁၃ ခုနှစ်ကစတင်ခဲ့သည့် လက်တွေ့ကျသောပညာရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်၌ လုပ်ငန်းအဖွဲ့ (၁၈)ခုကို ဖွဲ့စည်းဆောင်ရွက်ခဲ့ရာတွင် ကျောင်းပြင်ပပညာရေးလုပ်ငန်းအဖွဲ့လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဤအဖွဲ့၏လုပ်ငန်းတာဝန်မှာ ကျောင်းပြင်ပ ပညာရေးလုပ်ငန်းစဉ်နှင့် စဉ်ဆက်မပြတ်ပညာရေးလုပ်ငန်းစဉ်ဖြစ်ပြီး အသက် ၁၅ နှစ်နှင့်အထက် ကျောင်းနေအရွယ်လွန်သူများအတွက် အခြေခံစာတတ်မြောက်ရေးဖြစ်ပါသည်။ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ၂၀၁၃ ခုနှစ်တွင်ပြန်လည်စတင်လုပ်ဆောင်လျက်ရှိပါသည်။

တစ်ကမ္ဘာလုံးတွင်လူဦးရေ သန်း ၇၀၀၀ ကျော်ရှိသည့်အနက်မူလတန်းအရွယ်ကလေးငယ်သန်း ၆၀ ခန့်၊ အလယ်တန်းနှင့် အထက်တန်း အရွယ်သန်း ၇၀ ခန့်တို့မှာကျောင်းနေရန် အခွင့်အလမ်းမရကြသူများ၊ ကျောင်းပြင်ပသို့ရောက်ရှိနေသူများဖြစ်ကြသည်။ ကျောင်းပြင်ပရောက် မူလတန်းအရွယ်ကလေးငယ် သန်း ၆၀ ခန့်တွင် ထက်ဝက်ခန့်ဖြစ်သော သန်း ၃၀ မှာ စာသင်ကျောင်းသို့လုံးဝရောက်မလာကြသူများဖြစ်ပါသည်။ ကမ္ဘာ့လူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်ဖြစ်သည့် အရွယ်ရောက်ပြီးသူ ၇၇၄ သန်းမှာလည်း စာမတတ်သူများဖြစ်ကြပါသည်။

စာသင်ကျောင်းသို့ လုံးဝရောက်မလာကြသူများသည် နောင်တစ်ချိန်တွင် စာမတတ်သူများဖြစ်လာပေဦးမည်။ ထို့ကြောင့် စာမတတ်သူလုံးဝပပျောက်ရေးမှာ ကျောင်းနေအရွယ်ကလေးများအားလုံး စာသင်ကျောင်းသို့ ရောက်ရှိရေးပင် ဖြစ်ပါသည်။ ကျောင်းသို့ရောက်ရုံရောက်ပြီး တစ်ဝက်တစ်ပျက်နှင့် ကျောင်းမထွက်ရေးမှာလည်း အရေးကြီးလှပါသည်။ ကျောင်းပြင်ပသို့ရောက်ရှိခြင်းသည် စာမတတ်သူများကို မွေးထုတ်ပေးနေခြင်းဟု ပြောနိုင်ပါသည်။

ကျောင်းနေအရွယ်များ ကျောင်းပြင်ပသို့ရောက်ရှိရခြင်း၏ အဓိကအကြောင်းရင်းမှာ ဆင်းရဲမွဲတေမှု (Poverty)ပင်ဖြစ်ပါသည်။ ဆင်းရဲ၍ စာမတတ်၊ စာမတတ်၍ မသိနားမလည်မှု (Ignorance)ဖြစ်ရ၊ မသိနားမလည်၍ တစ်ဖန်ဆင်းရဲရသဖြင့် ဆင်းရဲခြင်း အဆိုးသံသရာ၌ ကျင်လည်လျက်ရှိရတော့သည်။ အဆိုးသံသရာကိုရပ်တန့်စေရန်မှာ မသိနားမလည်မှု(စာမတတ်ခြင်း)ကို ဦးစွာဖြတ်နိုင်မှုဖြစ်ပါမည်။

**စာမဖတ်သူ တို့ဖြူစူ**

စာမတတ်သူကို စာတတ်အောင်လုပ်ရသည့်လုပ်ငန်းမှာ ပြည်သူတစ်ရပ်လုံးအုံနှင့်ကျင်းနှင့်ဆိုသလို ပါဝင်ဆောင်ရွက်ခဲ့သောကြောင့် ကမ္ဘာ့အလယ်မှာ မြန်မာရယ်လို့ ဂုဏ်ယူဝင့်ကြွားစွာ အောင်မြင်မှုမှတ်တိုင်များ စိုက်ထူနိုင်ခဲ့ပါသည်။ လူထုလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နိုင်ခဲ့၍ သက်ဝင်လှုပ်ရှားမှုရှိသည်။ ထင်သာမြင်သာရှိသည်။ စာတတ်မြောက်မှုအခြေအနေကို ကိန်းဂဏန်းအချက်အလက်များဖြင့် ဖော်ပြ၍ရသည်။ တစ်နည်းပြောရလျှင် စာတတ်မြောက်ရေးလုပ်ငန်းသည် ထုထည်ပမာဏကြီးမားကျယ်ပြန့်သော်လည်း လုပ်ရကိုင်ရမခက်ဟု ပြောနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် စာမတတ်သူကို စာတတ်သူများက စေတနာဖြင့် လိုလိုလားလားဝိုင်းကူကြသောကြောင့် ဖြစ်ပါသည်။ စာမတတ်သူများသည် အနိမ့်ဆုံးအဆင့် အရေး၊ အဖတ်၊ အတွက်အခြေခံလောက်တော့တတ်သွားကြပါသည်။

သို့သော်စာတတ်သွားကြပြီးနောက်ပိုင်းတွင် စာဖတ်ဖို့ကိစ္စကမူ အပြောလွယ်သလောက်အလုပ်မလွယ်ဟုဆိုနိုင်ပါသည်။ စာမတတ်ခဲ့သူများသည် စာတတ်အောင်သာ ကြိုးစားအားထုတ်နိုင်ခဲ့ကြသော်လည်း စာတတ်ပြီးနောက်ပိုင်း စာဖတ်ဖို့ကျတော့ အားကုန်သွားသလိုဖြစ်သွားကြပါသည်။ ပို၍ဆိုးသည်မှာ မူလကစာတတ်မြောက်ပြီး သူများ၊ စာတတ်၊ ပညာတတ်ဆိုသူများ စာမဖတ်ကြခြင်းဖြစ်ပါသည်။ အဆိုပါစာတတ်သူများသည် မိမိကိုယ်တိုင်က မိမိအသိဖြင့် စာမဖတ်ပါက မည်သူမှပြုပြင်၍ ရနိုင်မည်မဟုတ်ပါ။

ဤသည်မှာ တစ်ဦးချင်းစီ၏ ဘဝရပ်တည်မှုစရိုက်ဓလေ့နှင့်လည်း သက်ဆိုင်ပါသည်။ စားဝတ်နေရေးခက်ခဲကျပ်တည်းမှုကြောင့် စာမဖတ်နိုင်ဖြစ်တတ်ပါသည်။ သို့သော်စာဖတ်သည့်အလေ့အကျင့်ရှိသူများသည် မည်သည့်အခြေအနေတွင်မဆို စာဖတ်နေလေ့ရှိပါသည်။

အထူးသဖြင့်စာအုပ်စာပေကြားထဲ အလုပ်လုပ်နေကြသောဆရာများ စာဖတ်သည့်အလေ့အကျင့်ရှိသင့်ပါသည်။ မအား၍စာမဖတ်နိုင်ဟု အကြောင်းမပြသင့်ပါ။ မည်သို့ပင်မအားစေကာမူ တစ်နေ့နာရီဝက်တစ်နာရီလောက်တော့ အပြင်စာများဖတ်ဖို့ အချိန်ပေးသင့်ပါသည်။ ယခုအခါ စာဖတ်ဖို့စာအုပ်စာပေသိပ်မရှားလှပါ။ မိမိပတ်ဝန်းကျင်တွင် စာနယ်ဇင်းမျိုးစုံအဟောင်းအသစ်ပေါလှပါသည်။ ၎င်းအပြင် ဆင်းရဲချမ်းသာမရွေးဖုန်းတစ်လုံးတော့ ကိုင်နိုင်ကြသောကြောင့် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ယင်းဖုန်းဖြင့် ချိတ်ဆက်လေ့လာနိုင်ပါသည်။ ဖုန်းကိုတလွဲမသုံးကြဖို့သာလိုအပ်ပါသည်။

စာဖတ်ပါဆိုခြင်းသည် စာကြည့်တိုက်သို့သွား၍ အချိန်ကုန်ထိုင်ဖတ်နေမှမဟုတ်ပါ။ မိမိဖတ်လိုသောစာအုပ်စာတမ်းကို အလုပ်လုပ်ရင်း အားအားသလို၊ နားနားသလိုဖတ်၍လည်းရနိုင်ပါသည်။ လွယ်အိတ်စာကြည့်တိုက်သဘောမျိုးဖြင့် မိမိသွားရာသို့ ယူဆောင်သွားနိုင်ပါသည်။ စာဖတ်ချင်စိတ်ရှိဖို့သာ အဓိကဖြစ်ပါသည်။ လူတို့သည်ဘဝတစ်သက်သာ လေ့လာသင်ယူနေရမည်ဖြစ်ပါသည်။ ယခုအခါ အီးဘုတ်များဖြင့်ဝန်ဆောင်မှုပေးသည့်အီးစာကြည့်တိုက်(e-library system)ရှိသည်။ သတင်းအချက်အလက်များကို ပြန်လည်အသုံးချဝန်ဆောင်မှုပေးသည့်စနစ် (Information retrival system)လည်းရှိပါသည်။

ဗြိတိန်နိုင်ငံစကော့တလန်တွင် ကလေးများငယ်စဉ်ကတည်းက စာဖတ်ကျင့်ရရှိစေရေးအတွက် ကလေးမွေးကတည်းက မွေးစာရင်းနှင့်အတူ စာကြည့်တိုက်အသင်းဝင် ကတ်ပြားတစ်ပါတည်း ထုတ်ပေးသည့်အစီအစဉ်မှာစိတ်ဝင်စားစရာသတင်းတစ်ပုဒ် ဖြစ်ပါသည်။

**စာပေငတ်သူ တို့ဆွဲထူ**

စာမတတ်သူကို စာတတ်အောင်တစ်နိုင်ငံလုံးပြည်သူများက ဝိုင်းကူခဲ့ကြပါပြီ။ စာမဖတ်သူများကိုလည်း စာဖတ်အောင် ဖြူစူပြစ်တင်အသိဝင်အောင် စည်းရုံးနှိုးဆော်လျက်ရှိပါသည်။ စာပေနှင့်ဝေးနေသော၊ စာမသင်ရသော စာငတ်သူများကိုလည်း ကူနိုင်၊ ထူနိုင်အောင် ကူမှုရ၊ ထူမှုထနိုင်မည့် ကလေးလူငယ်များအရေးလည်းရှိပါသေးသည်။ ဤတာဝန်မှာ ပို၍အရေးကြီးသည်ဟု ဆိုနိုင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျောင်းနေရမည့်ကလေးလူငယ်များ အဆက်မပြတ်ကျောင်းပြင်ပသို့ စီးဆင်း မျောပါလျက်ရှိနေသောကြောင့် ဖြစ်ပါသည်။ ကလေးလူငယ်များ ကျောင်းပေါ်ရောက်ရမည့်အစား လမ်းပေါ်ရောက်နေခြင်းသည် နိုင်ငံတော်အတွက် ကြီးမားသော စိန်ခေါ်မှု (အန္တရာယ်)တစ်ခုဖြစ်ပါသည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ နိုင်ငံ၏လူဦးရေ ၅၁ ဒသမ ၄၉ သန်းတွင် အသက် ၅-၁၆ နှစ်အရွယ်ကလေးလူငယ်ပေါင်း ၂ ဒသမ ၇ သန်းမှာ ကျောင်းပြင်ပသို့ရောက်ရှိနေကြောင်း၊ ၁၅ နှစ်အထက် လူကြီးပိုင်းအရွယ် ၃ ဒသမ ၅ သန်းမှာ စာမတတ်သူများဖြစ်ကြောင်း သိရှိရပါသည်။ ကလေးလူငယ်များကျောင်းနှင့်အဆက်ပြတ်လျှင် ရာဇဝတ်မှုများ(ထောင်)နှင့် အဆက်ရသွားနိုင်ပါသည်။ လူကြီးများစာမတတ်ခြင်းသည်လည်း မသိနားမလည်မှု၊ ဆင်းရဲမွဲတေမှုတို့နှင့်ပေါင်းဖက်သွားနိုင်ပါသည်။

မြန်မာနိုင်ငံသည် ကျောင်းပြင်ပရောက်ရှိမှု၊ စာမတတ်မြောက်မှုနှင့်ဆင်းရဲမွဲတေမှုတို့ဖြင့် တစ်ခုနှင့်တစ်ခုအဖော်ပြုအပေးအယူမျှ၍ စည်းချက်ညီ စီးဆင်းလည်ပတ်လျက်ရှိနေသည်။ ဤအဆိုးသံသရာစက်ဝိုင်းထဲမှ ရုန်းထွက်နိုင်ရန်အတွက် မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာန (MLRC) သည် ပညာရေးဝန်ကြီးဌာန (MOE)၊ ယူနီဆက်၊ ယူနက်စကိုအပါအဝင်အဖွဲ့အစည်း၊ အလှူရှင်၊ စေတနာရှင်များနှင့်ပူးပေါင်းလျက် ကျောင်းပြင်ပ ပညာရေး (NFE) အစီအစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းပြင်ပ ပညာရေးအစီအစဉ်တွင် ကျောင်းပြင်ပမူလတန်းပညာရေး (NFPE) ကို ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှစတင်၍ ငါးမြို့နယ်ဖြင့် ဆောင်ရွက်ခဲ့ရာ ယခု ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ရှစ်နှစ်တာကာလတွင် ၁၀၅ မြို့နယ်အထိ တိုးချဲ့ဆောင်ရွက်လျက်ရှိပါသည်။ ကျောင်းပြင်ပမူလတန်းပညာရေးတွင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ရှိနေကြသည့် မူလတန်းပညာရေးမပြီးဆုံးသေးသူနှင့် ကျောင်းလုံးဝမနေဖူးသူ အသက် ၁၀-၁၄ အရွယ်ကလေးများ တက်ရောက်နိုင်ပါသည်။ ဤအစီအစဉ်သည် ငါးနှစ်သင် မူလတန်း ပညာရေးကိုနှစ်နှစ်ဖြင့် သင်ယူပြီးမြောက်နိုင်သည့် တန်းညှိအစီအစဉ် (Equivalency Programme) ဖြစ်ပါသည်။

၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှစတင်၍ ကျောင်းပြင်ပအလယ်တန်းပညာရေး (NFME) ကို ခြောက်မြို့နယ်၌ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ဤပညာရေးအစီအစဉ်သည် အလယ်တန်းအဆင့်ပညာရေးမပြီးဘဲ ကျောင်းထွက်သူအသက် ၁၃ နှစ်နှင့်အထက် လူငယ်များနှင့် ကျောင်းပြင်ပမူလတန်းပညာရေးပြီးမြောက်သူများတက်ရောက်နိုင်ပါသည်။ အလယ်တန်းပညာရေး လေးနှစ်ကို ဤအစီအစဉ်အရ သုံးနှစ်ဖြင့် ပြီးမြောက်နိုင်ပါသည်။

ကျောင်းပြင်ပ ပညာရေးအစီအစဉ်တွင် ဘုန်းတော်ကြီးသင်ပညာရေး၊ သီလရှင်သင်ပညာရေးနှင့်ပုဂ္ဂလိကစေတနာရှင်များက ဆောင်ရွက်မည့်ပညာရေးများလည်း အကျုံးဝင်ပါသည်။ ကျောင်းပြင်ပ ပညာရေးသည် အကြောင်းအရာအခြေပြု (Content-based) သင်ရိုးထက် ကျွမ်းကျင်မှုအခြေပြု (Skill-based) သင်ရိုးဖြစ်ပါသည်။ အထူးသဖြင့် ကျောင်းပြင်ပရောက် မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသားများသည် အသက်မွေးဝမ်းကျောင်းပညာရေးတစ်ခုခုကို တတ်မြောက်သွားဖို့လိုအပ်ပါသည်။ ကျောင်းစာထက်ဝမ်းစာကို အထောက်အကူပြုသော ပညာရေးမျိုးဖြစ်သင့်ပါသည်။

ထို့ကြောင့် စာတတ်မြောက်ရေးသည် သက်မွေးပညာရပ်တစ်ခုခု တတ်မြောက်ရေးနှင့်ချိတ်ဆက်မှုရှိဖို့လိုအပ်ပါသည်။ စာတတ်မြောက်ရေး လှုပ်ရှားဆောင်ရွက်မှုသည် ကျောင်းနေအရွယ်ကလေးများ ကျောင်းနှင့်ဝေးနေသမျှ အစဉ်ထာဝရ ဆောင်ရွက်နေရမည့် လုပ်ငန်းတစ်ခုဖြစ်နေဦးမည်ဖြစ်ပါသည်။


### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၉၉၁၂၆ ကန်ဘို 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကိုကို ၁၄/ပသရ(နိုင်)၂၀၀၄၀၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်)**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ် (၁၈/သမိုင်း)မြေကွက်အမှတ်(၃/ခ-၃)၊ မြေကွက်တည်နေရာ အမှတ် (၃၁)၊ အောင်သိဒ္ဓိရိပ်သာလမ်းသွယ်(၁)၊ (၃)ရပ်ကွက်၊ မရမ်းကုန်း၊ (ဦးတင်ပိုင်၊ ဒေါ်မိုင်မူနာဘီဘီ) အမည်ပေါက်၊ (B-လယ်ယာစိုက်ပျိုးမွေးမြူရေး အခြားကိစ္စအတွက် အသုံးပြုရန်)မြေအား အမည်ပေါက်ဖြစ်သူ ဖခင် ဦးတင်ပိုင်မှာ (၂၆. ၆. ၂၀၀၈)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်မိုင်မူနာဘီဘီမှာ (၁၁. ၁. ၂၀၁၁) ရက်နေ့တွင် လန်ခန်း၌လည်းကောင်း အသီးသီး ကွယ်လွန်သွားပါသဖြင့် ၎င်းတို့၏ သမီးများဖြစ်ကြသည့် ဒေါ်မူမူပိုင် (၁၂/လမတ(နိုင်)၀၂၇၂၆၄) နှင့် ဒေါ်ချိုချိုပိုင် (၁၂/မရက(နိုင်)၁၁၀၃၈၅)တို့မှ သမီးများတော်စပ်ကြောင်း၊ ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အမည်ပေါက်သည့် အရောင်းအဝယ်စာချုပ်အမှတ်-၅၈၀/၂၀၀၃ (၁၃. ၂. ၂၀၀၃)တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း၊ စာချုပ်ချုပ်ရန်၊ မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

### ဦးလှမင်းချို (ဘ)ဦးသောင်းတင် ၁၂/ရကန(နိုင်)၀၂၈၀၇၃နှင့် ဇနီး ဒေါ်စန္ဒာမိုး (ဘ)ဦးစောမောင်တင် ၁၂/ရကန(နိုင်)၀၂၇၃၂၈တို့ နှစ်ဦးပိုင်အိမ်မြေများဖြစ်ကြောင်း

## အများသိစေရန်ကြေညာချက်

ဂျပန်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသူ ကျွန်ုပ်၏မိတ်ဆွေဦးလှမင်းချို၏ လွှဲအပ်တာဝန်ပေးချက်အရ အသိပေးကြေညာလိုသည်မှာ-

(က) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ နတ်ရေကန်(၁)လမ်း၊ မြေကွက်အမှတ် ၈၃၀/က၊ မြေဧရိယာပေ(၂၀×၆၀) မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော RC နှစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊

(ခ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၅)ရပ်ကွက်၊ ငွေပုလဲ(၁)လမ်း၊ မြေကွက်အမှတ် ၉၁၁/ခ၊ မြေဧရိယာပေ(၂၀×၆၀) မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အုတ်ညှပ်တစ်ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်၊

(ဂ) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၉(B)ရပ်ကွက်၊ သမာဓိ(၄)လမ်း၊ မြေကွက်အမှတ် ၅၆၂၊ မြေဧရိယာပေ(၄၀×၆၀)မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော သစ်သားအိမ်နှစ်လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်

တို့မှာ ကျွန်ုပ်၏မိတ်ဆွေ ဦးလှမင်းချို၏ငွေကြေးများဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော လင်မယား နှစ်ဦးပိုင်ပစ္စည်းများဖြစ်ပြီး ဦးလှမင်းချို၏စီမံခန့်ခွဲမှုအောက်တွင် လက်ရှိရှိနေသော ပစ္စည်းများဖြစ်ပါသည်။

အထက်ပါအိမ်မြေများ၏ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများအား ဦးလှမင်းချိုက ဒေါ်စန္ဒာမိုးထံတွင် အပ်နှံထိန်းသိမ်းခိုင်းထားခြင်းသာဖြစ်၍ ဒေါ်စန္ဒာမိုးတစ်ဦးတည်းက ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်း၊ ငှားရမ်း၊ အာမခံတင်သွင်းခြင်းအပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခွင့်လုံးဝမရှိပါကြောင်း၊ ဦးလှမင်းချိုက သဘောတူခွင့်ပြုထားခြင်းမရှိပါကြောင်း၊ တရားဝင်လင်မယားနှစ်ဦးပိုင် အိမ်နှင့်မြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဒေါ်စန္ဒာမိုးတစ်ဦးတည်း လက်မှတ်ရေးထိုးလွှဲပြောင်းမှု တစ်စုံတစ်ရာပြုလုပ်ခဲ့ပါက တရားမဝင်ပါကြောင်း၊ ထိုအိမ်မြေများအတွင်းသို့ မည်သူမျှ ကျူးကျော်ဝင်ရောက်ခွင့်မရှိပါကြောင်း၊ ဥပဒေမဲ့ တရားမဝင် ပြုလုပ်သူများရှိပါက ပြုလုပ်သူတို့၏တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးလှမင်းချို၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဆွေဇင်ထွန်း(LL.B) ဒေါ်ချိုချိုမြင့်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၄၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၆၅၇၅)
အမှတ် ၄၀၊ ပတ္တမြားလမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၅၀၀၂၀၂၇၄ ဖုန်း-၀၉-၅၀၇၄၆၅၀

### ဆရာအာသာ SUCCESS Language Academy လှည်းတန်းကျောင်းခွဲ

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048, 256954

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှည်းတန်းယဉ်တိုက်)
Ph: 01-503472, 09 73001453, 09 30775232

BASIC ENGLISH SPEAKING
6 - 7:30 (Mon ~ Thurs) 6 Sep
1 - 4:00 (Sat + Sun) 10 Sep
7:30 - 9 (Mon ~ Thurs) 12 Sep
10-11:30 (Mon ~ Thurs) 26 Sep

BASIC FOUR SKILLS ENGLISH
3:30 - 5 (Mon ~ Thurs) 30 Aug
9 - 12:00 (Sat + Sun) 10,17 Sep
10-11:30 (Mon~Thurs) 14,26 Sep
3:30 - 5 (Mon ~ Thurs) 14 Sep
7:30 - 9 (Mon ~ Thurs) 19 Sep
6 - 7:30 (Mon ~ Thurs) 19 Sep
1 - 4:00 (Sat + Sun) 24 Sep

BASIC WRITING
1 - 4:00 (Sat + Sun) 28 Aug

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 2:30 (Mon ~ Thurs) 5 Sep
7:30 - 9 (Mon ~ Thurs) 14 Sep
1 - 4:00 (Sat + Sun) 24 Sep
1 - 2:30 (Mon ~ Thurs) 26 Sep
3:30 - 5 (Mon ~ Thurs) 3 Oct
10-11:30 (Mon ~ Thurs) 10 Oct

INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon ~ Thurs) 5 Sep
10-11:30 (Mon ~ Thurs) 14 Sep
1 - 2:30 (Mon ~ Thurs) 26 Sep

VOCAB ENRICHMENT
1 - 2:30 (Mon ~ Thurs) 30 Aug
7:30 - 9 (Mon ~ Thurs) 17 Oct

BASIC GRAMMAR
1- 4:00 (Sat + Sun) 18 Sep
10-11:30 (Mon ~ Thurs) 10 Oct

BASIC ENGLISH SPEAKING
12 - 3:00 (Sat + Sun) 17 Sep
10-11:30 (Mon~Thurs) 26 Sep
3:30 - 5 (Mon~Thurs) 26 Sep

BASIC FOUR SKILLS ENGLISH
6 - 7:30 (Mon~Thurs) 5 Sep
7:30 - 9 (Mon~Thurs) 12 Sep
1 - 2:30 (Mon~Thurs) 19 Sep
9 - 12:00 (Sat + Sun) 24 Sep

IELTS (Preparation)
1 - 4:30 (Sat + Sun) 27 Aug
7:30-9:30 (Mon~Thurs) 12 Sep

IELTS (Speaking + Vocab)
7:30 - 9 (Mon~Thurs) 5 Sep

IELTS (Reading + Vocab)
1 - 3:00 (Mon~Thurs) 29 Aug

BASIC GRAMMAR
1- 2:30 (Mon ~ Thurs) 6 Sep
7:30-10:30 (Sat + Sun) 25 Sep

PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon ~ Thurs) 14 Sep
12 - 3:00 (Sat + Sun) 24 Sep

INTERMEDIATE (ACADEMIC ENGLISH)
7:30 - 9 (Mon ~ Thurs) 19 Sep

IELTS (Preparation)
4:30-7:30 (Sat + Sun) 24 Sep

IELTS (Writing+Grammar)
12:30-3:30 (Sat + Sun) 24 Sep

IELTS (Grammar + Vocab)
10-11:30 (Mon~Thurs) 17 Oct

IELTS (Writing+Grammar)
7:30 - 9 (Mon~Thurs) 26 Sep

### ဖခင်အမည်မှန်

မြင်းခြံမြို့ အထက(၁) တက္ကသိုလ်ဝင်တန်း (C)မှ မအေးမြတ်မွန်၏ ဖခင်အမည်မှန်မှာ ဦးကျော်မိုး ၉/မခန(နိုင်) ၁၇၇၃၂၀ ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မြောက်ရပ်၊ ရတနာဒီပရပ်ကွက်ရှိ မြေကွက်အမှတ် (ပ-၁၆၁၆)၊ ဧရိယာ ၀ဒသမ ၁၄၆ဧက၊ ဦးအောင်ငွေ အမည်ပေါက် နှစ်(၃၀) မြေငှားဂရန်စာချုပ် မြေကွက်အား နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၁၇၈/၂၀၁၆(၂၉-၈-၂၀၁၆)ဖြင့် ဝယ်ယူထားသူ ဦးသိန်းနိုင်၊ ၉/ကပတ(နိုင်)၀၃၂၀၈၅၊ ဦးဘိုကြီးကမြေငှားစာချုပ် အမည်ပြောင်း လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ တမာကျေးရွာနေ ဦးငွေဆောင်(ခ) ဦးကျောက်ခဲ ၅/ခဥန(နိုင်)၀၁၆၈၃၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးငွေဆောင်(ခ)ဦးကျောက်ခဲ**

### ဖခင်အမည်မှန်

ပြင်ဦးလွင်မြို့၊ အထက (၃)၊ တက္ကသိုလ်ဝင်တန်း(I)မှ မောင်အောင်ကျော်ကျော်၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းလတ် ၉/ပဥလ(နိုင်) ၀၇၃၃၅၀ ဖြစ်ပါကြောင်း။
**ဦးမင်းမင်းလတ်**

### မိဘအမည်မှန်

ရေနံချောင်းမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း အခန်း(၁၀)မှ မောင်ရဲရင့်အောင်၏ မိဘအမည်မှန်မှာ ဦးကျော့မောင်-ဒေါ်သဇင် ဖြစ်ပါကြောင်း။ **ဦးကျော့မောင်-ဒေါ်သဇင်**

### အမည်ပြောင်း

စရွှေပန်၏သား ပန်းတနော်မြို့နယ်၊ ဖြန့်ကြီးတိုက်ကုန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်လှရိုန်အား စရဲမင်းကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **စရဲမင်းကျော်**

**Table - (1)**

Selected Macroeconomic Indicators of ASEAN and and Plus Three Countries, 2015

| Sr. No. | | Country | GDP (US$ Bln) | Per capita GDP (US$) | Exports of goods & services (US$ bln) | Per capita Exports of goods & services (US) | FDI Inward Stock (US$ Bln) |
|---|---|---|---|---|---|---|---|
| 1 | | 2 | 3 | 4 | 5 | 6 | 7 |
| 1 | | ASEAN | 2,442 | 3,874 | 1,484 | 2,354 | 1,705 |
| | 1 | Brunei Darussalam | 15 | 36,608 | 12 ### | 27,572 | 6 |
| | 2 | Cambodia | 18 | 1,159 | 12 | 783 | 15 |
| | 3 | Indonesia | 862 | 3,346 | 199 ### | 772 | 225 |
| | 4 | Lao PDR | 12 | 1,812 | 4 | 525 | 5 |
| | 5 | Malaysia | 296 | 9,766 | 210 | 6,937 | 118 |
| | 6 | Myanmar | 65 | 1,204 | 13 | 242 | 20 |
| | 7 | Philippines | 292 | 2,899 | 71 | 709 | 59 |
| | 8 | Singapore | 293 | 52,889 | 517 | 93,344 | 978 |
| | 9 | Thailand | 395 | 5,816 | 273 | 4,020 | 175 |
| | # | Viet Nam | 194 | 2,111 | 173 | 1,890 | 103 |
| 2 | | ASEAN plus 3 | 16,368 | 10,568 | 3,861 | 2,493 | 1,566 |
| | 1 | China | 10,866 | 7,925 | 2,429 | 1,772 | 1,221 |
| | 2 | Japan | 4,123 | 32,477 | 785 | 6,179 | 171 |
| | 3 | Korea, Rep. | 1,378 | 27,222 | 647 | 12,777 | 175 |
| 3 | | World | 73,434 | 9,996 | 21,386 | 2,911 | 24,983 |

Source : (1) http://data.worldbank.org/indicator?tab=all (last updated on August 10, 2016)
(2) World Investment Report 2016, UNCTAD

**Table - (2)**

Selected Education Indicators of ASEAN and and Plus Three Countries

| Sr. No. | | Country | Adult literacy rate (% of population 15 years & above) | Net enrolment rate (Secondary) (%) | Gross enrolment ratio (Tertiary) (%) | Government expenditure on education (% of GDP) | Government expenditure on education Per capita (US$) 2014* |
|---|---|---|---|---|---|---|---|
| 1 | | 2 | 3 | 4 | 5 | 6 | 7 |
| 1 | | ASEAN | | | | | |
| | 1 | Brunei Darussalam | 96.1 (2011) | 87.0 (2011) | 31.7 (2014) | 3.8 (2014) | 1,379 |
| | 2 | Cambodia | 73.9 (2009) | 38.2 (2008) | 15.9 (2011) | 2.6 (2013) | 30 |
| | 3 | Indonesia | 92.8 (2011) | 75.2 (2013) | 31.3 (2013) | 3.4 (2013) | 113 |
| | 4 | Lao PDR | 72.7 (2005) | 50.9 (2014) | 17.3 (2014) | 4.2 | 76 |
| | 5 | Malaysia | 93.1 (2010) | 68.7 (2013) | 38.5 (2013) | 6.3 (2013) | 614 |
| | 6 | Myanmar | 92.8 (2013) | 48.3 (2014) | 13.5 (2012) | 0.8 (2005-2014) | 9 |
| | 7 | Philippines | 95.4 (2008) | 67.4 (2013) | 35.8 (2014) | 3.4 (2013) | 99 |
| | 8 | Singapore | 96.5 (2013) | 99.3 (2013) | n.a | 2.9 (2013) | 1,536 |
| | 9 | Thailand | 96.4 (2010) | 79.6 (2012) | 51.4 (2013) | 4.9 (2012) | 287 |
| | # | Viet Nam | 93.5 (2009) | 83.1 (2008) | 30.5 (2014) | 6.3 (2012) | 133 |
| 2 | | ASEAN plus 3 | | | | | |
| | 1 | China | 95.1 (2010) | 89.0 (2008-2014) | 30.2 (2013) | n.a | |
| | 2 | Japan | n.a | 99.2 (2013) | 62.4 (2013) | 3.8 (2013) | 1,240 |
| | 3 | Korea, Rep. | n.a | 96.2 (2014) | 95.3 (2014) | 4.6 (2012) | 1,257 |
| 3 | | World | 85.2 (2010) | 66.0 (2013) | 32.9 (2013) | 4.5 (2011) | 453 |

* Own calculation based on GDP (2015) and government expenditure on education (% of GDP) in
Source : http://data.worldbank.org/indicator?tab=all (last updated on August 10, 2016)

**Table - (3)**

Selected Health Indicators of ASEAN and and Plus Three Countries

| Sr. No. | | Country | Life expectancy at birth[a] (years) 2014 | Under-five mortality rate (per 1000 live births) 2015 | Maternal mortality ratio (per 100,000 live births) 2015 | Public health expenditure (% of GDP) 2014 | Health expenditure per capita[b] (US$) 2014 |
|---|---|---|---|---|---|---|---|
| 1 | | 2 | 3 | 4 | 5 | 6 | 7 |
| 1 | | ASEAN | | | | | |
| | 1 | Brunei Darussalam | 83.0 | 10.2 | 23 | 2.5 | 958 |
| | 2 | Cambodia | 78.8 | 28.7 | 161 | 1.3 | 61 |
| | 3 | Indonesia | 74.7 | 27.2 | 126 | 1.1 | 99 |
| | 4 | Lao PDR | 74.4 | 66.7 | 197 | 0.9 | 33 |
| | 5 | Malaysia | 68.9 | 7 | 40 | 2.3 | 456 |
| | 6 | Myanmar | 68.2 | 50 | 178 | 1.0 | 20 |
| | 7 | Philippines | 75.8 | 28 | 114 | 1.6 | 135 |
| | 8 | Singapore | 66.2 | 2.7 | 10 | 2.1 | 2,752 |
| | 9 | Thailand | 68.4 | 12.3 | 20 | 5.6 | 360 |
| | # | Viet Nam | 65.9 | 21.7 | 54 | 3.8 | 142 |
| 2 | | ASEAN plus 3 | | | | | |
| | 1 | China | 81.9 | 10.7 | 27 | 3.1 | 420 |
| | 2 | Japan | 83.5 | 2.7 | 5 | 8.6 | 3,703 |
| | 3 | Korea, Rep. | 75.8 | 3.4 | 11 | 4.0 | 2,060 |
| 3 | | World | 71.5 | 42.5 | 216 | 6.0 | 1,063 |

a As of Human Development Report 2015, UNDP
b The sum of public and private health expenditures as a ratio of total population
Source : http://data.worldbank.org/indicator?tab=all (last updated on August 10, 2016)

**Table - (4)**

Human Development Index (HDI) and Its Components, 2014

| HDI rank | Country | HDI (value) | Life expectancy at birth (years) | Expected years of schooling (years) | Mean years of schooling (years) | GNI per capita (2011 PPP $) | Categories of Human Development |
|---|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 |
| | ASEAN | | | | | | |
| 11 | Singapore | 0.912 | 83.0 | 15.4 | 10.6 | 76,628 | Very High |
| 31 | Brunei Darussalam | 0.856 | 78.8 | 14.5 | 8.8 | 72,570 | Very High |
| 62 | Malaysia | 0.779 | 74.7 | 12.7 | 10.0 | 22,762 | High |
| 93 | Thailand | 0.726 | 74.4 | 13.5 | 7.3 | 13,323 | High |
| 110 | Indonesia | 0.684 | 68.9 | 13.0 | 7.6 | 9,788 | Medium |
| 115 | Philippines | 0.668 | 68.2 | 11.3 | 8.9 | 7,915 | Medium |
| 116 | Viet Nam | 0.666 | 75.8 | 11.9 | 7.5 | 5,092 | Medium |
| 141 | Lao PDR | 0.575 | 66.2 | 10.6 | 5.0 | 4,680 | Medium |
| 143 | Cambodia | 0.555 | 68.4 | 10.9 | 4.4 | 2,949 | Medium |
| 148 | Myanmar | 0.536 | 65.9 | 8.6 | 4.1 | 4,608 | Low |
| | ASEAN plus 3 | | | | | | |
| 17 | Korea, Rep. | 0.898 | 81.9 | 16.9 | 11.9 | 33,890 | Very High |
| 20 | Japan | 0.891 | 83.5 | 15.3 | 11.5 | 36,927 | Very High |
| 90 | China | 0.727 | 75.8 | 13.1 | 7.5 | 12,547 | High |
| | World | 0.711 | 71.5 | 12.2 | 7.9 | 14,301 | |

Source : World Development Report 2015, UNDP

*စာမျက်နှာ ၆ မှ*

၂၀၁၄ ခုနှစ် စာရင်းဇယားများအရ စင်ကာပူနိုင်ငံ၏ ညွှန်းကိန်းသည် ၀ ဒသမ ၉၁၂ ဖြင့် ကမ္ဘာ့နိုင်ငံများထဲတွင်အဆင့် ၁၁၊ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ၀ ဒသမ ၈၉၈ ဖြင့်အဆင့် ၁၇၊ မလေးရှားနိုင်ငံအနေဖြင့် ၀ ဒသမ ၇၇၉ ဖြင့် အဆင့် ၆၂၊ ထိုင်းနိုင်ငံအနေဖြင့် ၀ ဒသမ ၇၂၆ ဖြင့် အဆင့် ၉၃ တွင်ရှိနေပြီး မြန်မာနိုင်ငံအနေဖြင့် ၀ ဒသမ ၅၃၆ ဖြင့် အောက်ဆုံးအဆင့် ၁၄၈ တွင် ရှိနေပါသည်။ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများသည် မြန်မာနိုင်ငံ၏ အထက်တွင် ရှိနေပြီး မြန်မာနိုင်ငံ၏ အောက်တွင် အာဖရိကနိုင်ငံငယ်များသာ ရှိနေကြောင်း တွေ့ရှိရပါသည်။ **သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေကို ဖော်ညွှန်းပြသလျက်ရှိနေသည့် လူ့စွမ်းအားအရင်းအမြစ် ညွှန်းကိန်းသည် ကမ္ဘာ့စုစုပေါင်းနိုင်ငံ ၁၈၈ တွင် မြန်မာနိုင်ငံအနေဖြင့် အဆင့် ၁၄၈တွင် ရောက်ရှိနေသောကြောင့် မြန်မာနိုင်ငံ၏ လက်ရှိလူမှု စီးပွားရေးအခြေအနေမှာ များစွာနိမ့်ကျလျက်ရှိနေကြောင်း ဖော်ညွှန်းလျက်ရှိနေပါသည်။**

**ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ ကျင်းပခြင်း အပေါ် သုံးသပ်ချက်**

အထက်တွင်ရှင်းလင်းတင်ပြထားခဲ့သည့်အတိုင်း လက်ရှိမြန်မာနိုင်ငံ၏ လူမှုစီးပွားရေး အခြေအနေများကို ယနေ့အာဆီယံ မိတ်ဖက်နိုင်ငံများ ရောက်ရှိနေသည့် လူမှုစီးပွားရေးအခြေအနေများနှင့် နှိုင်းယှဉ်ကြည့်ရှုမည်ဆိုပါက မိမိတို့နိုင်ငံ၏ အခြေအနေမှာ ၎င်းနိုင်ငံများထက် နှစ်ပေါင်း ၃၀-၄၀ ခန့် နောက်ကျ ကျန်ရစ်ခဲ့သည့် အနေအထားတွင် ရှိနေကြောင်း တွေ့ရှိရပါမည်။

**ထိုကဲ့သို့ မိမိတို့နိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေ နောက်ကျကျန်ရစ်ခဲ့ရသည့် အဓိကအကြောင်းရင်းကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုပါက လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ အချိန်ကာလအတွင်း ပြည်တွင်း တည်ငြိမ်အေးချမ်းမှုရရှိအောင် မတည်ဆောက်နိုင်ခဲ့၍ ဖြစ်ပါသည်။ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် အရေးတကြီး အလျင်အမြန်ဆောင်ရွက်ရန်လိုအပ်နေသည့် ကိစ္စမှာ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို မဖြစ်မနေရရှိအောင်ကြိုးပမ်းဆောင်ရွက်သွားကြရန်ပင်ဖြစ်ပါသည်။**

ကမ္ဘာ့စီးပွားရေးပညာရှင်များက လမ်းညွှန်ထောက်ပြထားသည်နှင့်အညီ မိမိတို့နိုင်ငံ၏ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုကို ကြိုတင်တည်ဆောက်ထားနိုင်ခြင်းမရှိပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် မည်သို့ပင်စီမံကိန်းအမျိုးမျိုးချမှတ် ဆောင်ရွက်အကောင်အထည်ဖော်မည်ဖြစ်သော်လည်း နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်လာအောင် မည်သို့မျှဆောင်ရွက်နိုင်ကြမည် မဟုတ်ပါ။ (၂၁)ရာစုပင်လုံညီလာခံသည် မိမိတို့နိုင်ငံသူ နိုင်ငံသားများအားလုံးအတွက် နှစ်ပေါင်းများစွာသေနတ်သံတညံညံနှင့် ငြိမ်းချမ်းမှုမရှိဘဲ စားဝတ်နေရေးအခက်အခဲမျိုးစုံတို့ဖြင့် ကြုံတွေ့နေရသည့် လူမှုဘဝမှ လွတ်မြောက်နိုင်စေရန် ဆောင်ကြဉ်းပေးနိုင်မည့်တစ်ခုတည်းသော ညီလာခံတစ်ရပ်ဖြစ်ပါသည်။ ထို့ကြောင့် ယခုအစိုးရသစ်တက်ရောက်လာပြီး နောက်ပိုင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ဒုတိယအကြိမ်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းမှုနှင့်အတူ မိမိတို့ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံးတို့က အင်တိုက်အားတိုက် ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ခြင်းဖြင့် အောင်မြင်မှုများရရှိနိုင်မည် ဖြစ်ပါသည်။ ၎င်းကိစ္စနှင့်ပတ်သက်၍ **"ပင်လုံသို့မဟုတ် ပြည်ထောင်စု၏ နှလုံးအိမ်၊ ပင်လုံသေရင် ပြည်ထောင်စုသေမည်"** ဆိုသည့်ဆောင်ပုဒ်ကို သတိပြုမိပါသည်။ အဓိပ္ပာယ်မှာ ဒုတိယအကြိမ် (၂၁)ရာစုပင်လုံညီလာခံသည် မိမိတို့ပြည်ထောင်စုတစ်ခုလုံး ဆက်လက်ရှင်သန်ဖွံ့ဖြိုးလာနိုင်စေရန်အတွက် အသက်သွေးကြောတမျှ အရေးကြီးသော ညီလာခံဖြစ်သည်ဆိုသည့် လေးနက်သော အဓိပ္ပာယ် ဖော်ဆောင်နေပါသည်။

**နှစ်ပေါင်းများစွာစောင့်မျှော်**

မိမိအနေဖြင့် အရေးကြီးသည့်အချက်တစ်ချက်ကို ထပ်ဆောင်းဖော်ပြလိုသည်မှာ ယခု ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသည် မိမိတို့နိုင်ငံသူ နိုင်ငံသားများအားလုံးအတွက် လက်ခံရရှိလာသည့်အခွင့်အရေးကောင်း (Opportunity) တစ်ရပ်ဖြစ်လာခဲ့ပါသည်။ ၎င်းလက်ဝယ်ရရှိနေသည့်အခွင့်အရေးကောင်းတစ်ရပ်ကို မှန်ကန်စွာအသုံးမချနိုင်၍ လက်လွတ်ဆုံးရှုံးရပါက နောင်ယခုကဲ့သို့ အခွင့်အရေးမျိုးပေါ်ထွန်းလာစေရန် မိမိတို့အနေဖြင့် နှစ်ပေါင်းများစွာစောင့်မျှော်နေရဦးမည်ဖြစ်ပါသည်။

မိမိယခုရှင်းလင်းတင်ပြထားသည့် အချက်အလက်များနှင့်ဆက်စပ်လျက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် (၂၁)ရာစု ပင်လုံညီလာခံနှင့်ပတ်သက်သည့် မိန့်ခွန်းအချို့မှ အောက်ပါအတိုင်းကောက်နုတ် ဖော်ပြလိုပါသည်။ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ **"ဒီအစည်းအဝေးက ကျွန်မတို့အားလုံးအတွက် အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးရှိမှ ကျွန်မတို့ပြည်သူလူထုရဲ့ စိတ်နှလုံးချမ်းသာနိုင်မှာ၊ ပြည်သူလူထုတိုးတက်နိုင်မှာပါ။ ရေရှည်မှာ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဘယ်လိုစီးပွားရေးကိုမှ ထိန်းသိမ်းထားနိုင်မှာ မဟုတ်ပါဘူး။ စီးပွားရေး ဘယ်လောက်ပဲ တိုးတက်တိုးတက် ငြိမ်းချမ်းရေးမရှိတာနဲ့ စီးပွားရေးကပြိုသွားနိုင်ပါတယ်။ ဒါကြောင့် ကျွန်မတို့အတွက် အဓိကအရေးကြီးတာက ငြိမ်းချမ်းရေးဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ငြိမ်းချမ်းရေးမရခဲ့ရခြင်းအကြောင်းရင်းတစ်ခုက ကျွန်မတို့ရဲ့ ပြည်ထောင်စုသားများအားလုံးရဲ့ ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်၊ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက်တွေကို မဖြည့်ဆည်းပေးနိုင်လို့ပဲဖြစ်ပါတယ်"** ဟု မိန့်ကြားသွားခဲ့ပါသည်။

**ဆုံးရှုံးမှုတွေမဖြစ်စေချင်**

တစ်ဖန် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဩဂုတ်လ ၂၄ရက်နေ့၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မိန့်ခွန်းပြောကြားခဲ့ရာတွင် **"လက်ရှိငြိမ်းချမ်းရေး လုပ်ငန်းစဉ် မအောင်မြင်ခဲ့ပါက အချိန်မည်မျှထပ်မံစောင့်ဆိုင်းရမည်ကို မသိရှိနိုင်ဘဲ ထိုကာလအတွင်း ကြုံတွေ့ရမည့် တိုင်းပြည်ထိခိုက်နစ်နာမှုများကို ထည့်သွင်းစဉ်းစားကြရန်"** ဒေါ်အောင်ဆန်းစုကြည်က သတိပေးပြောကြားခဲ့ပါသည်။ **"အခွင့်အလမ်းဆိုတာ လူတစ်ယောက်ရဲ့ဘဝမှာ နှစ်ခါပြန်မလာပါဘူး။ နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းကြောင်းက အင်မတန်ရှည်ပါတယ်။ အခွင့်အရေး တစ်ခါလွတ်သွားမယ်ဆိုရင် ပြန်ရလာနိုင်မည်မဟုတ်ပါ။ ဒါကြောင့် ကျွန်မတို့ကအောင်မြင်အောင်လုပ်ချင်ပါတယ်။ အောင်မြင်အောင်လုပ်နိုင်ခဲ့ရင် ကျွန်မတို့နိုင်ငံအတွက် အများကြီး အကျိုးရှိပါတယ်။ ဒီတစ်ခေါက်မအောင်မြင်ရင် နောင်ဘယ်လောက်အထိစောင့်ရမလဲ။ အဲ့ဒီစောင့်နေတဲ့အချိန်အတွင်းမှာ ကျွန်မတို့နိုင်ငံဘယ်လောက်ထိ ခိုက်နစ်နာမလဲဆိုတာကို ကျွန်မတို့ စဉ်းစားစေချင်ပါတယ်။ အခုဆိုရင်အားလုံးသိကြတဲ့အတိုင်း ကျွန်မတို့နိုင်ငံဟာ ကမ္ဘာကြီးနဲ့တောင်မပြောပါဘူး။ ကျွန်မတို့ဒေသမှာတင် နောက်ကျကျန်နေခဲ့ပြီ။ ဒီနိုင်ငံဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်တဲ့ ပုဂ္ဂိုလ်တွေအရည်အချင်း ဘယ်လောက် ဆုံးရှုံးခဲ့ကြလဲ၊ နောက်တစ်ခါ အဲ့ဒီလိုဆုံးရှုံးမှုတွေမဖြစ်စေချင်တော့ပါဘူး"**ဟု ဒေါ်အောင်ဆန်းစုကြည်က မိန့်ကြားခဲ့ပါသည်။

အထက်ဖော်ပြပါ ဒေါ်အောင်ဆန်းစုကြည် မိန့်ကြားခဲ့သည့် မိန့်ခွန်းပါအချက် အလက်များသည် မိမိတို့မြန်မာနိုင်ငံသူ နိုင်ငံသားများ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုမရှိခဲ့သည့်အတွက် ဒုက္ခအမျိုးမျိုးတို့နှင့်ကြုံတွေ့နေခဲ့ရပြီး ကမ္ဘာ့အလယ်တွင်သာမက ဒေသတွင်းအာဆီယံမိတ်ဖက်နိုင်ငံများနှင့် နှိုင်းယှဉ်လျှင်ပင် လူမှုစီးပွားရေးအနိမ့်ကျဆုံးအဆင့်သို့ ရောက်ရှိနေရသည့် အခြေအနေများနှင့် ထပ်တူထပ်မျှဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ မိမိအနေဖြင့်လည်း မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဘဝမည်မျှအထိ နိမ့်ကျလျက်ရှိနေသည်ကို စာရင်းဇယားများစုံလင်စွာဖြင့် အထက်တွင် ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မိမိတို့ ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကို မောင်နှမများနှင့်တကွ လုပ်သားပြည်သူအပေါင်းတို့အနေဖြင့် **"ပြည်ထောင်စု ငြိမ်းချမ်းရေးသည် ပထမ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးသည် ဒုတိယ၊ ပြည်ထောင်စုငြိမ်းချမ်းရေးသည် တတိယ"** ဟူသည့်ဆောင်ပုဒ်ကို စွဲကိုင်ကြလျက် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံမှသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်မှုရရှိရန်အတွက် အင်တိုက်အားတိုက် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။

# ထိုင်းနိုင်ငံရှိ မြန်မာနိုင်ငံသားအမျိုးသမီးတစ်ဦး ဇီကာဗိုင်းရပ်စ်ကူးစက်ခံရ

**ရန်ကုန် စက်တင်ဘာ ၇**

ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းမိုင်ပြည်နယ်တွင် ဇီကာဗိုင်းရပ်စ် (Zika Virus) ကူးစက်ပြန့်ပွားနေကြောင်း၊ ရောဂါကူးစက်ခံရသူများသည် ကိုယ်အပူချိန်တက်၍ အဖျားတက်ခြင်း၊ အရေပြားယားယံခြင်း၊ မျက်လုံးနီခြင်း၊ ခန္ဓာကိုယ်ကိုက်ခဲခြင်း၊ ပုံမှန်မဟုတ်သော ကြွက်သားများ နာကျင်ခြင်း၊ ခေါင်းကိုက်ခြင်းစသည့် ရောဂါလက္ခဏာများခံစားရကြောင်း၊ ထိုင်းနိုင်ငံချင်းမိုင်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်၏ ယနေ့ထုတ်ပြန်ချက်အရ သိရသည်။

စက်တင်ဘာ ၅ ရက်က ချင်းမိုင်ပြည်နယ် ဆန်ဆိုင်းခရိုင်၌ အသက် ၂၈နှစ်အရွယ် ကိုယ်ဝန် ရှစ်လဆောင်ထားသော မြန်မာနိုင်ငံသားအမျိုးသမီးတစ်ဦး ဇီကာဗိုင်းရပ်စ် ကူးစက်ခြင်းခံနေရကြောင်း သတင်းရရှိသဖြင့် ချင်းမိုင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ သက်ဆိုင်ရာ ကျန်းမာရေးဌာနသို့ စုံစမ်းမေးမြန်းရာ အဆိုပါ အမျိုးသမီး၌ ဇီကာဗိုင်းရပ်စ်ကူးစက်မှုရှိသည်ကိုတွေ့ရသဖြင့် ဆန်ဆိုင်းပြည်သူ့ဆေးရုံ၊ ပြည်သူ့ကျန်းမာရေးအရေးပေါ်ကုသရေးဌာနတွင် အနီးကပ်စောင့်ကြည့်ကုသပေးလျက်ရှိကြောင်း၊ ၎င်းနေထိုင်ရာ နေအိမ်အတွင်း/အပြင်နှင့် ပတ်ဝန်းကျင် နေရာများအား ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးထားကြောင်း၊ လူနာ၏ သဘောတူညီမှုမရှိဘဲ ၎င်း၏ ကိုယ်ရေးအချက်အလက်နှင့် ကျန်းမာရေးဆိုင်ရာအချက်အလက်များကို ပြောကြားနိုင်ခြင်းမရှိကြောင်း၊ ချင်းမိုင်ပြည်သူ့ကျန်းမာရေးဌာနမှ အကြောင်းကြားချက်ကို အဆိုပါထုတ်ပြန်ချက်၌ဖော်ပြထားသည်။

ဇီကာဗိုင်းရပ်စ်ကူးစက်ခံရသည့် မြန်မာနိုင်ငံသားများအနေဖြင့် လိုအပ်သည့် ကူညီစောင့်ရှောက်မှုများအတွက် ချင်းမိုင်မြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဖုန်း ၀၅၂-၀၀၄၂၁၁နှင့် ၀၆၁-၂၇၂၇၇၅ တို့သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း၊ ချင်းမိုင်ပြည်နယ်သို့ လာရောက်မည့် မြန်မာနိုင်ငံမှ ကိုယ်ဝန်ဆောင်မိခင်များ၊ ကိုယ်ဝန်ဆောင်ရန်ရည်ရွယ်ထားသည့် မိခင်လောင်းများအနေဖြင့် ယခုရက်ပိုင်း အတွင်း ချင်းမိုင်ပြည်နယ်သို့ လာရောက်မှုကို ခေတ္တဆိုင်းငံ့ထားသင့်ပါကြောင်း ချင်းမိုင် မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ အသိပေးကြေညာထားသည်။

**မောင်ယဉ်ကျေး**

# တောင်ကုတ်၌ ခရီးသည်တင်စက်လှေတစ်စင်းနစ်မြုပ်၊ သုံးဦးသေ



**တောင်ကုတ် စက်တင်ဘာ ၇**

ခရီးသည် ၁၉ ဦး တင်ဆောင်လာသောစက်လှေတစ်စင်းသည် စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီခွဲခန့်က တောင်ကုတ်မြို့မှ ရမ်းဗြဲမြို့နယ် စကုကျေးရွာသို့အပြန် ခေါင်းလောင်းတူကျေးရွာနှင့် အုန်းကျွန်းကျေးရွာကြား နတ်ကန်မြစ်အရောက်တွင် လှိုင်းပြင်းထန်မှုကြောင့် စက်လှေဝမ်းဗိုက်ကွဲကာ နစ်မြုပ်သွားခဲ့ကြောင်း သိရသည်။

"စက်လှေပေါ်မှာ တောင်ကုတ်မြို့က ဈေးဝယ်ပြန်တဲ့ ခရီးသည် အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၀ ဦး တင်ဆောင်လာပါတယ်။ အခုနောက်ဆုံးအခြေအနေကတော့ သေဆုံးသူ အလောင်းသုံးလောင်းကို ရှာတွေ့ပြီး သုံးဦးကို ဆက်လက်ရှာဖွေနေပါတယ်"ဟု တောင်ကုတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက ပြောသည်။

အဆိုပါစက်လှေသည် ပေ ၃၀ အရှည်ရှိ ဟွန်ဒါအမျိုးအစား အင်ဂျင်တပ်ဆင်ထားကာ စက်လှေပိုင်ရှင် ဦးရွှေအိုး မောင်းနှင်လာခြင်းဖြစ်ကြောင်း သိရသည်။ ပျောက်ဆုံးနေသူများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တောင်ကုတ်မြို့နယ်ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ဒေသခံကျေးရွာသားတို့ ပူးပေါင်းကာ ကူညီရှာဖွေလျက်ရှိပြီး သေဆုံးသူမိသားစုဝင်များအား ထောက်ပံ့ငွေကျပ်သုံးသိန်းစီ ထောက်ပံ့ပေးရန် စီစဉ်ထားကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

သေဆုံးသူသုံးဦးမှာ မကေရီစိုး(၁၈ နှစ်)၊ ဒေါ်လှလှအေး (၅၅ နှစ်)၊ ဒေါ်ရွှေစု(၅၈နှစ်)တို့ဖြစ်ပြီး မစောမီမီရွှေ၊ မခိုင်ဇာလင်းနှင့် ဒေါ်ရီရီငွေးတို့မှာ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ်တွင် ခရီးသည်တင် စက်လှေနစ်မြုပ်မှုမှာ ဇွန်လအတွင်း ပုဏ္ဏားကျွန်းမြို့နယ်၌တစ်ကြိမ်၊ ဩဂုတ်လအတွင်း ရသေ့တောင်မြို့နယ်၌ တစ်ကြိမ် ဖြစ်ပွားခဲ့မှုကြောင့် ကျောင်းသူ စုစုပေါင်း ၁၁ ဦး သေဆုံးခဲ့ဖူးသည်။ **မြတ်ဝေ**

# ပန်းတောင်းမြို့နယ်၌ ရဲအချုပ်ကားတစ်စီးတိမ်းမှောက်၊ တစ်ဦးသေ၊ ကိုးဦးဒဏ်ရာရ

**ပန်းတောင်း စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဆင်တဲကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာအနီး ပြည်-ကံမကားလမ်း မိုင်တိုင်အမှတ် (၂၃/၀) နှင့် (၂၄/၁) အကြား၌ ရဲအချုပ်ကားတစ်စီး တိမ်းမှောက်မှုဖြစ်ပွားခဲ့ရာ တစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၅ နာရီ ၅ မိနစ်တွင် ဆင်တဲကျေးရွာအုပ်စု ရွာသစ်ကုန်းကျေးရွာအနီး ပြည်-ကံမကားလမ်း မိုင်တိုင်အမှတ် (၂၃/၀) နှင့် (၂၄/၁) အကြား၌ ပြည်ဘက်မှ ကံမဘက်သို့ ယာဉ်မောင်း ရဲတပ်သားဖိုးဇော်ထွန်း (၂၃ နှစ်) မောင်းနှင်လာသည့် 5K/--- FOTON အမျိုးအစား အချုပ်ယာဉ်သည် အချုပ်သူ ၂၅ ဦး လုံခြုံရေးတပ်ဖွဲ့ဝင် ၁၂ ဦးအား တင်ဆောင်မောင်းနှင်လာစဉ် လမ်းကွေ့၌ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ညာဘက်သို့ ထိုးကျတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ ရဲတပ်သား စုရည်ဖြိုး၊ ရဲတပ်သား ခိုင်မာဝင်း၊ ရဲတပ်သား မိုးမိုးဆွေ၊ ရဲတပ်သား သန္တာအောင်၊ ရဲတပ်သား နန္ဒစည်သူ၊ ရဲဒုတပ်ကြပ် ဝင်းလှိုင်တို့နှင့် ပြည်အကျဉ်းထောင်မှ အကျဉ်းသူ များဖြစ်ကြသော ဒေါ်နန်းခန်းသာ (၃၇ နှစ်)၊ ဒေါ်နန်းမြအေး (၄၂ နှစ်)၊ မလှလှတိုး(၃၃ နှစ်)၊ ဒေါ်ဝူရှင်းရင်း(၅၂ နှစ်)တို့ ဒဏ်ရာများရရှိကြသဖြင့် ပြည်မြို့ပြည်သူ့ဆေးရုံကြီးသို့ တင်ပို့ကုသစဉ် ဒေါ်နန်းမြအေး (၄၂ နှစ်)မှာ သေဆုံးသွားခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပန်းတောင်းမြို့နယ် မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# စစ်သည်ထံမှ လက်နက်လုယူသူကို ပစ်ခတ်ဖမ်းဆီးသဖြင့် ဒဏ်ရာရသေဆုံး

**နေပြည်တော် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့နယ် လောက်ကျယ်ကျေးရွာ၏ မြောက်ဘက် လေးမိုင်ခန့်အကွာ၌ နယ်မြေရှင်းလင်းရေးနှင့် လမ်းကြောင်းလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းသည် ယမန်နေ့ ညနေ ၅ နာရီခွဲက နားအော်လေးကျေးရွာမှ မန်တုံဘက်သို့ မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးနှင့် လူနှစ်ဦးအား မသင်္ကာသဖြင့် ရပ်တန့်စစ်ဆေးစဉ် ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူက စစ်သည်တစ်ဦးထံမှ သေနတ်အား ရုတ်တရက်လုယူခဲ့သော်လည်း မရရှိသဖြင့် နောက်လှည့်ထွက်ပြေးချိန်တွင် စစ်သည်က ပစ်ခတ်ဖမ်းဆီးသဖြင့် ထိမှန် ဒဏ်ရာရပြီး နေရာ၌ သေဆုံးခဲ့သည်။

သေဆုံးသူအား စစ်ဆေးရာ ၎င်းလွယ်ထားသည့် သားရေအိတ်အတွင်းမှ တိုက်မိုင်း(ဖျူးစ်ပါ)သုံးလုံး၊ တရုတ်ယွမ်ငွေ ၁၀၀ တန် အရွက် ၉၀၊ မြန်မာငွေကျပ် ၁၉၃၀၀၀ နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ဆိုင်ကယ်မောင်းနှင်သူ နားအော်လေးကျေးရွာနေ အိုက်စံ(ခ)ကုလားအား ဆက်လက်စစ်ဆေးရာ သေဆုံးသူမှာ ပလောင်လူမျိုးတစ်ဦးဖြစ်ပြီး TNLA အဖွဲ့မှ ဗိုလ်ကြီးအဆင့်ရှိ အရိုင်းဆိုသူဖြစ်ကြောင်း၊ ၎င်းသည် စက်တင်ဘာ ၅ ရက်က နားအော်လေးကျေးရွာသို့ ရောက်ရှိခဲ့ပြီး TNLA အဖွဲ့မှ အင်အား ၃၀ ခန့်နှင့် တွေ့ဆုံခဲ့ကြောင်း၊ ယင်းနောက် မန်တုံသို့ ပို့ဆောင်ပေးရန် ပြောဆိုခဲ့သဖြင့် လိုက်ပါပို့ဆောင်စဉ် ယခုကဲ့သို့ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်၍ အိုက်စံအား သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# အလုံမြို့နယ် ကလပ်ခန်းမအတွင်း လက်နက်ကိုင်ဆောင်၍ အုပ်စုဖွဲ့ဝင်ရောက်လုယက်

**ရန်ကုန် စက်တင်ဘာ ၇**

အလုံမြို့နယ် သစ်တောရပ်ကွက် ကမ်းနားလမ်းနှင့် အလုံလမ်းမထောင့်ရှိ SKY WAY ကလပ်အတွင်းသို့ စက်တင်ဘာ ၇ ရက် နံနက် ၂ နာရီခန့်တွင် လူလေးဦးခန့်က လက်နက်များ ကိုင်ဆောင်ကာ ဝင်ရောက်လုယက်မှု ဖြစ်ပွားခဲ့သည်။

အခန်းအတွင်းသို့ ယင်းလူအုပ်စု ဝင်ရောက်ပြီး ခေါင်းဆောင်ဟု ထင်ရသူက ဓားဖြင့်ခုတ်ရာ သာကေတမြို့နယ်နေ မောင်တေဇာလင်း (၁၉ နှစ်)တွင် ဒဏ်ရာများရရှိခဲ့သည်။ တစ်ချိန်တည်း၌ ပါလာသူများက လေးခွများဖြင့် ပစ်ခတ်ရာ ဒဂုံ(တောင်ပိုင်း)မြို့နယ်နေ ကိုမောင်မောင်စိုး (၄၃ နှစ်)၊ လှိုင်သာယာမြို့နယ်နေ မောင်ဇင်မင်းထက် (၂၃ နှစ်)တို့ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

လုယက်မှုတွင်ပါဝင်သူ အမျိုးသားတစ်ဦးက ငွေသိမ်းကောင်တာအတွင်းမှ ငွေကျပ် သိန်း ၂၀ ကျော်ကို လုယူထွက်ပြေးရာ ဆိုင်ဝန်ထမ်းများနှင့် လုံခြုံရေးဝန်ထမ်းများက ဝိုင်းဝန်းဖမ်းဆီးစဉ် အလုံမြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် ကျော်စိုးဦးနှင့်အဖွဲ့ ရောက်ရှိပြီး အောင်ဆန်း(၂၈ နှစ်) ကြည့်မြင်တိုင်မြို့နယ် အလတ်ချောင်းရပ်ကွက်နေသူအား ဖမ်းဆီးနိုင်ခဲ့သည်။

ဖမ်းဆီးရမိသူအား စစ်ဆေးခဲ့ရာမှ လုယက်မှုတွင် ပါဝင်သည်ဟု ဆိုသည့် ဆံရှည်(ခ)လင်းထိန်နှင့် ပိုင်ပိုင်တို့ နှစ်ဦးအား ထပ်မံဖမ်းမိခဲ့သည်။

လုယက်မှုတွင် ပါဝင်သူများအား အလုံမြို့မရဲစခန်းက ဥပဒေအရ အမှုဖွင့်ဆောင်ရွက်လျက်ရှိပြီး ကျန်ပြစ်မှုကျူးလွန်သူများကို အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် တိုင်းဒေသကြီး၊ ခရိုင်ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးတင်**


## အမည်ပြောင်း

ဒီပဲယင်းမြို့နယ်၊ မရကန် အထက တက္ကသိုလ်ဝင်တန်း(A)မှ ဦးကျော်ခိုင်မင်း ၅/ဒပယ(နိုင်)၀၁၀၃၉၄ ၏သား မောင်ဟိန်းဇော်ခန့်အား မောင်နေလင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်နေလင်း**

## ဖခင်အမည်မှန်

မိုးညှင်းမြို့ အထက(၁)၊ တက္ကသိုလ်ဝင်တန်း(G)မှ မပိုးအိအိကျော်၏ ဖခင်အမည်မှန်မှာ ဦးစိုးသက်နိုင်(ခ) ဦးသက်နိုင် ၁/မညန(နိုင်)၀၇၄၁၆၇ ဖြစ်ပါကြောင်း။

**ဦးစိုးသက်နိုင်(ခ)ဦးသက်နိုင်**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ အင်းတော်မြို့၊ အခြေခံပညာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(F)မှ မခင်ဆွေဝင်း၏ ဖခင်အမည်မှန်မှာ ဦးချက်ကြီး ၅/ဗမန(နိုင်)၀၂၃၂၆၈ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ပိတောက်ချောင်း၊ သောင်ချောင်း၊အမှတ်(၁၀) နယ်မြေ၊ အိမ်အမှတ် ၁၆၁နေ ဦးစိန်သင်း၏သမီး ဒေါ်ချောရွှေ(ခ)မငယ် ၁၂/ဒလန(နိုင်)၀၂၂၉၃၉မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက(ခွဲ)မင်းတန်းကျောင်း တက္ကသိုလ်ဝင်တန်း(B)မှ မပိုပိုကျော်ဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်ဆန်းဝင်းမော် ၁၀/ပမန(နိုင်)၁၂၆၆၄၁ဖြစ်ပါသည်။

**ဒေါ်ဆန်းဝင်းမော်**

## ဖခင်အမည်မှန်

ရွှေတောင်မြို့နယ်၊ ကျီးသဲ(အထက-ခွဲ)အဋ္ဌမတန်းမှ မငြိမ်းပြည့်ပြည့်ဇော်၏ ဖခင်အမည်မှန်မှာ ဦးဟန်မင်းဇော် ၇/ရတန(နိုင်)၀၉၈၁၃၆ဖြစ်ပါကြောင်း။

**ဦးဟန်မင်းဇော်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်စိုးလင်းထွန်း၊ နဝမတန်း(C)မှ မသဲအိဇော်တို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးဖိုးဒေါင်း(ခ) ဦးသောင်းတန် ၁/ရကန(နိုင်)၀၄၄၈၁၅မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(A)မှ မမွေး၊ ပထမတန်း(A)မှ မဆုမွန်ကိုကို တို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးလောဖာ ၁/ရကန(နိုင်)၀၂၃၂၄၀ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၈၅၀၈၄ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သူ ၇/ပတတ(နိုင်)၁၀၉၄၉၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၆၅၁၉၃ Kenbo-R မော်တော်ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဦးရှန်အွယ်ကျင် ၄/ထကလ(နိုင်)၀၄၂၈၄၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး (ဟားခါး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၈၉၀၁၉ Suzuki Viva, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဦး ၇/ပမန(နိုင်)၁၄၈၄၆၇က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ပြည်)၊ ပြည်မြို့**

## ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်း(D)မှ မသန္တာအောင်၊ အဋ္ဌမတန်း(D)မှ မောင်နေလင်းအောင်၊ ဆဋ္ဌမတန်း(B)မှ မမေပပအောင်နှင့်ပထမတန်း(B)မှ မယွန်းနဒီရွှေတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအောင်မြင့်သန်း ၁/ရကန(နိုင်)၀၃၅၃၃၅ ဖြစ်ပါကြောင်း။


# စမ်းချောင်းမြို့နယ် တိုက်ခန်းအတွင်း ပုပ်ပွအမျိုးသမီးအလောင်းတွေ့ရှိ

**ရန်ကုန် စက်တင်ဘာ ၇**

စမ်းချောင်းမြို့နယ် လင်းလွန်း(တောင်)ရပ်ကွက် တကောင်းလမ်းရှိ တိုက်တစ်တိုက်၏ သုံးလွှာ၌ အပုပ်နံ့များရရှိရာမှ အသက် ၂၀ နှစ်အရွယ် အမျိုးသမီးတစ်ဦး သေဆုံးနေသော မှုခင်းတစ်ရပ် စက်တင်ဘာ ၆ ရက် ည ၈ နာရီ မိနစ် ၄၀ ခန့်က ဖြစ်ပွားခဲ့သည်။

ရပ်ကွက်မှ တာဝန်ရှိသူများ၏ သတင်းပေးပို့ချက်အရ စမ်းချောင်းမြို့နယ် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းဝင်း၊ နယ်ထိန်းအရာရှိ ဒုရဲအုပ် ဟိန်းဇော်ထက်နှင့် နယ်ထိန်းတပ်ကြပ် မြတ်သူတို့သည် လင်းလွန်း(တောင်)ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်း၊ ရာအိမ်မှူး ဦးသိန်းလွင်၊ ဦးလှငွေးတို့နှင့်အတူ အဆိုပါ တိုက်ခန်းသို့ သွားရောက်ပြီး အခန်းတံခါးကို ဖျက်၍ ဝင်ရောက်စစ်ဆေးခဲ့ကြသည်။

တိုက်ခန်းအတွင်း မွေ့ရာပေါ်၌ မသဥ္ဇာအောင်သည် ခန္ဓာကိုယ်ပုပ်ပွလျက် သေဆုံးနေသည်ကို တွေ့ရှိခဲ့ရပြီး သေဆုံးသူအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပြီး ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

တပ်ဖွဲ့ဝင်များက သေဆုံးသူ၏ နေအိမ်အား စစ်ဆေးရာတွင် အိပ်ခန်းအတွင်း အဝတ်ထည့်သည့် ဗီရိုအတွင်းမှ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများကို သိမ်းဆည်းရမိခဲ့သည်။ သေဆုံးသူမှာ ဩဂုတ် ၁၂ ရက်က ကန်တော်လေးအထူးကုဆေးခန်း၌ ဆေးကုသမှုခံယူထားသည့် ဆေးမှတ်တမ်းနှင့် သွေးစစ်ချက်မှတ်တမ်းတို့ကို တွေ့ရှိခဲ့ရသည်။ ယင်းမှတ်တမ်းတွင် သွေးလွန်တုပ်ကွေးရောဂါရှိသည်ဟု ဖော်ပြထားကြောင်း မြို့နယ်ရဲစခန်းမှ သိရသည်။ **တင်ဝင်းလေး(ကြည့်မြင်တိုင်)**

# သေနတ်ဖြင့်ပစ်ခတ်၍ ရွှေထည်နှင့်ငွေများလုယူ၊ နှစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**ပိုင်ကျုံ စက်တင်ဘာ ၇**

ကရင်ပြည်နယ် ပိုင်ကျုံမြို့ ကစိုကျေးရွာအုပ်စု တောင်ပလောင်ရွာ၌ စက်တင်ဘာ ၇ ရက် နံနက် ၃ နာရီခန့်က လူနှစ်ဦးလာရောက်၍ သေနတ်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားခဲ့ကြောင်း သေနတ်ဖြင့်အပစ်ခံရသူ နောင်နောင်ဟီ၏ ပြောပြချက်အရ သိရသည်။

"ဒီနေ့ နံနက် ၃ နာရီလောက်က လူတစ်စု ကျွန်တော့်အိမ်ကို ဖောက်ဖျက် ဝင်လာပြီး ကျွန်တော့်အစ်ကိုနဲ့ အမေကို သေနတ်နဲ့ ပစ်သတ်သွားခဲ့ပါတယ်။ ကျွန်တော့်အမေရဲ့နားထင်ကို သေနတ်နဲ့ တေ့ပစ်ပြီး အစ်ကိုကိုတော့ သေနတ်လေးချက်ပစ်တာပါ။ ခေါင်းမှာ တစ်ချက်၊ ခါးမှာတစ်ချက်၊ ဗိုက်မှာတစ်ချက်၊ ခြေထောက်ကိုတစ်ချက် ပစ်သတ်ခဲ့ပါတယ်၊ ဆက်ပြီးတော့ ကျွန်တော့်ကိုလည်း သေနတ်နဲ့ပစ်ခတ်မှုကြောင့် ဦးခေါင်းမှာ ဒဏ်ရာတွေရရှိခဲ့ပါတယ်။ သေနတ်သမားတွေဟာ အိမ်ကရွှေထည်ပစ္စည်းအပါအဝင် ငွေကျပ် သိန်း ၃၀ ကျော်လောက်ကိုလည်း ယူဆောင်သွားခဲ့ပါတယ်"ဟု နောင်နောင်ဟီက ဆက်လက်ပြောပြသည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်ပြီး သေနတ်ဖြင့် လာရောက်ပစ်ခတ်သူများအား စုံစမ်းဆဲဖြစ်ပြီး ပိုင်ကျုံနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း လှိုင်းဘွဲ့မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၏ပြောပြ ချက်အရ သိရသည်။ **တင်ဝင်းလှိုင်(ကော့ကရိတ်)**



# မြို့နယ်ပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၇**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ပထမအဆင့်အုပ်စုပြိုင်ပွဲအဖြစ် ခရိုင်လေးခရိုင်မှ ပဒေသာကွင်း၊ ဒဂုံမြောက်ကွင်း၊ ရန်ကုန်ယူနိုက်တက်ကွင်း၊ စလင်းကွင်း၊ သန်လျင်ကွင်း၊ တွံတေးကွင်း၊ ရွှေပြည်သာကွင်းနှင့် တိုက်ကြီးကွင်းတို့၌ အသင်း ၄၄ သင်းအား သက်ဆိုင်ရာခရိုင်ဇုန်အလိုက်သတ်မှတ်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲမှ ဒုတိယအဆင့်သို့တက်ရောက်လာသောအသင်း ၁၆ သင်းကို အုပ်စုလေးစုခွဲကာ အောက်တိုဘာ ၁၀ ရက်မှ ၃၀ ရက်အထိ အုပ်စုပွဲနှင့် အကြိုဗိုလ်လုပွဲစဉ်များကို ပဒေသာကွင်းနှင့် ရန်ကုန်ယူနိုက်တက်ကွင်းတို့၌ လည်းကောင်း၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို အောက်တိုဘာ ၃၁ ရက်တွင် အောင်ဆန်းအားကစားပြိုင်ဝင်း၌လည်းကောင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**

## ပြင်ဆင် ဖတ်ရှုပါရန်

ဩဂုတ်လ ၂၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၈ ပါ "လမ်း၊ တံတားနှင့် ရေပေးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိ" သတင်း၌ ကျုံလောင်း-ကျောက်မိချောင်းတောင် ကတ္တရာလမ်းနှစ်ဖာလုံအစား ကျုံလောင်း-ကျောက်မိချောင်းတောင် ကတ္တရာလမ်း(၁/၄)မိုင် ဟုပြင်ဆင်ဖတ်ရှုပါရန်။ **စာရေးသူ**

# လက်ရွေးစင်အသင်းဥရောပခြေစမ်းခရီးစဉ်မတိုင်မီ ခြေစမ်းပွဲ၌ အနိုင်ရ

**နေပြည်တော် စက်တင်ဘာ ၇**

နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာ ယူ-၁၉ အသင်းတို့ ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်းတွင် ခြေစမ်းပွဲယှဉ်ပြိုင်ကစားရာ မြန်မာ့လက်ရွေးစင်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာယူ ၁၉ အသင်းမှာလည်း အာဆီယံ ယူ-၁၉ ပြိုင်ပွဲမတိုင်မီ နောက်ဆုံးကစားသည့်ခြေစမ်းပွဲဖြစ်ပြီး ကစားသမားများ၏ ခြေစွမ်းကို အဓိကစမ်းသပ်ခဲ့သည်။ ယခု ခြေစမ်းပွဲကို မိနစ် ၃၀ သုံးပိုင်းခွဲ၍ ကျင်းပခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်သည် ပွဲထွက်လူစာရင်း၌ အမာခံကစားသမားအစုံအလင်အသုံးပြုခဲ့ပြီး အောင်သူနှင့် ဝင်းနိုင်စိုးကို တိုက်စစ်တွင်အသုံးပြုကာ ကျော်ကိုကိုအား တောင်ပံတွင် အသုံးပြုခဲ့သည်။ မြန်မာယူ-၁၉ အသင်းသည် စအောင်ပြည့်ကို၊ ဆန်းဆက်နိုင်(ဂိုး)၊ မြတ်ထွန်းသစ်တို့ဖြင့် ပွဲထွက်ခဲ့ပြီး ဒုတိယပိုင်းနှင့်တတိယပိုင်းတွင် ကစားသမားများ အပြောင်းအလဲလုပ်ခဲ့သည်။ လက်ရွေးစင်အသင်းအတွက် အနိုင်ဂိုးကို ၈၈ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဇော်မင်းထွန်းက ခေါင်းတိုက်သွင်းခဲ့ခြင်းဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-ဖိုးသော်ဇင်**

# ပုဂ္ဂလိကတက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ ကျင်းပပြီးစီး

**ရန်ကုန် စက်တင်ဘာ ၇**

ပုဂ္ဂလိကတက္ကသိုလ်နှင့် ကောလိပ်ပေါင်းစုံ PUL Cup 2016 ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၆ ရက်က YUSC မြက်ခင်းတုကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် Victoria University College အသင်းနှင့် Chindwin College အသင်းတို့ ယှဉ်ပြိုင်ကစားရာ Victoria University အသင်းက လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့ပြီး တတိယနေရာလုပွဲတွင် STI အသင်းက Gusto အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ဆုရအသင်းများအား တာဝန်ရှိသူများက ဆုချီးမြှင့်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကိုကိုသိန်းက ပထမဆုရ Victoria University College အသင်းကို ချန်ပီယံဆုဖလား ပေးအပ်ချီးမြှင့်သည်။ ယခု ပြိုင်ပွဲမှရရှိသည့် ကွင်းဝင်ကြေး ငွေကျပ်သိန်း ၃၀ ကို ရေဘေးသင့်ဒေသများသို့ လှူဒါန်းသွားမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

## စက်တင်ဘာ ၇ ရက် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

၂၀၁၆ ခုနှစ် စက်တင်ဘာ ၇ ရက် (ဗုဒ္ဓဟူးနေ့) ဈေးပိတ်ချိန် လယ်ယာထွက်ကုန်နှင့် သစ်သီးဝလံဈေးနှုန်းများ

| စဉ် | အမျိုးအစား | ထွက်ရှိရာဒေသ | ယူနစ် | ဈေးကွက် | ဈေးနှုန်း(ကျပ်)ပျမ်းမျှ အနိမ့်ဆုံးမှ အမြင့်ဆုံး |
|---|---|---|---|---|---|
| ၁။ | ပေါ်ဆန်း(ဆန်) | နယ်စုံ(ဖျာပုံ၊ ဒေးဒရဲ၊ မြောင်းမြ၊ ပုသိမ်၊ ရွှေဘို) | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၃၁၀၀၀ မှ ၄၅၅၀၀ |
| ၂။ | ညှော့မထ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၈၀၀ မှ ၂၀၈၀၀ |
| ၃။ | ငစိန်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၀၀၀၀ မှ ၂၁၀၀၀ |
| ၄။ | မြီးတုံး(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၅၀၀၀ မှ ၂၇၅၀၀ |
| ၅။ | မိုးသုခ(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၂၆၀၀၀ မှ ၂၇၀၀၀ |
| ၆။ | နွေသီးထပ်(ဆန်) | | တစ်တင်းခွဲ | ဝါးတန်းလမ်းကုန်စည်ဒိုင် | ၁၉၅၀၀ မှ ၂၀၃၀၀ |
| ၇။ | မတ်ပဲ FAQ/RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၃၈၃၀၀၀ |
| ၈။ | ပဲစင်းငုံနီ RC | | တစ်တန် | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၁၉၂၀၀၀ |
| ၉။ | ပဲတီစိမ်း(ပဲ) | နယ်စုံ(ပခုက္ကူ၊ ရွှေဝါ၊ ပဲခူး၊ ဝါးခယ်မ) | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၁၂၀၀ မှ ၁၆၇၀ |
| ၁၀။ | ကြက်သွန်နီ | ဆိပ်ဖြူ၊ ပခုက္ကူ၊ မြင်းခြံ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၇၅ မှ ၆၀၀ |
| ၁၁။ | ကြက်သွန်ဖြူ | ကျူကုတ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၀၅၀ မှ ၄၀၀၀ |
| ၁၂။ | ကြက်သွန်ဖြူ | တောင်ကြီး၊ အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၀၀ မှ ၃၈၅၀ |
| ၁၃။ | ငရုတ်ရှည် | အိန္ဒိယ | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၄၁၀၀ မှ ၄၁၆၀ |
| ၁၄။ | ငရုတ်(မိုးထောင်) | ကျောက်ဆည်၊ သဲတော၊ ပျော်ဘွယ် | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၂၉၀၀ မှ ၃၁၀၀ |
| ၁၅။ | အာလူး | အောင်ပန်း | တစ်ပိဿာ | ဘုရင့်နောင်ကုန်စည်ဒိုင် | ၃၃၀ မှ ၇၀၀ |
| ၁၆။ | ဖရဲသီး | ၈၅၅ | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၁၇၀၀ မှ ၂၈၀၀ |
| ၁၇။ | နာနတ်သီး | | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၅၀၀ မှ ၁၀၀၀ |
| ၁၈။ | ကျွဲကောသီး | မော်လမြိုင် | တစ်လုံး | သီရိမင်္ဂလာဈေးကုန်စည်ဒိုင် | ၈၀၀ မှ ၂၃၀၀ |

**လယ်ယာစိုက်ပျိုးရေးနှင့် ဈေးကွက်သတင်းအချက်အလက်အေဂျင်စီ (AMIA) မှ ပေးပို့သည်။**


**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ပုံနှိပ်စက္ကူ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ စာရေးကိရိယာပစ္စည်းများဝယ်ယူရန်**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအတွက် အသုံးပြုရန်လိုအပ်သော ပုံနှိပ်စက္ကူ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ကွန်ပျူတာဆက်စပ်ပစ္စည်းများ၊ စာရေးကိရိယာပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။
၂။ လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၅)၊ နေပြည်တော်တွင် ၇-၉-၂၀၁၆ ရက်မှစ၍ တင်ဒါလျှောက်လွှာများ ဝယ်ယူနိုင်ပြီး ၂၁-၉- ၂၀၁၆ ရက် ညနေ ၁၆း၃၀ နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။
၃။ ပြည့်စုံစွာဖြည့်စွက်ထားခြင်းမရှိသော တင်ဒါပုံစံများကို ရွေးချယ်မှုပြုမည်မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။
၄။ တင်ဒါပုံစံအပါအဝင် တင်ဒါခေါ်ယူသည့်ပစ္စည်းတစ်ခုချင်း၏ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းချက်များကို အောက်ပါလိပ်စာတွင် စုံစမ်းရယူနိုင်ပါသည်။

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်)**
**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ရုံးအမှတ် (၁၅)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၀၁၄၊ ၀၆၇-၄၁၀၁၄၉**

**ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကျင်းပမည်**

ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၀၁၆ခုနှစ် ဒီဇင်ဘာလ၃၀၊ ၃၁ရက်တွင် နမ္မတူမြို့ အထက(၁)ကျောင်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် နမ္မတူမြို့ အထက(၁)၊ အထက(၂) ယခင် အလက(၁)၊ အလက(၂)နှင့် မြို့ပေါ်ရှိ အမကကျောင်းများတွင် ပညာသင်ကြားပေးခဲ့သော အသက်(၆၀) ပြည့်ပြီး ဆရာကြီး ဆရာမကြီးများမှ တက်ရောက်အပူဇော်ခံယူပေးနိုင်ပါရန်နှင့် ပညာသင်ကြားခဲ့ကြသော ကျောင်းသား/ကျောင်းသူဟောင်းများ (နှစ်အကန့်အသတ်မရှိ)တက်ရောက်ပူဇော်ပေးနိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျောင်းသား/ကျောင်းသူဟောင်းများ**

**ဆက်သွယ်ရန်** - ဦးမင်းဇော် ဖုန်း၀၉-၂၅၈၅၆၄၂၈၅၊ ဦးမျိုးသန့် ဖုန်း-၀၉-၄၄၀၃၆၂၀၉၀၊ ဦးစိုင်းလွမ်းမိုးအောင် ဖုန်း-၀၉-၂၅၇၀၃၆၇၄၄၊ ဒေါ်နန်းမြစိန် ဖုန်း-၀၉-၂၅၆၃၄၄၃၈၃၊ ၀၉-၂၆၁၉၈၄၈၉၃၊ ဒေါ်နန်းသဇင်အေး ဖုန်း-၀၉-၂၆၀၀၁၂၈၆၁၊ ဒေါ်ရွှေရွှေအောင် ဖုန်း-၀၉-၂၆၃၃၆၁၄၂၄။

**မြန်မာ့သစ်လုပ်ငန်း**
**ပျဉ်ပါးနှင့်ထင်းများအားအိတ်ဖွင့်လေလံတင်ရောင်းချရန်ကြော်ငြာခြင်း**

၁။ မြန်မာ့သစ်လုပ်ငန်း ၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနလက်အောက်ရှိ အမှတ်(၁/၃/၄/၆/၈/၁၀) သစ်စက်များတွင် အောက်ဖော်ပြပါ ပျဉ်ပါးနှင့်ထင်းများအား အိတ်ဖွင့်လေလံတင်ရောင်းချမည်ဖြစ်ပါသည် -

| | ပျဉ်ပါး(တန်) | ထင်း(တန်) |
|---|---|---|
| (က) အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်) | ၁၃. ၀၀ | ၄၅၀. ၀၀ |
| (ခ) အမှတ်(၃)သစ်စက်(ဝါးတရာ) | ၉. ၀၀ | ၆၀. ၀၀ |
| (ဂ) အမှတ်(၄)သစ်စက်(ဝါးတရာ) | ၅. ၀၀ | ၁၀၀. ၀၀ |
| (ဃ) အမှတ်(၆)သစ်စက်(ဝါးတရာ) | ၃. ၀၀ | ၃၀. ၀၀ |
| (င) အမှတ်(၈)သစ်စက်(လှိုင်) | ၁၄. ၀၀ | ၁၅၁. ၀၀ |
| (စ) အမှတ်(၁၀)သစ်စက်(သန်လျင်) | ၁၂. ၀၀ | ၉၆. ၀၀ |

၂။ လေလံတင်ရောင်းချမည့်နေ့ရက်နှင့်အချိန် - ၂၇. ၉. ၂၀၁၆ (အင်္ဂါနေ့) နံနက်(၉း၀၀)နာရီ
၃။ လေလံတင်ရောင်းချမည့်နေရာ - အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်)
၄။ လေလံလျှောက်လွှာနှင့်စည်းကမ်းချက်ပုံစံ ရောင်းချမည့်ရက်နှင့်နေရာ - ၁၂. ၉. ၂၀၁၆ မှ ၂၆. ၉ . ၂၀၁၆အထိ(ရုံးချိန်အတွင်း) အမှတ်(၁)သစ်စက်(ကြည့်မြင်တိုင်)၊ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်၊ ၀၁-၅၃၄၄၇၀၊ ၀၉-၅၀၁၁၃၄၉

လေလံတင်ရောင်းချရေးအဖွဲ့

**အမြန်ဆက်သွယ်ပါ**

မဝင်းယုဝေ (ဘ)ဦးဝင်းကျင်ဟု ၁၃/လရန(နိုင်)၀၇၈၃၆၂ ဘိုးဘိုးနေမကောင်းပါသဖြင့် အမြန်ဆက်သွယ်ပါ။ **ဦးကိုကို**
**ဖုန်း-၀၉-၇၉၉၆၈၅၈၇၂**

**ဖခင်အမည်မှန်**

ရေတာရှည်မြို့၊ အထက(ခွဲ)၊ ရွှေကြက်ယက်မှ တက္ကသိုလ်ဝင်တန်းကျောင်းသူ မသဲနုအေး၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်မြင့် ၇/ရတရ(နိုင်)၀၂၉၀၇၉ ဖြစ်ပါကြောင်း။
**ဦးခင်မောင်မြင့် ၇/ရတရ(နိုင်)၀၂၉၀၇၉**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**တိုင်းရင်းဆေးပညာဦးစီးဌာန**
**ရခိုင်ပြည်နယ်ဦးစီးဌာနမှူးရုံး၊ စစ်တွေမြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရခိုင်ပြည်နယ်ရှိ ကျောက်တော်မြို့နယ် ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံ ပြင်ပလျှပ်စစ်မီးသွယ်တန်းခြင်းနှင့် 100 KVA Transformer တည်ဆောက်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။
၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၈-၉-၂၀၁၆ရက် (ကြာသပတေးနေ့)
**တင်ဒါပိတ်မည့်ရက်** - ၁၆-၉-၂၀၁၆ရက် (သောကြာနေ့)
**တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀နာရီ
၃။ တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ရခိုင်ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာနတွင် ရုံးချိန်အတွင်းရယူနိုင်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ရခိုင်ပြည်နယ်တိုင်းရင်းဆေးပညာဦးစီးဌာန ဖုန်း-၀၄၃-၂၁၂၅၅ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**Myanmar Medical Association (MMA)**
**Vacancy Announcement**

(1) Program and M&E Manager (1) Post: Salary USD 1100/- in MMK
(2) Medical Officer (5) Posts: Salary USD 750/- in MMK
(3) Admin/Logistics and Finance Officer (1) Post: Salary USD 700/- in MMK
(4) Nurse/Health Assistant (5) Posts: Salary USD 500/- in MMK
(5) Clinic Assistant (5) Posts: Salary USD 300/- in MMK
(6) Admin/Finance and Logistics Assistant (3) Posts: Salary USD 400/- in MMK
(7) Case Worker, Gender Based Violence (10) Posts: Salary USD 350/- in MMK

Last Date:- 19 September 2016

For detail information: See MIMU : www.themimu.info
or Phone Nos. 01399474, 0973249949

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မိတ္ထီလာမြို့နယ်၊ ရှမ်းတဲ၊ အထက(၅)၊ တက္ကသိုလ်ဝင်တန်း(D)မှ မောင်ဇင်ကိုဦး၏ဖခင် ဦးဘုငယ်နှင့် ဦးဟန်လှိုင် ၉/ဝတန(နိုင်)၀၃၂၈၁၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဘုငယ်(ခ)ဦးဟန်လှိုင်**

**ဖခင်အမည်မှန်**

ဆိပ်ဖြူမြို့ အထက တက္ကသိုလ်ဝင်တန်းမှ မနှင်းသန္တာအောင်၏ ဖခင်အမည်မှန်မှာ ဦးလှမျိုး(ခ) ဦးလှမျိုးသူ ၈/မမန(နိုင်)၁၅၀၆၉၀ ဖြစ်ပါကြောင်း။

# မိတ္ထီလာမြို့ရှောင်လမ်းဖောက်လုပ်ပြီးစီးသော်လည်း လမ်းပခုံးသားဆောင်ရွက်ခြင်းနှင့် မြောင်းကူးတံတားတည်ဆောက်မှု ပြီးစီးရန်အနည်းငယ်ကျန်ရှိ



**မိတ္ထီလာ စက်တင်ဘာ ၇**

မိတ္ထီလာမြို့ရှောင်လမ်း ကတ္တရာလမ်း ငါးမိုင် နှစ်ဖာလုံ၊ ကွန်ကရစ်လမ်း ကိုးမိုင် နှစ်ဖာလုံ စုစုပေါင်း ၁၄ မိုင် လေးဖာလုံကို ဩဂုတ်လနောက်ဆုံးပတ်က ဖောက်လုပ်ပြီးစီးသွားပြီဖြစ်သော်လည်း လမ်းပခုံးသားများဆောင်ရွက်ခြင်းနှင့် မြောင်းကူး တံတားတစ်စင်း တည်ဆောက်မှုပြီးစီ ရန် အနည်းငယ်ကျန်ရှိခြင်းကြောင့် ယင်းမြို့ရှောင်လမ်းကို ဖွင့်လှစ်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။

"သော်တာဝင်းကုမ္ပဏီက တာဝန်ယူဖောက်လုပ်တဲ့ မြို့ရှောင်လမ်းပိုင်း ကိုးမိုင် နှစ်ဖာလုံ ကွန်ကရစ်လမ်းဖောက်လုပ်မှုကပြီးစီးသွားပြီဆိုပေမယ့် လမ်းပခုံးသားတွေ ဆောင်ရွက်ဖို့ ကျန်သေးတယ်။ လမ်းပခုံးသားတစ်ဖက် ကိုးပေကို ကျောက်ခင်းခြင်းလုပ်ငန်း ၁၀ မိုင်နီးပါး ဆောင်ရွက်ရမှာဖြစ်လို့ မိုးရွာသွန်းမှုအခြေအနေအပေါ် မူတည်ပြီးတော့ လုပ်ငန်းပြီးစီးမှုက တစ်လလောက်ကြာရင် ကြာမယ် ။ မြို့ ရှောင်လမ်းဖွင့်လှစ်နိုင်မယ့် ရက်ကိုတော့ လတ်တလောကုမ္ပဏီက မပြောနိုင်သေးဘူး။ မိုးရွာသွန်းမှုမရှိရင်တော့ လမ်းဖွင့်နိုင်မယ့် ရက်ကိုခန့်မှန်းပြောနိုင်မယ်လို့ ပြောပါတယ်"ဟုမိတ္ထီလာမြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးစိုးက ပြောသည်။

မိတ္ထီလာမြို့ရှောင်လမ်း ကတ္တရာလမ်းပိုင်း ငါးမိုင် နှစ်ဖာလုံကို ယုဇနကုမ္ပဏီက တာဝန်ယူဖောက်လုပ်ခြင်းဖြစ်ပြီး ယင်းလမ်းပိုင်း ဖောက်လုပ်မှုပြီးစီးသည်မှာ နှစ်လခန့်ကြာမြင့်ခဲ့ပြီ ဖြစ်သော်လည်း အဆိုပါလမ်းပိုင်းတွင်ပါဝင်သည့် ညောင်မြင့်ကျေးရွာအနီး ပေ ၂၀၀ ခန့်ရှည်လျားသည့် မြောင်းကူးတံတား တည်ဆောက်နေမှုလုပ်ငန်းမှာ ပြီးစီးရန် ဆလပ်လောင်းသည့်လုပ်ငန်း အနည်းငယ် ကျန်ရှိနေသည်။

မိတ္ထီလာမြို့ရှောင်လမ်းဖောက်လုပ်ပြီးစီးပြီး မကြာမီ မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်သွားလာနိုင်တော့မည်ဖြစ်ရာ မြို့တွင်းလမ်းများတွင် ယာဉ်အန္တရာယ်များလျော့နည်းသက်သာစေပြီး မြို့ရှောင်လမ်းတစ်လျှောက် ကျေးရွာများလည်း လမ်းပန်းဆက်သွယ်သွားလာရေး ယခင်ကထက် ပိုမိုအဆင်ပြေချောမွေ့လာမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# စစ်ကိုင်းမြို့၌ နိုင်ငံတကာအဆင့်မီအရေးပေါ်ကယ်ဆယ်ရေးသင်တန်းဖွင့်



**စစ်ကိုင်း စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး စစ်ကိုင်းမြို့ မြို့ဦးပရိယတ္တိစာသင်တိုက် ဇာမဏီ ဓမ္မပါလဓမ္မာရုံကြီး၌ ကျောက်ဆည် ခရိုင်လုံးဆိုင်ရာ ပရဟိတပေါင်းစုံကွန်ရက်အဖွဲ့ကြီးနှင့် မြန်မာနိုင်ငံ Rescue လူမှုကယ်ဆယ်ရေးအဖွဲ့တို့ပူးပေါင်းဖွင့်လှစ်သော နိုင်ငံတကာအဆင့်မီအရေးပေါ်ကယ်ဆယ်ရေးသင်တန်းကြီးကို ဩဂုတ် ၃၀ ရက်မှစက်တင်ဘာ ၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကြီးသို့ စစ်ကိုင်း၊ ကျောက်ဆည်၊ မြစ်သား၊ တံတားဦး၊ စစ်ကိုင်း၊ မန္တလေး၊ ဖားကန့်၊ လုံးခင်း၊ မိုင်းမောဒေသများမှ လူမှုကူညီရေးအသင်း ၃၉ သင်းမှ သင်တန်းသားသင်တန်းသူ ၂၀၄ ဦး တက်ရောက်သင်ကြားခဲ့ကြပြီး ငါးရက်တာ ကြာမြင့်ခဲ့သည်။ စက်တင်ဘာ ၄ ရက်က စစ်ကိုင်းမြို့ဗိုလ်တေဇလမ်း ဇီးတောမြောင်းတံတားပေါ်တွင် လူထုရှေ့ လက်တွေ့သရုပ်ပြအရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်မှုအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြသခဲ့ကြသည်။ ထို့နောက်သက်ဆိုင်ရာတာဝန်ရှိသူများမှ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်းသိရသည်။ **အောင်မင်း(စစ်ကိုင်း)**

# ကနီမြို့နယ် ညောင်ပင်ဝန်းကျေးရွာ မြေများနိမ့်ဆင်း၍ ပပ်ကြားအက်များဖြစ်ပေါ်

**ကနီ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် တဇယ်ချောင်ကျေးရွာအုပ်စု ညောင်ပင်ဝန်းကျေးရွာတွင် ချင်းတွင်းမြစ်ကမ်းဘေးမှ ပေ ၁၅၀ ကျော်ခန့်အကွာတွင် ဩဂုတ်လနောက်ဆုံးပတ်မှစ၍မြေများနိမ့်ဆင်း၍ ပပ်ကြားအက်များ ဖြစ်ပေါ်လျက်ရှိကြောင်း ယင်းကျေးရွာနေသူတစ်ဦး ပြောပြချက်အရ သိရသည်။

ယင်းသို့ အက်ကွဲရခြင်းမှာ ချင်းတွင်းမြစ်ကမ်းဘေးရှိ ရွာ၏ကျောဘက်၌ မြစ်ရေတက်လျှင် ရေဝင်ရောက်သည့် တဇယ်ချောင်းအင်းရှိရာ မြစ်ရေများကျဆင်းသွားသည့်အခါ ယင်းအင်းမှရေများသည် မြစ်ဘက်သို့အချို့နေရာများတွင် စိမ့်ထွက်မှုများရှိ၍ အခုလိုမြစ်ကမ်းဘေး မြေများနိမ့်ဆင်း အက်ကွဲမှုများဖြစ်ပွားခဲ့ကြောင်း ယခင်နှစ်က ရွာ၏အစွန်ဘက်တွင်ဖြစ်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောပြသည်။

အဆိုပါမြေများနိမ့်ဆင်း ပပ်ကြားအက်ကွဲမှုများဖြစ်ပွား၍ မြစ်ကမ်းဘေးမှ ဦးစန်းလင်းနေအိမ်နှင့် ဦးတင်ခို၏ နွားတဲနှင့် ကမ်းနဖူးလမ်း ထက်ဝက်ခန့် အက်ကွဲနေမှုများကို မြို့နယ်သဘာဝဘေးကြိုတင်ကာကွယ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုကာ ဆက်လက်၍ မြေနိမ့်ဆင်းမှုများဖြစ်ပွားလျှင် ရွှေ့ပြောင်းဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြောင်း သိရသည်။

ယင်းညောင်ပင်ဝန်းကျေးရွာတွင် အိမ်ခြေ ၁၁၈ အိမ်၊ အိမ်ထောင်စု ၁၅၆ စုရှိပြီး လူဦးရေ ၇၆၅ ဦး နေထိုင်ကြကြောင်း သိရသည်။

**သန်းငွေအောင်(ကနီ)**



# မှုခင်းသတင်းအတိုအထွာ

## နတ်မောက်

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ်လဲဘူးကျေးရွာ၌မီးရထားလမ်းဖြတ်ကူးရာမှမီးရထားစက်ခေါင်းဖြင့်တိုက်ကြိတ်မိ၍သေဆုံးခြင်း စက်တင်ဘာ ၃ ရက်က ဖြစ်ပွားခဲ့သည်။ အဆိုပါကျေးရွာသည် စိုင်ကောင်းကျေးရွာတောင်ဘက် ၁၆ မိုင်ခန့် လဲဘူး ကျေးရွာအရှေ့ဘက် တစ်ဖာလုံခန့်အကွာ နတ်မောက်-ပျော်ဘွယ်မီးရထားလမ်းမိုင်တိုင်အမှတ်(၃၃/၂၂)နှင့်(၃၃/၂၃)ကြားတွင် လဲဘူးကျေးရွာနေ နွဲ့ရည်လေး (၄၄နှစ်)သည် မီးရထားလမ်းဖြတ်ကူးစဉ် (ED GTC 103) နတ်မောက်ဘက်မှ ပျော်ဘွယ်ဘက်သို့လာသော အဆန်မီးရထားစက်ခေါင်းဖြင့် ကြိတ်မိ၍ သေဆုံးသွားခဲ့ကြောင်း သိရသည်။

**လှဝင်း**

## အင်းတော်

အင်းတော်မြို့နယ် ရွှေဘို -မြစ်ကြီးနားကားလမ်းမိုင်တိုင်အမှတ် (၁၄၁/၄) အနီး၌ အင်းတော်မြို့နယ်သစ်တောဦးစီး ဦးခိုင်မွန်နှင့်အဖွဲ့ဝင်တို့သည် အင်းတော် မြို့အဝင် မောင်းတံဂိတ်အနီးတွင် စောင့်ဆိုင်းနေစဉ် ယာဉ်အမှတ် 8L/ ---- ၁၀ ဘီး ယာဉ်တစ်စီးကိုတွေ့ရှိ၍ ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်တင်ဆောင်လာသော ကျွန်းခွဲသားပရိဘောဂ အကြမ်းထည် ၄၀၂ ချောင်း၊ ၀ ဒသမ ၅၉၇၆ တန်ကို တွေ့ရှိရ၍ ယာဉ်မောင်းကျော်မျိုးထိုက်အား အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

## ကသာ

ကသာခရိုင် မှုခင်းနှိမ်နင်းရေးဌာနမှ ရဲအုပ်အောင်အောင်သန်းနှင့် တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၅ ရက် နံနက် ၁ နာရီခန့်က သာစည်ကျေးရွာလမ်းဆုံအရောက် လူတစ်ဦးမှ တူမီးသေနတ်တစ်လက်အား လွယ်လျက် တောတွင်းမှ ထွက်လာသည်ကိုတွေ့ရှိရ၍ စစ်ဆေးခဲ့သည်။

၎င်းမှာ ကသာမြို့နယ် နလယ်အင်းကျေးရွာနေ စိုးဝင်း ဆိုသူဖြစ်ကြောင်း သိရှိရပြီး ၎င်းလွယ်ထားသော တူမီးသေနတ်တစ်လက်နှင့်အတူ ခဲသီးအသေး ၁၀၅ လုံး၊ ခဲသီးအကြီး ၁၀၂ လုံး၊ ယမ်းစိမ်းအမှုန့်ကော်ဘူးတစ်ဘူး၊ ယမ်းခဲလိပ် ၁၆ တောင့်၊ အုန်းဆံဖတ် ခုနစ်ခုတွေ့ရှိ၍ သိမ်းဆည်းခဲ့ကာ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

## ကော့သောင်း

ကော့သောင်းမြို့နယ် ရဲတပ်ဖွဲ့မှ ငွေသိန်းတစ်ရာကျော်နှင့် ရွှေထည်ပစ္စည်းများ ခိုးယူသူအား စက်တင်ဘာလပထမပတ်က ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ကော့သောင်းမြို့အဏ္ဏဝါရပ်ကွက် ဘုရားလမ်း မ/၂၄၂ နေ ဒေါ်ခင်ထားဝေ နေအိမ်မှကျပ်ငွေ သိန်း ၁၀၀ ကျော်ခန့် ဘတ်ငွေ ၅၀၀၀ ကျော် ရွှေထည်ပစ္စည်းများ ကာလတန်ဖိုး ၁၃၆ သိန်းကျော်ခန့် အိမ်ရှင်များမရှိခိုက် ခိုးယူခံရကြောင်း တိုင်တန်းသဖြင့် စုံစမ်းရာ သဲလွန်စအဖြစ်လွန်ခဲ့သော ၁၂ ရက်ခန့်က အလုပ်ခန့်ထားသူ လှိုင်းထက် (၂၃ နှစ်) ဒလမြို့နယ်နေသူမှာ ယခုအခါပျောက်နေကြောင်း သိရသည်။

အမှုကို ဘုတ်ပြင်းရဲစခန်းနှင့် ဆက်သွယ်ပူးပေါင်းရှာဖွေခဲ့ရာ ဘုတ်ပြင်းမြို့တွင် လှိုင်းထက်နှင့် မိုးမင်းဝင်း(ခ) မိုးကြီး (၂၁နှစ်) မအူပင်မြို့နယ်နေသူတို့နှစ်ဦး ခိုးရာပါပစ္စည်းများနှင့်အတူ ဖမ်းဆီးမိခဲ့ကြောင်းသိရသည်။ **ကျော်စိုး(ကော့သောင်း)**

## မိုင်းဖြတ်

ရှမ်းပြည်နယ်အရှေ့ပိုင်းတာချီလိတ်ခရိုင်မိုင်းဖြတ်မြို့နယ် တောညအုပ်စု တာလကျေးရွာအနီး စက်တင်ဘာ ၄ ရက်ညနေ ၅ နာရီခွဲကမိုင်းဖြတ်ဘက်မှ တာချီလိတ်ဘက်သို့မောင်းနှင်လာသော ဆိုင်ကယ်နှင့် တာချီလိတ်မှ မိုင်းဖြတ်ဘက်သို့ မောင်းနှင်လာသော ခြောက်ဘီးယာဉ်နှစ်စီးယာဉ်တိုက်မှုဖြစ်ပွား၍ ဆိုင်ကယ်မောင်းနှင်လာသူတစ်ဦးသေဆုံးပြီး ခြောက်ဘီးယာဉ် မောင်းသူတစ်ဦးဒဏ်ရာအနည်းငယ်ရရှိခဲ့ကြောင်း သိရသည်။ ဆိုင်ကယ်ယာဉ်မောင်းနှင့် ခြောက်ဘီးယာဉ်မောင်းနှင်သူနှစ်ဦးအား မိုင်းဖြတ်မြို့မရဲစခန်းမှ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးလက်စာကြည့်တိုက်များအတွက် နိုင်ငံပိုင်သတင်းစာများ ရွှေတောင်မြို့နယ်၌ လှူဒါန်း

**ပြည် စက်တင်ဘာ ၇**

ကျေးလက်နေပြည်သူများ စာပေဗဟုသုတတိုးပွားရရှိစေရေး စာပေဖတ်ရှုလေ့လာမှု ကျယ်ပြန့်လာစေရေးတို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုရန်ရည်ရွယ်၍ နိုင်ငံပိုင်သတင်းစာများလှူဒါန်းပွဲကို စက်တင်ဘာလပထမပတ်က ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပသည်။ အခမ်းအနားတွင် ပြည်မြို့နယ်စာရေးဆရာအသင်း ဘဏ္ဍာရေးမှူး ဦးရွှေဝင်းက နိုင်ငံပိုင်သတင်းစာစောင်ရေ ၁၅၀၀ ကိုလှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အေးအေးဆင့်က လက်ခံယူသည်။

ယင်းကဲ့သို့ပင် ပြည်ခရိုင်အတွင်းရှိ ပေါင်းတည်မြို့နယ်နှင့် ပြည်မြို့နယ်တို့မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် နိုင်ငံပိုင်သတင်းစာ စောင်ရေ ၃၀၀၀ ကို ကျေးလက်စာကြည့်တိုက်များတွင် ပြည်သူများလေ့လာဖတ်ရှုနိုင်ရန် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(ဝ၆ဝ)

# ရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူများစုပေါင်း၍ ရေကြီးရေလျှံမှုကာကွယ်နိုင်ရန် ဆောင်ရွက်



**ပေါက် စက်တင်ဘာ ၇**

ပေါက်မြို့ အောင်တော်မူရပ်ကွက်မြောက်ဘက် အနိမ့်ပိုင်းရှိ လူနေအိမ်ဝင်းများနှင့် လမ်းများပေါ်တွင် မိုးတွင်းကာလ၌ ဆင်ဇာချောင်းရေများလျှံတက်ကာ ရေဝင်ရောက်မှုများ မကြာခဏဖြစ်ပေါ်လျက်ရှိသဖြင့် ယခုနှစ်တွင် ရေဝင်ရောက်မှုများမဖြစ်ပေါ်စေရေးအတွက် အမှတ်(၂)ဆင်ဇာချောင်း တံတားအောက်ဘက်ကပ်လျက်တွင် ရေကာတာတိုင်များရိုက်ခြင်းနှင့် သဲအိတ်များ အဆင့်ဆင့်ချခြင်းတို့ကို ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုအဖြစ် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများစုပေါင်း၍ စက်တင်ဘာ ၅ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆင်ဇာချောင်းရေသည် မိုးတွင်းကာလ မိုးသည်းထန်စွာရွာသွန်းသည်နှင့်တစ်ပြိုင်နက် တောင်ကျချောင်းရေများ တစ်ဟုန်ထိုးစီးဆင်းကာ ချောင်းရေများလျှံတက်ပြီး အောင်တော်မူရပ်ကွက်မြောက်ဘက် အနိမ့်ပိုင်းရှိ လမ်းများနှင့် ရပ်ကွက်အတွင်း နေအိမ်ဝင်းများသို့ ရေဝင်ရောက်ကာ အိမ်အချို့တွင် လူနေအိမ်များထဲအထိပါ ရေဝင်လေ့ရှိသဖြင့် လူနှင့်တိရစ္ဆာန်များမှာ ရေဝင်ချိန်တွင် ရွှေ့ပြောင်းနေထိုင်ရခြင်းများပင် ရှိခဲ့သည်။ ထို့ကြောင့် မကြာခဏ ကြုံတွေ့နေရလေ့ရှိသော ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ၏ လုပ်အား၊ ငွေအားနှင့် စေတနာရှင်အလှူရှင်များ စုပေါင်း၍ ရေကာတာတိုင်များရိုက်ခြင်းနှင့် သဲအိတ်များချခြင်းတို့ကို ရေဘေးကာကွယ်ရေးအတွက် ကြိုတင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။**ဉာဏ်တိုး(ပေါက်)**

# စားသုံးသူကာကွယ်ရေး ပညာပေးဟောပြောပြီး နယ်လှည့်စာကြည့်တိုက်ဖွင့်

**ချောင်းဦး စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် တောကျောင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အောင်သုရိန်ခန်းမ၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို မြို့နယ်စားသုံးသူရေးရာဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။



ဟောပြောပွဲတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်လင်းက အမှာစကားပြောကြားပြီး စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဒေါ်ခိုင်မို့မို့က ကျောင်းသား ကျောင်းသူများအနေဖြင့် ဆိုးဆေးပါသော မုန့်ပဲသရေစာများ၊ သက်တမ်းလွန်မုန့်များကို စားသုံးမိပါက ကျန်းမာရေး ထိခိုက်နိုင်ပုံများနှင့် ကျောင်းမုန့်ဈေးတန်းများကလည်း စားသုံးရန်မသင့်ကြောင်း ကြေညာထားသည့် အစားအသောက်များကို မရောင်းချရန်၊ ကျောင်းသား ကျောင်းသူများကလည်း မစားသုံးကြရန် ပညာပေးဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်ကို ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးကာ အသိပညာပေး နံရံကပ်စာစောင်များလည်း ပြသခဲ့သည်။
**(မြို့နယ် ပြန်/ဆက်)**

# ဘာသာရပ်ဆိုင်ရာအရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မော်လိုက် စက်တင်ဘာ ၇**

မော်လိုက်မြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ပညာသင်နှစ် စတုတ္ထတန်းဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲကို မော်လိုက်မြို့အခြေခံပညာအထက်တန်းကျောင်း စုံညီခန်းမ၌ စက်တင်ဘာ ၆ ရက်က စတင်ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် မော်လိုက်မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကျော်စိုးက ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲကို ဆရာ ဆရာမများ မိမိဘာသာရပ်ကို ကျွမ်းကျင်ပိုင်နိုင်စေရန်၊ ကလေးများ၏အရည်အသွေး တိုးတက်စေရန်၊ သင်ခန်းစာနှင့်ပတ်သက်သည့် အသိပညာများရရှိစေရန်၊ သင်ထောက်ကူပစ္စည်းများ အသုံးပြုတတ်စေရန်နှင့် သင်ခန်းစာပြင်ဆင်ရေးဆွဲတတ်စေရန် စသည့်ရည်ရွယ်ချက် ငါးရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် ပညာရေးနှင့်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံသူ နိုင်ငံသားများ၏ ပညာရေးမြှင့်တင်မှုများကို အနာဂတ်ကာလအတွက် အကောင်းဆုံးသော ရင်းနှီးမြှုပ်နှံမှုများအဖြစ် အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူးကိုယ်စား ဒုတိယမြို့နယ်ပညာရေးမှူး ဦးစိုးနိုင်ထွန်းနှင့် သင်တန်းမှူး ဒုတိယမြို့နယ်ပညာရေးမှူး ဦးလင်းထင်တို့က ဆွေးနွေးပွဲကျင်းပသည့် ရည်ရွယ်ချက်နှင့် သင်တန်းနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၆ ရက်မှ ၈ ရက်အထိ သုံးရက်ကြာ ကျင်းပပြီး ဆွေးနွေးပွဲတွင် မော်လိုက်မြို့နယ်အတွင်းရှိ မူလတန်းအဆင့် သင်ကြားသော ဆရာ ဆရာမများ၊ ဘုန်းတော်ကြီးပညာသင်ကျောင်းမှ ဆရာ ဆရာမများ စုစုပေါင်း ၃၄၈ ဦး တက်ရောက်ကာ နည်းပြ၊ ကြီးကြပ်သူ ၂၁ ဦးဖြင့် ဘာသာရပ်အရည်အသွေးမြှင့်တင်ရေးဆိုင်ရာများကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **မော်လိုက်သားလေး**

# သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသည့် စိုက်ပျိုးနည်းအကြောင်း ဟောပြောမည်

**ရန်ကုန် စက်တင်ဘာ ၇**

စိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့ရများအသင်း(ရန်ကုန်ရုံးခွဲ)က ကြီးမှူး၍ စက်တင်ဘာ ၁၀ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြေပဒေသာကျွန်းရှိ စိုက်ပျိုးရေးသင်တန်းခန်းမ၌ စိုက်ပျိုးရေးအသိပညာဆိုင်ရာ ဟောပြောပွဲတစ်ရပ် ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် တွဲဖက်ပါမောက္ခ(ငြိမ်း) ဦးသိန်းဆုက “ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းသည့် စိုက်ပျိုးနည်း” (Conservation Agriculture)ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်း တစ်နိုင်တစ်ပိုင်မှသည် စီးပွားဖြစ်လုပ်ကိုင်နေသူများ၊ စိတ်ဝင်စားသူများ မည်သူမဆို အခမဲ့တက်ရောက်လေ့လာနိုင်ကြောင်း သိရသည်။ **ကိုချစ်**

# တောင်သူများအား သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်

**နောင်ချို စက်တင်ဘာ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ကုန်းကြီးကျေးရွာအုပ်စု ရေဝင်ကျေးရွာ၌ ဒေသခံတောင်သူများအား သီးနှံမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲနှင့် သဘာဝဘေးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၅ ရက်က ပြုလုပ်ခဲ့သည်။

သီးနှံမျိုးစေ့ထောက်ပံ့ပေးအပ်ပွဲတွင် ကျောက်မဲခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွေးချစ်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အေးအေးကြူတို့က ဒေသခံတောင်သူများအား သဘာဝဘေးကာကွယ်နိုင်ရေးအတွက် လေကာပင်များစိုက်ပျိုးကြရန် ဆွေးနွေးဟောပြောကြပြီး သဘာဝဘေးကြောင့် ပျက်စီးသွားသောစိုက်ခင်းများတွင် စိုက်ပျိုးရန်အတွက် သီးနှံမျိုးစေ့များကို ကျေးရွာမှ တောင်သူ ၁၈ ဦးအား ထောက်ပံ့ပေးအပ်ခဲ့သည်။ ရေဝင်ကျေးရွာ၌ ပြီးခဲ့သည့် ဩဂုတ် ၂၀ ရက်က ဖြစ်ပွားခဲ့သော သဘာဝဘေးကြောင့် ဒေသခံတောင်သူများ စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများ ပျက်စီးဆုံးရှုံးမှုအချို့ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။
**(ခရိုင် ပြန်/ဆက်)**

# မီးသတ်ရုံး လေးထပ်အဆောက်အအုံသစ် စတင်တည်ဆောက်

**စလင်း စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့၌ အထပ်လေးထပ်ပါ မီးသတ်ရုံးအဆောက်အအုံသစ်ကို ဩဂုတ်လ နောက်ဆုံးပတ်က စတင်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆောက်အအုံသစ်မှာ မြို့နယ်မီးသတ်စခန်းနှင့် ဝန်ထမ်းအိမ်ရာအပါအဝင်ဖြစ်ပြီး အလျား ၆၅ ပေ၊ အနံ ၅၂ ပေနှင့် အမြင့် ၄၈ ပေရှိ လေးထပ်အဆောက်အအုံဖြစ်ကာ အဆောက်အအုံသစ်၏ အထပ်လေးထပ်တွင် အိမ်ထောင်သည်အခန်း ရှစ်ခန်းနှင့် ပထမထပ်တွင် ရုံးခန်းပါရှိမည်ဖြစ်ပြီး အောက်ဆုံးထပ်တွင် မီးသတ်ကားလေးစီး ထားရှိနိုင်မည်ဖြစ်သည်။ နိုင်ငံတော်မှလုပ်ငန်းခွင့်ပြုငွေ ၃၃၁ ဒသမ ၅၇၈ သန်းအသုံးပြု၍ မကွေးမြို့အခြေစိုက် ပြည့်စုံလျှံဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ခံဆောက်လုပ်လျက်ရှိပြီး လုပ်ငန်းကာလမှာ ၂၀၁၇ ဖေဖော်ဝါရီလအထိဖြစ်ကြောင်း သိရသည်။
**စစ်ကြည်(စလင်း)**

# ရာသီအလိုက်သီးနှံများ သီးညှပ်စိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးနေ

**ရေစကြို စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်သည် အပူပိုင်း မိုးနည်းဒေသဖြစ်သော်လည်း ဒေသအတွင်းမှ တောင်သူများအနေဖြင့် ဆည်ရေ၊ လျှပ်စစ်မြစ်ရေတင်၊ မြေအောက်ရေ၊ ရေစုပ်စက်ရေစသည့် ရေအရင်းအမြစ်အမျိုးမျိုးဖြင့် ကြိုးပမ်းစိုက်ပျိုးမှုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်လျက်ရှိသောမြို့နယ် ဖြစ်သည်။

ယခင်က စပါးစိုက်ပျိုးထုတ်လုပ်မှုနည်းသော်လည်း ယခုအခါ ဆည်တမံ ငါးခု၊ လျှပ်စစ်မြစ်ရေတင် ခုနစ်ခု တည်ဆောက်ပြီးနောက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာလျက်ရှိသည်။

ရေစကြိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိန်မောင်က “၁၉၈၈ ခုနှစ်မတိုင်ခင်ကာလက ရေစကြိုမြို့နယ်ရဲ့စပါးစိုက်ပျိုးထုတ်လုပ်နိုင်မှုအနေနဲ့ ဝမ်းစာဖူလုံမှုဟာ ၁၆ ရာခိုင်နှုန်းလောက်ပဲ ရှိခဲ့ပါတယ်။ ၁၉၈၈ နောက်ပိုင်းမှာ နိုင်ငံတော်က ဆည်တမံ ငါးခု၊ လျှပ်စစ်မြစ်ရေတင် ခုနစ်ခု တည်ဆောက်ပေးခဲ့တဲ့အတွက် စပါးစိုက်ပျိုးထုတ်လုပ်မှုပမာဏလည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်ခဲ့တဲ့အတွက် ၂၀၁၆ ခုနှစ်မှာ ဒေသဝမ်းစာဖူလုံမှုဟာ ၇၀ ရာခိုင်နှုန်းလောက်အထိ မြင့်မားလာပါတယ်”ဟု ပြောသည်။

အလားတူ အခြားသီးနှံများဖြစ်သော ပဲအမျိုးမျိုး၊ ဆီထွက်သီးနှံအမျိုးမျိုး၊ ပြောင်းအမျိုးမျိုး၊ စားဖိုဆောင်သီးနှံအမျိုးမျိုး၊ ဥယျာဉ်ခြံသီးနှံအမျိုးမျိုးနှင့် ပန်းအမျိုးမျိုးတို့ကိုလည်း ရေစကြိုမြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် အောင်မြင်စွာ စိုက်ပျိုးနေကြသည်။

ကုန်းပိုင်းဒေသမှ တောင်သူများမှာမူ ဆည်ရေကို အဓိကအမှီပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကြခြင်းဖြစ်သည်။ “ကျွန်တော်တို့ ကုန်းပိုင်းဒေသကတော့ ကျွန်းပိုင်းဒေသလို မြေဆီမြေနှစ်မကောင်းတော့ တခြားနည်းနဲ့ ကြိုးပမ်းကြရပါတယ်။ ကျွန်တော်တို့က ဂွေးချိုဆည်ကို သွယ်ဝိုက်တဲ့နည်းနဲ့ အမှီပြုကြရပါတယ်။ ဆည်ရေက အဓိက စပါးစိုက်ဖို့ပဲ ရေပေးတာ။ ဒါပေမယ့် ဆည်တည်ဆောက်ပြီးကတည်းက ဒီဒေသမှာ ရေမျက်နှာပြင် မြင့်တက်လာသလို ဆည်ရေပေးတဲ့မြောင်းပတ်ဝန်းကျင်မှာ အစိုဓာတ်ကောင်းမွန်လာတဲ့အတွက် ယာသီးနှံတွေ အဆင်ပြေလာတယ်”ဟု ကုန်းပိုင်းဒေသမှ တောင်သူတစ်ဦးက ပြောသည်။

သဘာဝရေအရင်းအမြစ်ဖြစ်သည့် မိုးရေနည်းပါးသော်လည်း ရေရရှိနိုင်သည့် နည်းလမ်းများကို အသုံးပြုကာ စပါးအပါအဝင် ရာသီအလိုက် သင့်လျော်သောသီးနှံများကို သီးညှပ်အနေဖြင့် ကြိုးပမ်းစိုက်ပျိုးကြခြင်းဖြင့် ရေစကြိုမြို့နယ်အတွင်းမှ တောင်သူများ ဝင်ငွေတိုးတက်ရရှိနေကြသည်။
**ဖေထွဏ်းဇော်(ရေစကြို)**

# ဇီကာဗိုင်းရပ်စ်အကြောင်း ဟောပြောမည်

**ရန်ကုန် စက်တင်ဘာ ၇**

ဇီကာဗိုင်းရပ်စ်အကြောင်းနှင့်ပတ်သက်၍ စက်တင်ဘာ ၁၀ ရက် (စနေနေ့)နံနက် ၁၀ နာရီမှ ၁၁ နာရီခွဲအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ) အမှတ် (၂၄၉) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်တွင် “Zika Virus Infections for Medical Practitioners” ခေါင်းစဉ်ဖြင့် ဆေးပညာဟောပြောပွဲကျင်းပ မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူအားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။
**၀၀၀**

# မြန်မာ...ရောဝတီ...ပြည်သူ (အပိုင်း-၁)

သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာပေါ်ရှိ တိုင်းပြည်နိုင်ငံအများစုတို့တွင် သဘာဝအလျောက်ဖြစ်ပေါ်နေသော မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ရေကန်ကြီးများ ရှိနေကြသော်လည်း အနည်းငယ်မျှသော နိုင်ငံအချို့၌မူ ယင်းတို့၏ ပထဝီသွင်ပြင်အနေအထားအရ မြစ်ချောင်းများ လုံးဝမရှိကြပေ။ ထိုသို့သော ဒေသ နိုင်ငံများတွင် စိုက်ပျိုးမွေးမြူရေးအတွက် လိုအပ်သောရေပမာဏကို ရရှိစေရန်နှင့် ကုန်စည်စီးဆင်းမှု လွယ်ကူ သက်သာစေရေးတို့အတွက် မြစ်ချောင်းများကို ဖန်တီးဖောက်လုပ်ကြရသည်။

သို့ဖြစ်၍ တစ်ကမ္ဘာလုံးရှိ မြစ်ချောင်းစုစုပေါင်း၏ ၉၀ ရာခိုင်နှုန်းကျော်မှာ သဘာဝမြစ်ချောင်းများဖြစ်ကြပြီး ကျန်အနည်းငယ်သော မြစ်ချောင်းများကမူ လူတို့ဖန်တီးဖောက်လုပ်ထားသော မြစ်ချောင်းများဖြစ်နေသည်ကို တွေ့ရှိရမည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အလျဉ်မပြတ်စီးဆင်းမှုရှိနေသော မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့သည် ဒေသဖွံ့ဖြိုးရေးကို ကောင်းစွာအထောက်အကူပြုပေးနေရုံမျှမက သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ပေးလျက် ရှိနေကြသည်။

ကမ္ဘာပေါ်ရှိ မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့သည် ဖြတ်သန်းစီးဆင်းရာ လမ်းဘေးဝဲယာတစ်လျှောက်ရှိ တောတောင်နှင့် မြို့ရွာများကို တင့်တယ်ကြည့်ကောင်းစေခြင်းဖြင့် သာမောဖွယ်အတိ ဖြစ်စေသည်။ မြစ်တစ်စင်းကြောင့် ရေကြောင်းပို့ဆောင်ရေးစနစ်ဖြစ်ထွန်းကာ လမ်းပန်းဆက်သွယ်ရေးကိုလည်း ကောင်းစွာအထောက်အကူပြုပေးသည်။ ကုန်စည်စီးဆင်းမှုကို ဖြစ်ပေါ်လာစေရုံမျှမက ရေထွက်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်လာစေသည်။ ထို့ပြင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကိုလည်း ကြီးမားစွာ အထောက်အပံ့ပြုပေးနိုင်သည်။

ကမ္ဘာ့အထင်ကရ မြစ်ကြီးများသည် နိုင်ငံနှင့်လူမျိုးတို့၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို လက်ဆင့်ကမ်းပေးရာ သမိုင်းအမွေအနှစ်များလည်း ဖြစ်ကြသည်။ ကမ္ဘာအရပ်ရပ်တွင် သဘာဝအလျောက် စီးဆင်းနေကြသော မြစ်ကြီးမြစ်ငယ် အသွယ်သွယ်တို့သည် လူနှင့်သဘာဝပတ်ဝန်းကျင်ကို ဆိုးကျိုးဖြစ်စေမှု အလွန်နည်းပါးသည်။ သဘာဝအတိုင်းစီးဆင်းနေသော မြစ်များကြောင့် အများအားဖြင့် မြစ်ရေလျှံတက်ခြင်း၊ ရေတိုက်စားခြင်းနှင့် ကမ်းပြိုခြင်း စသည့် ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေနိုင်သည်။

သို့ရာတွင် မြစ်ရေများ သဘာဝအလျောက်စီးဆင်းနေမှုကို အကြောင်းတစ်နည်းနည်းဖြင့် ဟန့်တားခုခံခြင်း၊ ဆည်တမံနှင့် ရေကာတာများ တည်ဆောက်ခြင်း၊ မြစ်တွင်းစီမံကိန်းများ လုပ်ဆောင်ခြင်း၊ မြစ်ရေကို အတိုင်းအဆမဲ့ ရယူသုံးစွဲခြင်း၊ ဓာတုဓာတ်ကြွင်းများပျော်ဝင်နေသော ရေဆိုးရေညစ်များကို မြစ်အတွင်းသို့ စီးဆင်းဝင်ရောက်စေခြင်း၊ မြစ်ကမ်းဘေးဝဲယာရှိ သဘာဝသစ်ပင်သစ်တောများကို ပြုန်းတီးစေခြင်း၊ ရေဝေရေလဲဒေသများကို ဖျက်ဆီးခြင်းစသော လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြမည်ဆိုလျှင်မူ ရုတ်တရက်ရေကြီးရေလျှံဖြစ်ခြင်း၊ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်း၊ ကောက်ပဲသီးနှံများ အကြီးအကျယ်ပျက်စီးခြင်း၊ ရေနေသတ္တဝါများ မျိုးသုဉ်းခြင်း၊ ဓာတုအဆိပ်သင့်ခြင်းစသော ဆိုးကျိုးများစွာကို ဖြစ်ပေါ်စေနိုင်သည်။

ကမ္ဘာပေါ်ရှိ မြစ်ကြီးများထဲတွင် တစ်စင်းအပါအဝင်ဖြစ်သော၊ မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ အသက်သွေးကြောဖြစ်သော ရောဝတီမြစ်ကြီးသည် တိဗက်တောင်တန်းများ၌ မြစ်ဖျားခံသည့် မေခနှင့် မလိခ မြစ်နှစ်သွယ်ပေါင်းဆုံရာမှ သဘာဝအလျောက်ဖြစ်တည်လာသော ကမ္ဘာကျော် မြစ်ကြီးတစ်စင်းဖြစ်သည်။ သက်တမ်းအားဖြင့် နှစ်ပေါင်းသန်း ၅၀ ကျော် ရှိနေပြီဖြစ်သော ရောဝတီမြစ်ကြီးသည် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာ့ယဉ်ကျေးမှု စသည်တို့နှင့် ခွဲခြား၍မရသော အထင်ကရ မြစ်ကြီးတစ်စင်းဖြစ်သည်။

မြန်မာနိုင်ငံအကြောင်း ရေးသားပြောဆိုဆွေးနွေးကြမည်ဆိုလျှင် ရောဝတီမြစ်ကြီးကို ချန်လှပ်ထား၍ မရနိုင်ပေ။ မြန်မာနိုင်ငံ၏ရှည်လျားလှသော သမိုင်းကြောင်းနှင့်ယှဉ်လျက် ရောဝတီမြစ်ကြီးက တည်ရှိနေခဲ့သည်။ စီးဆင်းနေခဲ့သည်။ စီးဆင်းနေဆဲဖြစ်သည်။ တစ်ချိန်က မြန်မာလူမျိုးတို့ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် နေခဲ့ကြစဉ်ကလည်း ရောဝတီက အရေးပါခဲ့သည်။ နယ်ချဲ့လက်အောက်ကျရောက်ခဲ့စဉ် ကာလတစ်လျှောက်လုံး၌လည်း ရောဝတီ၏ အခန်းကဏ္ဍကို ဘေးဖယ်ထား၍မရခဲ့ပေ။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးချိန်မှစ၍ မျက်မှောက်ကာလထိတိုင်လည်း ရောဝတီမြစ်ကြီး၏ အခန်းကဏ္ဍက အရေးပါနေဆဲဖြစ်သည်။

မြန်မာနိုင်ငံမြောက်ပိုင်းမှ စီးဆင်းလာပြီး မြန်မာနိုင်ငံတောင်ပိုင်းရှိ မြစ်ဝကျွန်းပေါ်ဒေသမှတစ်ဆင့် ပင်လယ်ထဲသို့ စီးဝင်နေသော ရောဝတီမြစ်ကြီးသည် မြစ်ကမ်းဘေးဝဲယာတစ်လျှောက်ရှိ မြို့ရွာများ၊ ဘုရားပုထိုးစေတီများ၊ တောတောင်ချောက်ကမ်းပါးများ၏ တည်နေပုံကို ထူးခြားစွာ လှပ်ရှားသက်ဝင်စေသည့်အပြင် ကူးသန်းသွားလာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလက်မှုနှင့် သယံဇာတဖွံ့ဖြိုးရေး စသော နိုင်ငံ့စီးပွားရေးကိုလည်း ထိရောက်စွာ အကျိုးပြုလျက်ရှိနေ



ရောဝတီမြစ်ကြောင်းအတွင်း ပြေးဆွဲနေသော ပုဂံ-မန္တလေး ခရီးသည်တင်ရေယာဉ်တစ်စင်း

သည်။ အချုပ်ဆိုရသော် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာ့ဓလေ့ထုံးစံ၊ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့စီးပွားရေး၊ မြန်မာ့နိုင်ငံရေးစသည့် ကဏ္ဍနယ်ပယ်အသီးသီးတွင် ရောဝတီသည် ထိပ်တန်းအဆင့်၌ပင် ဆက်လက်တည်ရှိနေဆဲဖြစ်သည်။

ရောဝတီမြစ်ကြီး၏ သမိုင်းတန်ဖိုးမှာ ရေးဖွဲ့၍မကုန်နိုင်လောက်အောင်ပင် ကြီးမားကျယ်ပြန့်လှသည်။ ရောဝတီ၏ အရေးပါမှုနှင့် သမိုင်းကြောင်းကို မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားတို့ကသာမက ကမ္ဘာ့နိုင်ငံများကပါ တလေးတစား အသိအမှတ်ပြုခဲ့ကြသည်။ ရောဝတီ၏သမိုင်းကြောင်းက ရှည်လျားပြီး သမိုင်းတန်ဖိုးက ကြီးမားလှသလို...သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သိပ္ပံပညာရှုထောင့်မှနေ၍ အကဲဖြတ်ရမည့်တန်ဖိုးကလည်း ကိန်းဂဏန်းအားဖြင့်ဖော်ပြရန်ပင် မစွမ်းဆောင်နိုင်လောက်အောင် ကြီးမားလွန်းလှသည်။

ကမ္ဘာပေါ်တွင် မိုင် ၆၀၀ နှင့်အထက် ရှည်လျားသည့် မြစ်ကြီး ၁၇၇ စင်းရှိသည့်အနက် ၆၄ စင်းသော မြစ်ကြီးများကသာလျှင် ရေကာတာများ၏ ပိတ်ဆို့ဟန့်တားမှုမှလွတ်ကင်းလျက် လွတ်လပ်စွာစီးဆင်းခွင့်ကို ရရှိနေကြသည်။ ယင်းကဲ့သို့ လွတ်လပ်စွာစီးဆင်းခွင့်ရနေကြသေးသော မြစ်ကြီး ၆၄ စင်းအနက် ပင်လယ်ထဲသို့ တစ်နှစ်ပတ်လုံး အလျဉ်မပြတ်စီးဝင်နိုင်သောမြစ်ကြီးများမှာ ၂၁ စင်းသာလျှင် ကျန်ရှိတော့သည်။ ထို ၂၁ စင်းသော မြစ်ကြီးများထဲတွင် ယခုအချိန်အထိ ရောဝတီမြစ်ကြီးက ပါဝင်နေဆဲဖြစ်သည်။ ဤသည်မှာကား တန်ဖိုးသတ်မှတ်၍ မရနိုင်လောက်အောင် အဖိုးအနဂ္ဃထိုက်တန်လှသော မြစ်ကြီးရောဝတီ၏ဂုဏ်ဒြပ်ပင် ဖြစ်သည်။

မိုင်ပေါင်း ၁၄၅၀ ရှည်လျားသော အမေရိကန်နိုင်ငံရှိ ကော်လိုရာဒိုမြစ်သည်လည်းကောင်း၊ တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုသမိုင်းကို ထင်ဟပ်စေခဲ့သော မိုင်ပေါင်း ၃၄၀၀ ရှည်လျားသည့် မြစ်ဝါမြစ်သည်လည်းကောင်း၊ တိဗက်ကုန်းပြင်မြင့်၌မြစ်ဖျားခံပြီး အာရေဗျပင်လယ်ထဲသို့စီးဝင်သော မိုင် ၂၀၀၀ ရှည်လျားသည့် အိန္ဒိယနိုင်ငံရှိ အိန္ဒုမြစ်ကြီးသည်လည်းကောင်း တစ်နှစ်တာကာလ၏ အချိန်အတော်များများတွင် ပင်လယ်ထဲသို့ရောက်အောင် မစီးဝင်နိုင်တော့ဘဲ ရေစီးလမ်းကြောင်း ပြတ်တောက်လျက်ရှိနေကြသည်။

၁၉၄၈ ခုနှစ်မှ ၂၀၀၄ ခုနှစ်အတွင်း ကမ္ဘာပေါ်ရှိ မြစ်ကြီးမြစ်ငယ်ပေါင်း ၉၂၅ စင်း၏ ရေစီးဆင်းမှုဆိုင်ရာ လေ့လာချက်များကို ပြုလုပ်ခဲ့သော အမေရိကန် အမျိုးသားသုတေသနဌာနနှင့် ကမ္ဘာ့တောရိုင်းတိရစ္ဆာန်အဖွဲ့၏ လေ့လာဆန်းစစ်ချက်များအရ ရောဝတီမြစ်ကြီးသည် ဥရောပတိုက်ရှိ ဓညုမြစ်၊ တောင်အမေရိကတိုက်ရှိ လာပလန်တာမြစ်၊ မြောက်အမေရိကတိုက်ရှိ ရီယိုဂရန်းမြစ်၊ အရှေ့တောင်အာရှရှိ မဲခေါင်မြစ်၊ အီဂျစ်နိုင်ငံရှိ နိုင်းလ်မြစ်၊ တရုတ်နိုင်ငံရှိ ယန်စီမြစ်၊ ဩစတြေးလျနိုင်ငံရှိ မာရေမြစ်၊ အိန္ဒိယနိုင်ငံရှိ အိန္ဒုမြစ်နှင့် ဂင်္ဂါမြစ် စသည်တို့နှင့်အတူ ရေစီးပမာဏ လျော့နည်းလာနေပြီး အချိန်မီထိန်းသိမ်းမှုများကို မပြုလုပ်နိုင်ပါက မြစ်ရေခန်းခြောက်မှုဆီသို့ ဦးတည်သွားနိုင်သောအခြေအနေ ဖြစ်ပေါ်နေကြောင်း တွေ့ရှိရသည်။

မည်မျှ ကြီးမားကျယ်ပြန့်ရှည်လျားသော မြစ်ကြီးများ၌မဆို မြစ်ရေထုတ်ယူသုံးစွဲမှုလွန်ကဲခြင်း၊ မြစ်ကြောင်းကိုဟန့်တား၍ ရေကာတာများတည်ဆောက်ခြင်း၊ သဘာဝတောများကို ထိန်းသိမ်းစောင့်ရှောက်မှုမရှိခြင်း၊ မြစ်ဝှမ်းဒေသများအတွက် စီမံခန့်ခွဲမှုညံ့ဖျင်းခြင်း စသော လူ့ပယောဂများကြောင့် မြစ်ကြောင်းလမ်း သွေဖည်ခြင်း၊ နုန်းပို့ချမှုပုံစံ ပြောင်းသွားခြင်း၊ ရေတွင်ပျော်ဝင်သည့် အောက်ဆီဂျင်ပမာဏ ယုတ်လျော့ကျဆင်းခြင်း၊ မြစ်ရေစီးကြောင်း ပြတ်တောက်ခြင်း စသည်တို့ကို ဖြစ်ပေါ်လာစေသည်။

ကမ္ဘာ့မြောက်ဝင်ရိုးစွန်းရှိ အာတိတ်ဒေသဝန်းကျင်တွင် ရှေးနှစ်သန်းပေါင်းများစွာကတည်းက သဘာဝအလျောက် တည်ရှိနေခဲ့ကြသော မြစ်ကြီးမြစ်ငယ်တို့မှလွဲ၍ ကျန်ကမ္ဘာ့မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့၏ မြစ်ရေစီးဆင်းရာလမ်းကြောင်းများပေါ်၌ အချို့မှာ ဆည်နှင့်ရေကာတာများ တည်ဆောက်ထားကြပြီးဖြစ်သလို၊ အချို့ကမူ ဆည်နှင့်ရေကာတာများ တည်ဆောက်ရန် လျာထားသတ်မှတ်ကြပြီးဖြစ်သည်။ ဆောက်လုပ်ထားကြပြီးဖြစ်သည့် အကြီးစားရေကာတာများ၌ သိုလှောင်ထားသည့်ရေပမာဏမှာ မြစ်ကြောင်းတစ်လျှောက် စီးဆင်းနေသောရေပမာဏ၏ သုံးဆခန့်အထိပင် ရှိနေသည့်အတွက် မြစ်ရေစီးဆင်းမှုကို သိသိသာသာ လျော့နည်းသွားစေလျက်ရှိသည်။

စုစုပေါင်းအားဖြင့် မိုင်ပေါင်းခြောက်သိန်းကျော်ရှည်လျားသော ကမ္ဘာ့မြစ်ကြီးမြစ်ငယ်အသွယ်သွယ်တို့၌ စီးဆင်းနေသောမြစ်ရေများကိုအကြောင်းပြု၍ သောက်သုံးရေ၊ စိုက်ပျိုးရေးလုပ်ငန်းသုံးရေ၊ မွေးမြူရေးလုပ်ငန်းသုံးရေ၊ ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် အသုံးပြုသောရေ စသည်တို့အတွက် တည်ဆောက်ခဲ့ကြသော ဆည်နှင့် ရေကာတာများသည် လူတို့၏အကျိုးစီးပွားကို အတိုင်းအတာတစ်ရပ်အထိ ပေးစွမ်းနိုင်ခဲ့ကြသော်လည်း ရေရှည်၌မူ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ကို အကြီးအကျယ်ထိခိုက်ပျက်စီးစေကာ မြစ်ကြီးမြစ်ငယ်များအဖို့ ပင်လယ်ထဲအထိရောက်အောင် မစီးဆင်းနိုင်ကြတော့ဘဲ ရေစီးလမ်းကြောင်းပြတ်တောက်သွားသည့်အဖြစ်မျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေကြရသည်။

မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ မြောက်ဘက် ၂၈ မိုင်အကွာဒေသ၏ မေခနှင့်မလိခ မြစ်နှစ်မြွာ ပေါင်းဆုံရာနေရာမှ စတင်စီးဆင်းလာသော ရောဝတီမြစ်ကြီးသည် မြန်မာနိုင်ငံ၏ကျောရိုးသဖွယ် မြောက်မှတောင်သို့ တစ်နံတစ်လျား ရှည်လျားစွာစီးဆင်းပြီး ရောဝတီတိုင်းဒေသကြီး ဟင်္သာတမြို့အနီးတွင် မြစ်မြွာများကွဲထွက်ကာ ဘင်္ဂလားပင်လယ်အော်အတွင်းသို့ စီးဝင်သည်။ အလျားမိုင်ပေါင်း ၁၃၅၀ ကျော်ရှိပြီး ရေဆင်းဧရိယာ စုစုပေါင်း ၁၆၁၆၀၄ စတုရန်းမိုင်ခန့်ရှိသော မြန်မာနိုင်ငံ၏ အကြီးဆုံးမြစ်ကြီးဖြစ်သလို... ကမ္ဘာ့မြစ်ကြီးများစာရင်းဝင် အထင်ကရ မြစ်ကြီးတစ်စင်းလည်း ဖြစ်သည်။

ရောဝတီမြစ်ကြီး၏ မြစ်ဖျားတစ်ခုဖြစ်သော မေခမြစ်၏ လက်ဝဲမြစ်ဖျားသည် တရုတ်နိုင်ငံ တိဗက်အထူးအုပ်ချုပ်ခွင့်ရဒေသ ချာယုခရိုင်အတွင်းရှိ ဘိုရှုလာတောင်တန်း အနောက်တောင်ခြေအရပ်၏ အမြင့်ပေ ၁၅၃၄၀ ၌ စတင်မြစ်ဖျားခံပြီး မေခမြစ်၏ လက်ယာမြစ်ဖျားသည် မြန်မာနိုင်ငံမြောက်ဘက်အစွန်း ခါကာဘိုရာဇီတောင်ထိပ်အနီး အမြင့်ပေ ၁၃၀၀၀ ၌ စတင်မြစ်ဖျားခံသည်။

မေခမြစ်၏ လက်ဝဲမြစ်ဖျားဖြစ်သော ဂျီတိုင်ချူးမြစ်ငယ်သည် မြောက်မှတောင်သို့စီးဆင်းလာရာမှ ယူနန်ပြည်နယ်အတွင်းဖြတ်သန်းသည့်အခါ ဂျူလောင်ဂျီယန်းမြစ်ဟုအမည်တွင်ပြီး ဂေါင်ရှန်းခရိုင် မာကူဒေသအလွန်၌ မြန်မာနိုင်ငံအတွင်းသို့စီးဝင်ကာ တရုံချောင်းအဖြစ် မေခမြစ်ထဲသို့ စီးဆင်းဝင်ရောက်သည်။ လက်ယာမြစ်ဖျားဖြစ်သော နမ့်တမိုင်ချောင်းသည် အရှေ့မြောက်မှ အနောက်တောင်သို့ စီးဆင်းလာပြီးနောက် တရုံချောင်းနှင့်ပေါင်းဆုံကာ မေခမြစ်ထဲသို့ စီးဆင်းဝင်ရောက်သည်။

မလိခမြစ်၏ မြစ်ဖျားလက်တက်များကမူ မြန်မာနိုင်ငံမြောက်ပိုင်းရှိ ဖုန်ဂန်ရာဇီတောင်တန်း၏ အမြင့်ပေ ၁၁၈၁၀ ၌ စတင်မြစ်ဖျားခံ စီးဆင်းလာကြရာမှ ကချင်ပြည်နယ် ပူတာအို-မချမ်းဘော လွင်ပြင်ဒေသတွင်ပေါင်းဆုံကာ မလိခမြစ်ထဲသို့ စီးဆင်းဝင်ရောက်သည်။ ဤသို့အားဖြင့် ဖြစ်ပေါ်စီးဆင်းလာသော မေခမြစ်နှင့် မလိခမြစ်တို့သည် ကချင်ပြည်နယ်မြစ်ဆုံဒေသ၌ပေါင်းဆုံကာ ရောဝတီမြစ်ကြီးအဖြစ် ရှေးပဝေသဏီကာလကတည်းက စီးဆင်းနေခဲ့ခြင်း ဖြစ်သည်။ ရောဝတီသည် ဟိန္ဒူဘာသာ ဧရာဝတီ(Airavity)မှ ဆင်းသက်လာပြီး ဆင်ဟု အဓိပ္ပာယ်ရသည်။

ရောဝတီကို မွေးဖွားပေးကြသော မေခနှင့်မလိခ မြစ်နှစ်မြွာအနက် မေခမြစ်သည် မတ်စောက်သောဆင်ခြေလျှောတစ်လျှောက် ဖြတ်သန်းစီးဆင်းရသဖြင့် ရေစီးသန်ပြီး မလိခမြစ်ကမူ ပူတာအို-မချမ်းဘောလွင်ပြင်မှအစပြုကာ ကျယ်ဝန်းပြန့်ပြူးသော ကချင်ပြည်နယ်အလယ်ပိုင်း လွင်ပြင်တစ်လျှောက် ဖြတ်သန်းစီးဆင်းရသည့်အတွက် ရေစီးနှေးသည်။ ရောဝတီ၏ မြစ်ဖျားများပင်ဖြစ်ကြသည့်တိုင် ရေခဲတောင်မှ အစပြုမြစ်ဖျားခံကာ စီးဆင်းလာသော မေခမြစ်ရေက အေးပြီး ကချင်ပြည်နယ်လွင်ပြင်ဒေသ၌ အစပြုမြစ်ဖျားခံကာ စီးဆင်းလာသော မလိခမြစ်ရေက နွေးလျက်ရှိသည်။

မေခနှင့်မလိခ မြစ်ဝှမ်းဒေသများသည် ဇီဝမျိုးစုံလင်သော ဒေသများဖြစ်ကြသည်။ မေခမြစ်၏ လက်ယာမြစ်ဖျားဖြစ်သော နမ့်တမိုင်ချောင်းအစပြုရာ ခါကာဘိုရာဇီတောင်ပတ်ဝန်းကျင်ကို ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်ဟူ၍လည်းကောင်း၊ မလိခမြစ်၏ မြစ်ဖျားလက်တက်များအစပြုရာ ဖုန်ဂန်ရာဇီတောင်ပတ်ဝန်းကျင်ကို ဖုန်ဂန်ရာဇီ တောရိုင်းတိရစ္ဆာန်ထိန်းသိမ်းရေးဒေသဟူ၍ လည်းကောင်း ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိသည်။

ထိုဒေသများတွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးဖြစ်သော ပန်ဒါနီနှင့် အလွန်ရှားပါးသော သစ်ခွမျိုးစိတ်အများအပြားကိုလည်းကောင်း၊ ဆေးဖက်ဝင် အစွမ်းထက်ဆေးမြစ်များဖြစ်ကြ သည့် ရှီးပဒီး၊ မချစ်ဥနှင့် ခန်းတောက်စသည်တို့ကိုလည်း တွေ့ရှိနိုင်သည်။

မေခနှင့်မလိခ မြစ်နှစ်သွယ်ပေါင်းဆုံပြီး ရောဝတီမြစ်ကြီးအဖြစ် မြောက်မှတောင်သို့ စီးဆင်းလာရာ၌ ဗန်းမော်မြို့၏အောက်တွင် အနောက်မြောက်ဘက်သို့ လည်းကောင်း၊ ကသာမြို့အထက်နားတွင် အနောက်တောင်ဘက်သို့လည်းကောင်း၊ တကောင်းမြို့အနီးတွင် တောင်ဘက်သို့လည်းကောင်း၊ မန္တလေးမြို့အောက်တွင် အနောက်တောင်ဘက်သို့လည်းကောင်း ကွေ့ကာဝိုက်ကာဖြင့် စီးဆင်းလာရာ ရေစကြိုမြို့အနီး၌ ချင်းတွင်းမြစ်က လာရောက်ပေါင်းဆုံသည်။ မေခနှင့်မလိခ မြစ်ဆုံနေရာမှ ချင်းတွင်းမြစ် လာရောက်ပေါင်းဆုံသည့်နေရာအထိသည် ရောဝတီမြစ်ကြီး၏ အထက်ပိုင်းဒေသပင်ဖြစ်သည်။

ရောဝတီမြစ်ကြီး၏ အထက်ပိုင်းဒေသတွင် မြစ်ကျဉ်းနေရာအချို့ကိုလည်း တွေ့ရှိနိုင်သည်။ မြစ်ကြီးနားမြို့၏တောင်ဘက် ၃၆ မိုင်အကွာ ဆင်ဘိုမြို့တောင်ဘက်မှ ဗန်းမော်မြို့အထက်နားအထိ ၃၃ မိုင်မှာ ပထမမြစ်ကျဉ်းဖြစ်ပြီး မြစ်အကျယ်မှာ ၁၄၆ ပေနှင့် ၁၇၈ ပေ အကြား၌သာရှိသည်။ ဗန်းမော်မြို့အောက်ဘက် စင်ခန်းရွာမှ ရွှေကူမြို့အထက်နားအထိ အရှည် ၁၄ မိုင်မှာ ဒုတိယမြစ်ကျဉ်းဖြစ်ပြီး မြစ်အကျယ်မှာ ၂၈၂ ပေမျှသာရှိကာ မြစ်ကမ်းဘေးဝဲယာတွင် အမြင့်ပေ ၂၀၀ မှ ၃၀၀ ခန့်အထိမြင့်မားသော မတ်စောက်သည့်တောင်ကမ်းပါးယံကြီးများ တည်ရှိနေသည်။ တကောင်းမြို့၏တောင်ဘက် မလည်ရွာမှ ကျောက်မြောင်းရွာအထိ အရှည်မိုင် ၄၀ မှာမူ တတိယမြစ်ကျဉ်းဖြစ်သည်။

ကမ္ဘာပေါ်တွင် မိုင် ၆၀၀ နှင့်အထက် ရှည်လျားသည့် မြစ်ကြီး ၁၇၇ စင်းရှိသည့် အနက် ၆၄ စင်းသော မြစ်ကြီးများကသာလျှင် ရေကာတာများ၏ ပိတ်ဆို့ဟန့်တားမှုမှလွတ်ကင်းလျက် လွတ်လပ်စွာစီးဆင်းခွင့်ကို ရရှိနေကြသည်။ ယင်းကဲ့သို့ လွတ်လပ်စွာစီးဆင်းခွင့်ရနေကြသေးသော မြစ်ကြီး ၆၄ စင်းအနက် ပင်လယ်ထဲသို့ တစ်နှစ်ပတ်လုံး အလျဉ်မပြတ်စီးဝင်နိုင်သောမြစ်ကြီးများမှာ ၂၁ စင်းသာလျှင် ကျန်ရှိတော့သည်။ ထို ၂၁ စင်းသော မြစ်ကြီးများထဲတွင် ယခုအချိန်အထိ ရောဝတီမြစ်ကြီးက ပါဝင်နေဆဲဖြစ်သည် . . .

# မှန်လုံယာဉ်မြေကျွံ၍ အချိန်နှစ်နာရီခန့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့

**ရေး စက်တင်ဘာ ၇**

ရေးမြို့နယ် အာယုတောင်ကျေးရွာအုပ်စု ရေး-မော်လမြိုင်ကားလမ်း ခံသင်းတံတားနှင့် အာယုတောင်ကျေးရွာကြား မိုင်တိုင်အမှတ် (၇၈/၆)အနီးရှိ ပေါင်းကူးတံတားပြုပြင်သောနေရာတွင် စက်တင်ဘာ ၆ ရက် နံနက် ၆ နာရီခန့်က ယာဉ်မောင်းဦးရဲစိုး မောင်းနှင်လာသော အောင်ရတနာမှန်လုံယာဉ်သည် မြေကျွံ၍ အချိန်နှစ်နာရီခန့် လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းပိတ်ဆို့နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းလေးနှင့် အဖွဲ့များက သွားရောက်ကြည့်ရှုစစ်ဆေးရာ လမ်းပိတ်ဆို့မှုကြောင့် ယာဉ်အစီး ၂၀ ခန့်မှာ မသွားနိုင်ဘဲ ပိတ်ဆို့နေသဖြင့် အမြန်ဆုံးလမ်းပွင့်နိုင်ရေးအတွက် လမ်းဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ခဲ့ရာ နံနက် ၇ နာရီ ၅၅ မိနစ်တွင် လမ်းပြန်ပွင့်သွားပြီး မော်တော်ယာဉ်များမှာ ပုံမှန်အတိုင်း ဖြတ်သန်းသွားလာနိုင်ခဲ့ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



## သတင်းတိုများ

### ရေနစ်မြုပ်ခဲ့သောစိုက်ပျိုးဧရိယာများတွင် ပြန်လည်အစားထိုးစိုက်ပျိုးရန် ပဲတီစိမ်းမျိုးစေ့များ ထောက်ပံ့ပေးအပ်

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်အတွင်းမှ မိုးနှမ်းများစိုက်ပျိုးခဲ့ပြီး ရေကြီးနစ်မြုပ်၍ ပျက်စီးခဲ့သော ဧရိယာများတွင် ပဲတီစိမ်းများ အစားထိုး ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် တောင်သူပညာပေး ဆွေးနွေးပွဲနှင့် ပဲတီစိမ်းမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ကျွန်းကျေးရွာဓမ္မာရုံ၌ စက်တင်ဘာ ၄ ရက်က ပြုလုပ်ခဲ့သည်။ တောင်သူပညာပေး ဆွေးနွေးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးတင့်က မိုးနှမ်းပျက်စီးဧရိယာများတွင် ပဲတီစိမ်းသီးနှံကို အစားထိုးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သောနည်းပညာများကို ဒေသခံတောင်သူများအား ပညာပေးဆွေးနွေးကာ တောင်သူများက သိရှိလိုသည့်အချက်များကိုလည်း ပြန်လည်ဖြေကြား ရှင်းလင်းခဲ့သည်။ ထို့နောက် ပျက်စီးခဲ့သော မိုးနှမ်းစိုက်ခင်းများနေရာတွင် ပဲတီစိမ်း ၁၃၃ ဧကကို ပြန်လည်အစားထိုး စိုက်ပျိုးရန်အတွက် လိုအပ်သော ပဲတီစိမ်းမျိုးစေ့ ၂၅ တင်းကို ဒေသခံတောင်သူများထံသို့ စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

# ကလေးတက္ကသိုလ် သိမ်းဆည်းလယ်ယာမြေကိစ္စ နှစ်နာသူတောင်သူများနှင့် တွေ့ဆုံဆွေးနွေး

**ကလေး စက်တင်ဘာ ၇**

ကလေးတက္ကသိုလ် တည်ဆောက်စဉ်က ပညာရေးဝန်ကြီးဌာနမှ သိမ်းဆည်းထားသော လယ်ယာမြေနှင့် အခြားမြေ စုစုပေါင်း ၇၆ ဒသမ ၄၉ ဧကအတွက် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီနှင့် တက္ကသိုလ်တာဝန်ရှိသူများက နှစ်နာတောင်သူ ၂၆ ဦးနှင့် စက်တင်ဘာ ၂ ရက်က အဆိုပါတက္ကသိုလ်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တက္ကသိုလ်အတွက် သိမ်းဆည်းခံလယ်ယာမြေများသည် နှစ်နာသူတောင်သူများ၏ ဘိုးဘွားများက ဓားမဦးချ လက်ငုတ်လုပ်ကိုင်သော မြေများဖြစ်ကြောင်း၊ ၁၉၉၀ ပြည့်နှစ်ကစပြီး နိုင်ငံတော်အကျိုးဖြစ်သည့် ပညာရေးအတွက် အသိမ်းဆည်းခံခဲ့ရကာ ယနေ့အထိ နစ်နာကြေး၊ လျော်ကြေး တစ်စုံတစ်ရာမျှ မရရှိကြောင်း၊ ယခုတွေ့ဆုံခြင်းမှာ နစ်နာခဲ့သည့်တောင်သူများအား လာရောက်တွေ့ ဆုံဆွေးနွေးညှိနှိုင်း၍ ပထမဆုံးဖိတ်ကြားခြင်းဖြစ်ကြောင်း သိရသည်။

"အခုလိုတွေ့ဆုံဖို့ ဖိတ်ကြားခံရလို့ ကျွန်တော်တို့တောင်သူတွေလည်း အလွန်ဝမ်းမြောက်နေပါတယ်။ ကျွန်တော်တို့ နစ်နာတောင်သူတွေရဲ့ စားဝတ်နေရေးစတဲ့ ဝမ်းစာဖူလုံဖို့ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီကလည်း နစ်နာကြေးအတွက် အမြန်ဆုံးအကောင်အထည်ဖော် စီစဉ်ဆောင်ရွက်ပေးလိမ့်မယ်လို့ မျှော်လင့်နေကြပါတယ်"ဟု နစ်နာခဲ့သော တောင်သူ ဦးခုပ်ဇပေါင်က ပြောသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ကလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမြင့်ဆွေနှင့် သက်ဆိုင်ရာ ဆရာဆရာမများ၊ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်/ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းရခြင်းအကြောင်း၊ မြေယာဥပဒေ၊ နစ်နာကြေး၊ လျော်ကြေးပေးပုံပေးနည်း၊ အမှန်တကယ်နစ်နာသူ ဟုတ် မဟုတ် သက်သေအထောက်အထား ရှိ မရှိ၊ တိုင်စာတွင်ရှိသော ဧကအရေအတွက်၊ သိမ်းဆည်းစဉ်က မြေစာရင်းတွင်ရှိသောဧကနှင့် ကိုက်ညီခြင်း ရှိ မရှိ စသည်တို့ကို သက်ဆိုင်ရာတာဝန်ရှိသူများက အသိပေးရှင်းလင်းဆွေးနွေးကြသည်။

မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီကလည်း လယ်ယာမြေလုပ်ငန်းစဉ် (၇)ချက်နှင့်အညီ လုပ်ဆောင်သွားမည်ဖြစ်ပြီး နစ်နာသူ တောင်သူများနှင့်လည်း ဆက်လက် တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း တွေ့ဆုံပွဲတွင် ဆွေးနွေးတင်ပြသည်။ **ဂျူနိုင်း**

# မြင်ကွန်းတိုက်နယ်ဆေးရုံဆောက်လုပ်ရန် မြေနေရာလှူဒါန်း

**မကွေး စက်တင်ဘာ ၇**

မကွေးမြို့နယ် မြင်ကွန်းကျေးရွာအုပ်စုတွင် တိုက်နယ်ဆေးရုံဆောက်လုပ်ရန်အတွက် လေးဧကအကျယ်ရှိ မြေနေရာလှူဒါန်းပွဲကို စက်တင်ဘာ ၃ ရက်က မြင်ကွန်းကျေးရွာ၌ ကျင်းပခဲ့သည်။

မြေနေရာလှူဒါန်းပွဲတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဆန်းက အမှာစကားပြောကြားပြီး မြင်ကွန်းတိုက်နယ်ဆေးရုံ ဆောက်လုပ်ရန်အတွက် မြေနေရာလှူဒါန်းသူ မြင်ကွန်းကျေးရွာမှ ဦးဟန်ထွန်းက မြေလှူဒါန်းခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး လှူဒါန်းသည့်မြေနေရာနှင့်ပတ်သက်သည့် အထောက်အထားစာရွက်စာတမ်းများကို ပေးအပ်ကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးခဲ့သည်။

မြင်ကွန်းတိုက်နယ်ဆေးရုံဆောက်လုပ်ရန်အတွက် အလှူရှင်ဦးဟန်ထွန်းက မြင်ကွန်းကျေးရွာ ကွင်းအမှတ်(၁၇၄၅)မှ အကျယ်အဝန်း လေးဧကရှိသော မြေနေရာကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။ တိုက်နယ်ဆေးရုံ ဆောက်လုပ်ခွင့်ရရှိရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြထားကြောင်းနှင့် မြင်ကွန်းတိုက်နယ်ဆေးရုံ ဆောက်လုပ်ဖွင့်လှစ်နိုင်ပါက မြင်ကွန်းတိုက်နယ်အတွင်း ကျေးရွာအုပ်စု ခုနစ်စုရှိ လူဦးရေ ခြောက်ထောင်နီးပါးအတွက်သာမက ပတ်ဝန်းကျင်ကျေးရွာများရှိပြည်သူများအတွက်ပါ အားကိုးစရာ တိုက်နယ်ဆေးရုံတစ်ရုံ ဖြစ်လာမည်ဖြစ်၍ ဆေးရုံအမြန်ဆုံး တည်ဆောက်ဖွင့်လှစ်နိုင်ရန်အတွက် မြင်ကွန်းတိုက်နယ်အတွင်းမှ ပြည်သူများနှင့် အနီးအနားကျေးရွာများမှ ပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ညီညီမောင်(မကွေး)**

# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**ချောက် စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် စလေကျေးရွာအုပ်စုရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ပညာစွမ်းရည် တိုးတက်စေရန်နှင့် မီးသတ်ပညာ ပြန့်ပွားတိုးတက်စေရန်ရည်ရွယ်ချက်ဖြင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းကို စလေကျေးရွာ ဦးပုညခန်းမ၌ စက်တင်ဘာ ၅ ရက်က ဖွင့်လှစ်ခဲ့သည်။



သင်တန်းဖွင့်ပွဲတွင် မြို့နယ်မီးဘေးတားဆီးရေးနှင့် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးသန်းက အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးရဲထွေးအောင်က အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း ဖွင့်လှစ်သည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ချောက်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအေးလွင်က အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံများ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား၅၀ တက်ရောက်ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၅ ရက်မှစတင်၍ တစ်လကြာ သင်ကြားပို့ချမည်ဖြစ်ကြောင်း၊ သင်တန်းတွင် သင်တန်းသားများအား မီးငြိမ်းသတ်ရေးပစ္စည်းကိရိယာများဖြင့် မီးသတ်ပညာရပ်များကို လက်တွေ့သင်ကြားပေးသွားမည့်အပြင် ရှာဖွေကယ်ဆယ်ရေးပညာရပ်များကိုလည်း သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအပြီးတွင် မြို့နယ်အတွင်း မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးဆောင်ရွက်ခဲ့မှု နံရံကပ်ပိုစတာများကို ခင်းကျင်းပြသခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဖိတ်ကြားထားသူများက လိုက်လံကြည့်ရှုခဲ့ကြသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

# မှူခင်း အသိပညာပေးပြခန်းယာဉ် လှည့်လည်ပြသ

**ပဲခူး စက်တင်ဘာ ၇**

ပဲခူးမြို့နယ် ဘုရားကြီးနယ်မြေရဲစခန်းအပိုင် အမှတ်(၁) တပ်မတော် အင်အားဖြည့်တင်းရေးနှင့် ပြန်လည်နေရာချထားရေးတပ်တွင် စက်တင်ဘာ ၅ ရက် နံနက်က တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၏ ညွှန်ကြားမှု ဖြင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦး၏ ကြီးကြပ်မှု မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ထွေးနှင့် ဘုရားကြီးနယ်မြေရဲစခန်းမှူး ရဲအုပ်ချစ်ကြည်နှင့်အဖွဲ့တို့သည် မှုခင်းအသိပညာပေးပြခန်းယာဉ်ဖြင့် သွားရောက် ပြသခဲ့ရာ တပ်မတော်သားများနှင့် မိသားစုများ ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သန့်စင်**



# ကျေးရွာများ၏အိပ်မက်များ လက်တွေ့အကောင်အထည်ပေါ်လာစေသော မြစိမ်းရောင်ကျေးရွာစီမံကိန်းများ

ကျွန်မတို့အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်မှ ၂၁ မိုင် ကွာဝေးသည့် သုံးခွမြို့ကို ရောက်ရှိခဲ့ပါသည်။ သုံးခွမြို့တွင် ခရမ်း၊ သုံးခွမြို့နယ်တို့အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တိုးချဲ့ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာရှစ်ရွာမှ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီများအား မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲမရှိဆောင်ရွက်နိုင်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပို့ချသည့် စီမံကိန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းသို့ တက်ရောက်လာသော ကော်မတီဝင်များနှင့် တွေ့ဆုံမေးမြန်းခွင့်ရခဲ့ပါသည်။

ခရမ်းမြို့ အောင်ချမ်းသာကျေးရွာ မြစိမ်းရောင်ရန်ပုံငွေဘဏ္ဍာရေးဆပ်ကော်မတီမှ ငွေစာရင်းကိုင် မနှင်းအိဖြူက "ကျွန်မတို့ရွာနားမှာရှိတဲ့ ပလူကျေးရွာမှာ မနှစ်က မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်တာတွေ့ရတော့ ကျွန်မတို့ရွာလည်း ရရင်ကောင်းမှာပဲလို့ စိတ်ကူးယဉ်ခဲ့ရတယ်။ အခု ဆောင်ရွက်ခွင့်ရတော့ အလွန်ဝမ်းသာတယ်။ ဒီလိုသင်တန်းတက်ရတော့ ကျွန်မတို့အတွက် ဗဟုသုတ တွေ့ရတယ်၊ စာရင်းဇယားတွေလည်း ပြုစုတတ်လာတဲ့ အသိပညာရရှိခဲ့ပါတယ်"ဟု ပြောသည်။

မြစိမ်းရောင်ချေးငွေကြောင့် ကျေးရွာနေပြည်သူများ အရင်းအနှီးများရပြီး တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်မည်၊ မိသားစုများ စီးပွားရေးပြေလည်လာမည်ဖြစ်ကာ မြစိမ်းရောင်ချေးငွေကို အကျိုးရှိစွာဖြင့် မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သလို အရင်းအတိုးငွေကို မှန်မှန်ပေးဆပ်ကြမည်ဆိုလျှင် စီမံကိန်းကြီး ရေရှည်အောင်မြင်မည်"ဟု ထင်မြင်မိပါသည်။

ခရမ်းမြို့နယ် ပလူကန်ကျေးရွာ မြစိမ်းရောင်ကော်မတီ ဥက္ကဋ္ဌ ဦးဇော်မင်းက "ကျွန်တော်တို့ ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ဖို့ နိုင်ငံတော်ထောက်ပံ့ငွေ ကျပ်သိန်း ၃၀၀၊ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ မတည်ပေးတယ်။ ဒီအရင်းအနှီးငွေကို တိုးပွားအောင်၊ မပျောက်မပျက်အောင်၊ စီမံကိန်းအောင်မြင်အောင် ကော်မတီနဲ့ ရွာသူ၊ ရွာသားတွေအားလုံး စုပေါင်းဆောင်ရွက်မှ အောင်မြင်မယ်လို့ ထင်ပါတယ်။ ဒါ့အပြင် ရလာတဲ့အတိုးရငွေကို နောင်ကာလမှာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း (စာကြည့်တိုက်၊ လမ်း၊ တံတား စသည်တို့) ဆောင်ရွက်နိုင်မှာဖြစ်လို့ ဒီစီမံကိန်းက ကျေးရွာအတွက် အကျိုးအများကြီးရှိမယ်လို့ ထင်ပါတယ်"ဟု ဆိုသည်။

သုံးခွမြို့နယ် ကျားဝင်းကျေးရွာ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်စွာဝင်းက "မြစိမ်းရောင်ကျေးရွာစီမံကိန်းနဲ့ပတ်သက်တဲ့ စာရင်းဇယား ပြုစုနည်းသင်တန်းကို တက်ရလို့ စီမံကိန်းရဲ့ သဘောသဘာဝကို သိခွင့်ရခဲ့ပါတယ်။ စာရင်းဇယား ပြုစုနည်းကို သင်ကြားပေးလို့ အသိပညာတိုးပွားပါတယ်။ ကျွန်တော်တို့ မနှစ်က ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို မျှော်လင့်ခဲ့တယ်။ မရခဲ့ဘူး။ ဒီနှစ်မှာ စီမံကိန်းဆောင်ရွက်ခွင့်ရလို့ ကျွန်တော်တို့ ရွာသူရွာသားတွေရဲ့အိပ်မက်ကို လက်တွေ့ဆောင်ရွက်ခွင့်ရလို့ ဝမ်းသာပါတယ်"ဟု ပြောသည်။

တိုင်းဒေသကြီး တောင်ပိုင်းခရိုင်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ခု ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အထိ ကျေးရွာပေါင်း ၁၁၁ ရွာတွင် ယူနစ် ၁၁၀ ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာပေါင်း ၃၀ ၌ ယူနစ် ၃၀ ကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်အေးကြူ(ရွှေသန့်လျှင်)**

# အိမ်ကွင်းမှာ နိုင်ပွဲဆက်မယ့် ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ် အဝေးကွင်းမှာ ခက်ခဲမယ့် အက်သလက်တီကိုတို့ရဲ့ လာလီဂါပွဲစဉ်(၃)

■ **မိုးမြင့်လင်းလက်**

ဒီတစ်ပတ် စနေ၊ တနင်္ဂနွေဖြစ်တဲ့ စက်တင်ဘာ ၁၀ ရက်နဲ့ ၁၁ ရက်တွေမှာ လာလီဂါပွဲစဉ်(၃)ကို ကစားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ အသင်းကြီးတွေ အိမ်ကွင်းမှာ လက်ခံကစားကြဖို့ရှိနေပြီး ရလဒ်ကောင်းတွေ ပိုင်ဆိုင်ကြဖို့ ရှိနေပါတယ်။ ဘာစီလိုနာ၊ ရီးရဲမက်ဒရစ်နဲ့ အက်သလက်တီကိုတို့ရဲ့ ခြေစွမ်းက ပြိုင်ဘက်တွေအပေါ် ဂိုးပြတ်သွင်းပြီး ကျော်ဖြတ်နိုင်မလား ကြည့်ရမှာဖြစ်ပါတယ်။

**ရီးရဲမက်ဒရစ်နှင့် အိုဆာဆူနာ**

စီရော်နယ်ဒို ပြန်လည်ပါဝင်လာမယ့် ရီးရဲမက်ဒရစ်တိုက်စစ်ဟာ အိမ်ကွင်းလည်းဖြစ်တာမို့ အားမာန်အပြည့်နဲ့ ထက်မြက်နေမှာသေချာပါတယ်။ အိုဆာဆူနာတို့က ရီးရဲမက်ဒရစ်နဲ့ဆုံတိုင်း ဂိုးပြတ်ရှုံးတဲ့ပွဲစဉ်တွေများတာမို့ ဒီပွဲမှာလည်း အဝေးလည်းဖြစ်တာမို့ အမှတ်ပြည့် မျှော်လင့်ချက်ထားလို့မရတဲ့ပွဲပါပဲ။ အိုဆာဆူနာနဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ရီးရဲမက်ဒရစ်တို့က လေးဂိုးပြတ်သွင်းပြီး နိုင်ပွဲရခဲ့တာမို့ အခုပွဲမှာလည်း ဂိုးမပြတ်အောင်ဘဲ အိုဆာဆူနာတို့ ကြိုးစားရမှာဖြစ်ပါတယ်။

**ဘာစီလိုနာနှင့် အလာဗက်စ်**

တန်းတက်အလာဗက်စ်ဟာ အဝေးကွင်းမှာ အက်သလက်တီကိုလိုအသင်းကို တစ်ဂိုးစီသရေပွဲရအောင် စွမ်းဆောင်ထားနိုင်တဲ့ ခြေစွမ်းက အသိအမှတ်ပြုစရာဖြစ်နေပါတယ်။ ဘာစီလိုနာတို့ကတော့ ရာသီအစမှာကတည်းက ဂိုးပြတ်သွင်းအောင်ပွဲတွေရရှိနေတာမို့ အခုပွဲက အိမ်ကွင်းလည်းဖြစ်တာမို့ အလာဗက်စ်ကိုအသာစီးရအောင် ကြိုးစားပါလိမ့်မယ်။ အလာဗက်စ်နဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံခဲ့တဲ့ မှတ်တမ်းကိုကြည့်ရင် ဘာစီလိုနာတို့ နိုင်ပွဲတွေချည်းရယူနိုင်ခဲ့ပါတယ်။ အလာဗက်စ်ရဲ့ လက်ရှိ ကစားအားကလည်း ဒီနှစ်လာလီဂါမှာ နှစ်ပွဲကစားပြီး နှစ်ပွဲစလုံး သရေပွဲတွေဖြစ်ထားတာမို့ အခုပွဲမှာ စိတ်ဓာတ်ပြင်းပြင်းနဲ့ အမှတ်ရအောင် အားထုတ်ပါလိမ့်မယ်။ ဒါပေမယ့် တိုက်စစ်အားမယှဉ်နိုင်တဲ့အတွက် ဘာစီလိုနာတို့ပဲ နိုင်ပွဲရသွားပါလိမ့်မယ်။



**ဆိုစီဒက်နှင့် အက်စ်ပန်ညို**

ဆိုစီဒက်ဟာ အက်စ်ပန်ညိုကို ငါးဂိုးပြတ်သွင်းပြီး အနိုင်ယူခဲ့တဲ့ ခြေစွမ်းရှိထားပါတယ်။ ဆိုစီဒက်ရဲ့ ဒီနှစ်ခြေစွမ်းအရ အားထုတ်မှုကောင်းပြီး နိုင်ပွဲရလိုမှုစိတ်ဓာတ်ပြင်းထန်နေတာလည်းတွေ့ရပါတယ်။ အက်စ်ပန်ညိုတို့ကလည်း ဒီနှစ်မှာ ပြင်ဆင်မှုကောင်းတာမို့ အဝေးကွင်းဆိုပေမယ့် ဆိုစီဒက်ကို ခြေရည်တူကစားပါလိမ့်မယ်။ ဒါပေမယ့် အိမ်ကွင်းမှာ စွမ်းဆောင်မှုအားကောင်းတဲ့ ဆိုစီဒက်တို့ပဲ အခြေအနေကောင်းကို ပိုင်ဆိုင်သွားဖို့ များပါတယ်။

**မာလာဂါနှင့် ဗီလာရီးရဲ**

ဒီနှစ်လာလီဂါမှာ နှစ်သင်းစလုံး သရေပွဲတွေ ဆက်တိုက်ကြုံတွေ့နေပါတယ်။ ဗီလာရီးရဲတို့က အခုပွဲမှာ အဝေးကွင်းဖြစ်တဲ့အပြင် ဆိုလ်ဒါဒို၊ ဘိုနီရာနဲ့ ဘာကမ်ဘူတို့ ဒဏ်ရာတွေရရှိထားပါတယ်။ မာလာဂါတို့ကတော့ ဒဏ်ရာပြဿနာမရှိတဲ့အပြင် အမာခံကစားသမားအစုံအလင်နဲ့ ပွဲထွက်လာဖို့ ရှိနေပါတယ်။ အခုပွဲမှာ အိမ်ရှင်တို့ အမှတ်ပြည့်ရရှိဖို့များပေမယ့် ဒီနှစ်သစ်ရဲ့ နောက်ဆုံးသုံးပွဲ တွေ့ဆုံမှုရလဒ်ကိုကြည့်ရင် ဗီလာရီးရဲတို့ချည်း နိုင်ပွဲရထားတာမို့ ဒီပွဲဟာ အမှတ်ခွဲယူရကိန်းလည်း ဆိုက်သွားနိုင်ပါတယ်။

**ဆီဗီလာနှင့် လက်စ်ပယ်မက်စ်**

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကို ကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ အိမ်ကွင်းမှာ ခြေစွာတဲ့ ဆီဗီလာတို့က ပြိုင်ဘက်တွေကို အကျပ်အတည်းဖြစ်အောင် အားထုတ်နိုင်ပါတယ်။ လက်စ်ပယ်မက်စ်တို့ကလည်း ဗလင်စီယာကို လေးဂိုး-နှစ်ဂိုးနဲ့နိုင်ပြီး ဂရန်နာဒါကို ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲဆက်ထားတာမို့ လျှော့တွက်လို့မရပါဘူး။ အိမ်ကွင်းမှာ အက်စ်ပန်ညိုကို ခြောက်ဂိုးအထိသွင်းယူထားနိုင်တဲ့ ဆီဗီလာတို့ကလည်း ဒီပွဲမှာ ခြေကုန်ထုတ်မှာ သေချာပါတယ်။ ဆီဗီလာတို့ နိုင်ရင်တောင် ဂိုးမပြတ်နိုင်ပါဘူး။

**ဆယ်လ်တာဗီဂိုနှင့် အက်သလက်တီကို**

ရာသီအစမှာ ခြေစွမ်းပျောက်နေတဲ့ အက်သလက်တီကိုတို့ အဝေးကွင်းဖြစ်တာကြောင့် ဆယ်လ်တာဗီဂိုကို ခြေကုန်ထုတ်ရမယ့်ကိန်းပါပဲ။ သရေပွဲတွေဆက်နေတဲ့ အက်သလက်တီကိုဟာ အိမ်ကွင်းမှာ ခြေစွမ်းကောင်းပြသနိုင်တဲ့ ဆယ်လ်တာဗီဂိုကို ခက်ခက်ခဲခဲ ရင်ဆိုင်ရဖို့ရှိနေပါတယ်။ ဒီနှစ်သင်းရဲ့နောက်ဆုံးသုံးပွဲတွေ့ဆုံမှုကို ကြည့်ရင် အက်သလက်တီကိုတို့ နှစ်ပွဲနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ လက်ရှိခြေစွမ်းအရ အက်သလက်တီကိုတို့ သရေတစ်မှတ်ရရင် ကျေနပ်ရမယ့်ပွဲပါပဲ။

## ပြန်လည်ကစားဖို့ အသင့်ဖြစ်နေတဲ့ တိုက်စစ်မှူး စီရော်နယ်ဒို

ယူရို ၂၀၁၆ မှာ ပေါ်တူဂီအသင်းနဲ့အတူ ဖလားရယူခဲ့တဲ့ စီရော်နယ်ဒိုဟာ ဒူးခေါင်းဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်တဲ့အတွက် မကြာမီမှာ ရီးရဲမက်ဒရစ်အသင်းနဲ့အတူ ကစားဖို့အသင့်ဖြစ်နေပြီလို့ ဆိုပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိပြီဖြစ်တဲ့ စီရော်နယ်ဒိုဟာ မကြာမီမှာ ရီးရဲမက်ဒရစ်အသင်းမှာ ပါဝင်ကစားဖို့ရှိနေပါတယ်။ ဒဏ်ရာမှ ပြန်လည်သက်သာလာပြီဖြစ်တဲ့ စီရော်နယ်ဒိုဟာ ကစားဖော်တွေနဲ့ လေ့ကျင့်မှုတွေစတင်ပြုလုပ်နေပြီလို့ ဆိုပါတယ်။ မန်ယူတောင်ပံကစားသမားဟောင်း စီရော်နယ်ဒိုဟာ လာမယ့်စနေနေ့မှာ ရီးရဲမက်ဒရစ်က အိမ်ရှင်အဖြစ် လက်ခံကစားမယ့် အိုဆာဆူနာနဲ့ပွဲမှာလည်း ကစားဖွယ်ရှိနေပါတယ်။

စပိန်လာလီဂါအဖွင့်ပွဲမှာ စီရော်နယ်ဒိုမပါဘဲ ရီးရဲမက်ဒရစ် ကစားခဲ့ရပါတယ်။ သို့သော်လည်း အဖွင့်ပွဲနှစ်ပွဲစလုံး ရီးရဲမက်ဒရစ်က အနိုင်ရထားတဲ့အတွက် ရာသီအစကောင်းမွန်မှုမှာ ရီးရဲမက်ဒရစ်က ရာနှုန်းပြည့်အောင်မြင်မှုရရှိထားတယ်လို့ ဆိုပါတယ်။




## ကမ္ဘာ့ဖလားကစားခွင့် အလားအလာကောင်းနေတဲ့ ဝေးလ်

ဂါးရက်ဘေးလ် ဦးဆောင်တဲ့ ဝေးလ်အသင်းဟာ ယူရို ၂၀၁၆ မှာ အောင်မြင်မှုတွေရရှိခဲ့ပြီးနောက် ရုရှားနိုင်ငံမှာ ကျင်းပမယ့် ကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း ပါဝင်ကစားခွင့်ရဖို့ အလားအလာကောင်းနေပါတယ်။

ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုအဆင့် အဖွင့်ပွဲမှာတော့ ဝေးလ်အသင်းက မော်ဒိုဗာအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ကစားခဲ့ပါတယ်။ ဒီပွဲမှာ ခြေစွမ်းပြကစားခဲ့သူကတော့ ဂါးရက်ဘေးလ်ပဲဖြစ်ပါတယ်။ သူဟာ ဒီပွဲမှာ နှစ်ဂိုးသွင်းယူပေးခဲ့ပါတယ်။ ဆန်ဗိုကတ်၊ ဂျိုးအောလင်းနဲ့ ဂါးရက်ဘေးလ်တို့ဟာ အဖွင့်ပွဲအတွက် ဂိုးတွေသွင်းယူပေးခဲ့ပါတယ်။ ခရစ်ကိုးလ်မန်းရဲ့ ဝေးလ်အသင်းဟာ ဇူလိုင်လအတွင်းက ယူရို ၂၀၁၆ ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အထိ တက်ရောက်နိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ ဒီအောင်မြင်မှုကို ဝေးလ်အသင်းက ဆက်လက်ထိန်းသွားနိုင်ဆဲဖြစ်ပါတယ်။ ဝေးလ်အသင်းဟာ လာမယ့်လမှာ ဩစတြီးယားနဲ့ ဗီယင်နာမြို့မှာ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဆက်လက်ကစားဖို့ရှိနေပါတယ်။



## ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ တာထွက်ကောင်းနေတဲ့ စပိန်

**ကောင်းမြတ်သူ - စုစည်းသည်။**

၂၀၁၈ ခုနှစ်မှာ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲအတွက် ခြေစစ်ပွဲများကစားလျက်ရှိကာ ဥရောပဇုန်မှာ စပိန်က လက်ချင်စတိန်းကို ရှစ်ဂိုးပြတ်နဲ့ အနိုင်ကစားပြီး တာထွက်အကောင်းဆုံးအသင်းလို့ ပြောဆိုနေကြပါတယ်။ စပိန်အသင်းဟာ ကမ္ဘာ့ဖလားမှာရော ဥရောပပြိုင်ပွဲတွေမှာပါ အစဉ်အလာရှိတဲ့ အသင်းတစ်သင်းဖြစ်ပါတယ်။

စပိန်အသင်းအတွက် အနိုင်ဂိုးတွေသွင်းယူရာမှာ နာမည်ကြီးကစားသမားတွေဖြစ်တဲ့ ဒီယေဂိုကော်စတာနဲ့ ဒေးဗစ်ဆေးလ်ဗားတို့က နှစ်ဂိုးစီသွင်းယူပေးခဲ့ကြပါတယ်။ သူတို့ရဲ့ခြေစွမ်းတွေကတော့ အံ့မခန်းဖြစ်ခဲ့ရတယ်လို့ ဆိုပါတယ်။ စပိန်နည်းပြသစ် လိုပီတီရွှိုင်းရဲ့ဘယ်လ်ဂျီယံကို ချစ်ကြည်ရေးပွဲမှာ အနိုင်ရပြီးနောက် ပထမဆုံးအနိုင်ရတဲ့ နိုင်ငံတကာပွဲဖြစ်ပါတယ်။ လက်ချင်စတိန်းကို အနိုင်ပွဲ ဂိုးပြတ်အနိုင်ရခဲ့မှုဟာ စပိန်အသင်းအတွက် မှတ်တိုင်တစ်ခုဖြစ်ခဲ့ပါတယ်။

ဒီပွဲမှာ ခြေစွမ်းပြကစားခဲ့တာကတော့ ချယ်လ်ဆီးတိုက်စစ်မှူး ကော်စတာဖြစ်ပါတယ်။ တိုက်စစ်မှူးကော်စတာဟာ ပြီးခဲ့တဲ့ရာသီက ချယ်လ်ဆီးအသင်းမှာ ခြေစွမ်းပြမှုအားနည်းခဲ့သော်လည်း ဒီနှစ်မှာတော့ ချယ်လ်ဆီးမှာလည်း ဂိုးတွေသွင်းယူပေးနေတာ တွေ့ရပါတယ်။

# အာဆီယံပေါင်းစည်းအားမှသည် အနာဂတ်စွမ်းအင်ဖူလုံမှုဆီသို့

**သရေစည်သူ**

*ယမန်နေ့မှအဆက်*

**နေပြည်တော်တွင်ကျင်းပမည်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြုလုပ်မည့် (၃၄) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ၂၀၁၆ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့မှ ၂၃ ရက်နေ့အထိ နေပြည်တော်တွင် ဝံ့ကြွားထည်ဝါစွာ ကျင်းပသွားတော့မည်ဖြစ်သည်။ အဆိုပါအစည်းအဝေးများ၏ ဖွင့်ပွဲအခမ်းအနားကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-II) တွင်လည်းကောင်း၊ အစည်းအဝေးများကို Horizon Lake View Hotel တွင်လည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အာဆီယံနိုင်ငံများ၊ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများတို့မှ စွမ်းအင်ဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံစွမ်းအင်ဗဟိုဌာနတို့မှ တာဝန်ရှိသူများ၊ IEA၊ ERIA၊ IAEA၊ IRENA စသည့် နိုင်ငံတကာအဖွဲ့အစည်းများတို့မှ ကိုယ်စားလှယ်များ၊ Specialized Bodies နှင့် Sub-sector Networks တို့မှ တာဝန်ရှိသူများနှင့်ကိုယ်စားလှယ်များ တက်ရောက်ကြမည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတက်ရောက်မည့်သူများအနေဖြင့် အာဆီယံ၏ အဓိကမဏ္ဍိုင်(၃)ရပ်မှ အာဆီယံစီးပွားရေးအသိုက်အဝန်း AEC Blueprint ၂၀၂၅ ဖော်ဆောင်ရေးကို အထောက်အကူဖြစ်စေမည့် စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများနှင့် APAEC စတုတ္ထစီမံကိန်း ပထမအဆင့်တွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ပတ်သက်ပြီး (၃၄) ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးက တင်ပြချက်များကို လက်ရှိဖြစ်ပေါ်လျက်ရှိသော ကမ္ဘာ့စီးပွားရေးအခြေအနေ၊ ပထဝီ နိုင်ငံရေး၊ ရေနံဈေးနှုန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ အပြည်ပြည်ဆိုင်ရာ စွမ်းအင်ကုန်သွယ်မှုတိုးတက်လာမည့် စွမ်းအင်လိုအပ်ချက်၊ ရရှိနိုင်မည့် စွမ်းအင်သယံဇာတစသည့် ကမ္ဘာ့စွမ်းအင်ဆိုင်ရာ အခင်းအကျင်းများဖြင့် ချိန်ထိုးစဉ်းစားညှိနှိုင်းဆွေးနွေးကာ ပြင်ဆင်သင့်သည်များကို ပြင်ဆင်၍ အတည်ပြုသွားကြမည်ဖြစ်ပါသည်။

**နိုင်ငံ့ဂုဏ်ဆောင်ရယူ**

အာဆီယံ စွမ်းအင်ဝန်ကြီးများအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများအဖြစ် အရှေ့အာရှနိုင်ငံများ၏ စွမ်းအင်ဝန်ကြီးများအစည်းအဝေး (East Asia Summit Energy Ministers Meeting - EAS-EMM)၊ အာဆီယံနှင့်အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ အစည်းအဝေး (AMEM-IEA)၊ အာဆီယံနှင့် ဆွေးနွေးဖက်သုံးနိုင်ငံ (ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်) (AMEM+3) အစည်းအဝေးများ ကျင်းပသွားမည်ဖြစ်ပြီး အာဆီယံစွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်မီနည်းပညာများမျှဝေရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့ အတွက် အစီအမံများ၊ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြမည်ဖြစ်ပါသည်။ ထို့အပြင် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးများနှင့်အတူ အာဆီယံစွမ်းအင်ဆိုင်ရာလုပ်ငန်းပြပွဲ ASEAN Energy Business Forum (AEBF 2016) ကိုပါ တစ်ပေါင်းတည်းလက်ခံကျင်းပသွားမည်ဖြစ်ရာ ပညာရှင်များမှ စွမ်းအင်ကဏ္ဍဆိုင်ရာနည်းပညာနှင့် သုတေသနသုံးသပ်ချက်စာတမ်းများ ဖတ်ကြားခြင်း၊ နိုင်ငံတကာစွမ်းအင်ကုမ္ပဏီများမှ ၎င်းတို့၏စွမ်းအင်ဆိုင်ရာ နည်းပညာသစ်များ၊ ဝန်ဆောင်မှုများ၊ ထုတ်ကုန်များကို ခင်းကျင်းပြသကြမည်ဖြစ်ပါသည်။ 34th AMEM သို့တက်ရောက်လာကြမည့် ဧည့်သည်တော်များအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက Gala Dinner ဖြင့် တည်ခင်းဧည့်ခံသွားမည်ဖြစ်ပြီး၊ ယင်း Gala Dinner နှင့်အတူ အာဆီယံစွမ်းအင်ဆိုင်ရာ ဆုချီးမြှင့်ပွဲအခမ်းအနားကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ပါသည်။ အာဆီယံစွမ်းအင်ဗဟိုဌာနက အာဆီယံဒေသတွင်း စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ပြန်ပြည့်မြဲစွမ်းအင်၊ သန့်စင်သော ကျောက်မီးသွေးသုံးနည်းပညာ၊ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုရေးနှင့် စွမ်းအင်ခြိုးခြံချွေတာရေးဆိုင်ရာ ပြိုင်ပွဲများကျင်းပပြီး နှစ်စဉ်ဆုများချီးမြှင့်လျက်ရှိရာ ယခုနှစ်ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှပြန်ပြည့်မြဲစွမ်းအင်စီမံကိန်းတွင် Rural Electrification with Micro Hydro Power For SHATSEBO & 3Villages Project က Winner၊ Solar Rooftop System က 1st Runner-up တို့ နိုင်ငံ့ဂုဏ်ဆောင်ရယူနိုင်ခဲ့ပါသည်။

**တက်ကြွစွာပူးပေါင်းဆောင်ရွက်**

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၉ ခုနှစ်ကလည်း အာဆီယံစွမ်းအင်ကဏ္ဍ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူ၍ (၂၇) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မန္တလေးမြို့၌ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါသည်။ ယခု ၂၀၁၆ ခုနှစ်တွင်လည်း မြန်မာနိုင်ငံသည် အာဆီယံစွမ်းအင်ကဏ္ဍဥက္ကဋ္ဌတာဝန်ယူကာ ဒေသတွင်း စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ကြွစွာ ဦးဆောင်ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အာဆီယံစွမ်းအင်ဆိုင်ရာ အစည်းအဝေးများကိုလည်း နိုင်ငံတကာအဆင့်မီ ခမ်းနားထည်ဝါ အောင်မြင်စွာ ကျင်းပသွားနိုင်ရေး နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှု၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အနီးကပ်ကြီးကြပ်မှု၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ လုပ်ငန်းဌာနများ၊ NGO/INGO များတို့၏ ပူးပေါင်းကူညီ ဆောင်ရွက်မှု၊ အစိုးရ ဌာနဆိုင်ရာဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုများဖြင့်အစွမ်းကုန်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် အာဆီယံစွမ်းအင်ကဏ္ဍအလှည့်ကျဥက္ကဋ္ဌတာဝန်ယူကာ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို တက်တက်ကြွကြွဦးဆောင်နေခြင်းသည် အာဆီယံအတွက်သာမက မိမိတို့နိုင်ငံ၏စွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးကိုပါ များစွာအကျိုးရှိစေမည်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံ၏ စွမ်းအင်သုံးစွဲမှုပမာဏကိုကြည့်၍ ၎င်းနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုမှန်းဆနိုင်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်လေလေ၊ စွမ်းအင်သုံးစွဲမှုပမာဏများလေလေဖြစ်ရာ မြန်မာနိုင်ငံ၏ စွမ်းအင်သုံးစွဲမှုပမာဏသည် ဒေသတွင်းနိုင်ငံများနှင့်နှိုင်းယှဉ်လျှင်ပင် များစွာနည်းပါးသေးသည်ဖြစ်ရာ ယေဘုယျအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်စွမ်းအင်ပမာဏများစွာသုံးစွဲရဦးမည်ပင်ဖြစ်ပါသည်။ လက်ရှိမြန်မာနိုင်ငံ၏ ပြည်တွင်းစွမ်းအင်လိုအပ်ချက်ပြဿနာသည် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်ခြင်းကိုတုံ့ဆိုင်းစေသည့် အဓိကအချက်ဖြစ်နေသလို နိုင်ငံတော်အစိုးရက မဖြစ်မနေ ဖြေရှင်းဆောင်ရွက်ပေးရမည့်စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်ပါသည်။

**သန့်စင်သောကျောက်မီးသွေးသုံးစွဲမှုနည်းပညာ**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာကိုယ်ပိုင်နည်းပညာ၊ အရင်းအနှီးများသုံးပြီး ဆောင်ရွက်နေသလို နိုင်ငံတကာကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် အကျိုးတူပူးပေါင်းပြီးခေတ်မီနည်းပညာများ အသုံးပြု၍လည်း အစွမ်းကုန်ကြိုးပမ်းဆောင်ရွက် လျက်ရှိနေပါသည်။ ကမ္ဘာ့ဘဏ်၏လေ့လာတွက်ချက်မှုအရ စွမ်းအင်သဘာဝသယံဇာတအရင်းအမြစ်များ ပေါများသောနိုင်ငံဖြစ်သဖြင့် နောင်တိုးမြှင့်လာမည့် ဓာတ်အားလိုအပ်ချက်ကို စဉ်ဆက်မပြတ် ဗို့အားတည်ငြိမ်စွာဖြည့်ဆည်းနိုင်ရန် အနာဂတ်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု Future Generation Mix တွင် ပြန်ပြည့်မြဲစွမ်းအင်သယံဇာတဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်မှုကို အဓိကထားနိုင်ရေးအပါအဝင် အခြားသောစွမ်းအင်အရင်းအမြစ်များသုံးပြီး ဓာတ်အားထုတ်လုပ်ခြင်းများလည်း အချိုးကျပါဝင်သည့် ခေတ်ကာလနှင့် ကိုက်ညီသည့် မူဝါဒများချမှတ်ထားရှိရန်လိုအပ်မည်ဖြစ်ပါသည်။

**အကျိုးတူပူးပေါင်း**

ထို့အတူ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ ဖွံ့ဖြိုးတိုးတက်နိုင်စေရန်အတွက် ကုန်းတွင်းနှင့်ကမ်းလွန်တို့ရှိလုပ်ကွက်များ၌ နိုင်ငံခြားရေနံကုမ္ပဏီများဖြင့် အကျိုးတူပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေထုတ်လုပ်ခြင်းများ ဆောင်ရွက်နေသည့်အပြင် ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများတိုးချဲ့တည်ဆောက်ခြင်း၊ ရေနံချက်စက်ရုံများ အဆင့်မြှင့်တင်ခြင်း၊ လေယာဉ်ဆီအပါအဝင် ရေနံထွက်ပစ္စည်းများရောင်းဝယ်ရေးကဏ္ဍ၌ ပုဂ္ဂလိကမှပါဝင်လာခြင်းဖြင့် ဈေးကွက်ပြိုင်ဆိုင်မှုစနစ်ပေါ်ပေါက်လာပြီးသင့်လျော်သည့်စွမ်းအင် ဈေးနှုန်းဖြစ်ထွန်းလာစေရန် ဆောင်ရွက်ခြင်းစသည့်လုပ်ငန်းတို့အား ကြိုးပမ်းဆောင်ရွက်နေပါသည်။

ထိုသို့စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ တစ်ဖက်ကလည်းစွမ်းအင်အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်ရေး၊ စွမ်းအင်ခြိုးခြံချွေတာနိုင်ရေးတို့အတွက် စက်ရုံအလုပ်ရုံများ၏ စွမ်းဆောင်ရည်ကျဆင်းနေသည့်စက်များနှင့် စက်ပစ္စည်းများကို အဆင့်မြှင့်တင်ခြင်း၊ ဓာတ်ဆီ/ဒီဇယ်ဆီသုံးမော်တော်ယာဉ်များကို CNG ပြောင်းလဲတပ်ဆင်ခြင်း (Fuel Switching)၊ စွမ်းအင်အကျိုးရှိထိရောက်စေသည့် လူ့အသုံးအဆောင်ပစ္စည်းများ ပြောင်းလဲသုံးစွဲရန် အသိပညာပေးခြင်း စသည့်လုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်နေပါသည်။ ထို့အပြင် စွမ်းအင်အရင်းအမြစ်များထုတ်ယူသုံးစွဲခြင်းနှင့် စွမ်းအင်သုံးခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားအကျိုးသက်ရောက်မှုများ လျော့ချနိုင်စေရန်တို့ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါသည်။

**အခွင့်အလမ်းကောင်း**

မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အစွမ်းကုန်ဆောင်ရွက်နေသကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာအာဆီယံ၏ စွမ်းအင်ကဏ္ဍရည်မှန်းချက်များကိုလည်း အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ အလေးထားပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်အတွက် အာဆီယံစွမ်းအင်ကဏ္ဍ အလှည့်ကျဥက္ကဋ္ဌတာဝန်ယူ၍ (၃၄) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို လက်ခံကျင်းပနိုင်ခြင်းသည် အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၌ အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ တက်ကြွစွာ ပူးပေါင်းပါဝင်လျက်ရှိကြောင်း ဖော်ပြရာရောက်သကဲ့သို့ သက်ဆိုင်ရာတာဝန် ရှိသူများအနေဖြင့်အစည်းအဝေးတက်ရောက်ကြမည့် အာဆီယံနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများတို့မှ စွမ်းအင်ဝန်ကြီးများ၊ စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများတို့နှင့် Bilateral တွေ့ဆုံမှုများပြုလုပ်၍ မြန်မာနိုင်ငံစွမ်းအင်ကဏ္ဍတွင် လာရောက် ရင်းနှီးမြှုပ်နှံနိုင်မည့်အခွင့်အလမ်းများ၊ ပူးပေါင်းဆောင်ရွက်နိုင်မည့်လုပ်ငန်းများ၊ စွမ်းအင်ဆိုင်ရာ ခေတ်မီနည်းပညာများ အကူအညီပေးရေးနှင့် စွမ်းအင်ဆိုင်ရာပညာရပ်များမျှဝေပေးနိုင်ရေးကိစ္စရပ်များ၌ နှစ်ဦးနှစ်ဖက်အကျိုးဖြစ်ထွန်းစေနိုင်သော ပေါင်းစည်းဆောင်ရွက်မှုများပေါ်ပေါက်စေမည့်ဆက်ဆံရေးကောင်းများနှင့် အခွင့်အလမ်းကောင်းများ ရရှိစေနိုင်မည်ဖြစ်ပါသည်။

**အမိအရဖမ်းဆုပ်အသုံးချ**

ထို့အတူ နိုင်ငံတော်အစိုးရ၏ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များကို နိုင်ငံတကာမှ မျက်ဝါးထင်ထင်တွေ့မြင်နိုင်စေခြင်းကြောင့် နိုင်ငံတော်၏ဂုဏ်သိက္ခာ မြင့်တက်စေပြီး နိုင်ငံတကာ၏ယုံကြည်မှုများ ပိုမိုခိုင်မာလာစေမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်တည်ဆောက်ရေးအတွက် အဘက်ဘက်က အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများအတွက် ကောင်းမွန်သိသာထင်ရှားသည့်ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များကြောင့် နိုင်ငံတကာအသိအမှတ်ပြုမှုများနှင့်အတူ ကမ္ဘာ့နယ်ပယ်အသီးသီး၌ ပွဲလယ်တင့်စွာရပ်တည်နေပြီဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ပေါကြွယ်ဝလှသည့် သဘာဝသယံဇာတအရင်းအမြစ်များ၊ လူ့စွမ်းအားအရင်းအမြစ်နှင့် လုပ်သားဈေးကွက်၊ ကမ္ဘာ့အကြီးမားဆုံးဈေးကွက်ကြီးနှစ်ခု၏ အချက်အချာတွင် တည်ရှိနေသည့်ပထဝီနိုင်ငံရေး စသည်တို့ကြောင့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံရန်တာစူလျက်ရှိနေကြရာ နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ဖြစ်ထွန်းပေါ်ပေါက်နေပြီး ယင်းအလားအလာကောင်းများကို အမိအရဖမ်းဆုပ်အသုံးချ၍ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်သွားမည်ဖြစ်ရာ နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ကြမည်ဆိုပါလျှင် မိမိတို့မျှော်လင့်တောင့်တနေသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ထွန်း ပေါ်ပေါက်လာရန်မှာ လက်တစ်ကမ်းမျှသာရှိတော့ပါကြောင်း တင်ပြလိုက်ရပါသည်။

## ရေဘေးသင့်တောင်သူများအား မျိုးစပါးများထောက်ပံ့

**ပွင့်ဖြူ စက်တင်ဘာ ၇**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကံဆွယ်ကျေးရွာတွင် ရေဝတီမြစ်ရေကြီးမှုကြောင့် လယ်မြေများနစ်မြုပ်ခဲ့သော ရေဘေးသင့် တောင်သူများအား မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန် မျိုးစပါးထောက်ပံ့ပွဲအား စက်တင်ဘာ ၅ ရက်က အဆိုပါ ကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေက အမှာစကားပြောကြားပြီး မင်းဘူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ဝင်းက မျိုးစပါးများထောက်ပံ့ပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက ရေဘေးသင့်တောင်သူများထံ မျိုးစပါးများပေးအပ်ထောက်ပံ့ခဲ့သည်။

ပွင့်ဖြူမြို့နယ်တွင် ရေဝတီမြစ်ရေကြီးမှုကြောင့် ကျေးရွာအုပ်စု ၁၆ အုပ်စုတွင် မိုးစပါးပျိုးခင်း ၈၃၆ ဧက၊ စိုက်ခင်းပေါင်း ၃၂၆ ဧက ပျက်စီးဆုံးရှုံးခဲ့ပြီး ကံဆွယ်ကျေးရွာအုပ်စုတွင် ပျိုးထောင်မျိုးစပါး ၇၇၆ တင်း၊ မိုးစပါးစိုက်ခင်းပျက်စီးဧကပေါင်းဧက ၆၀ ရှိရာ ပျက်စီးဆုံးရှုံးခဲ့၍ တစ်ဧကလျှင် မျိုးစပါးတစ်တင်းနှုန်းဖြင့် ဒေသခံတောင်သူ ၁၁၈ ဦးတို့အား စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်၏ အစီအစဉ်ဖြင့် ရတနာတိုးနှင့် ရက် ၉၀ မျိုးသန့်မျိုးစပါး ၈၃၆ တင်းအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သူရထွန်း(ပွင့်ဖြူ)**

## ဒက္ခိဏခရိုင်တွင်မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်းများဖွင့်

**နေပြည်တော် စက်တင်ဘာ ၇**

နေပြည်တော်ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၅ ရက်က အမှတ်(၅) ရွှေကြာပင်မီးသတ်စခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန့်ဇင်က အမှာစကား ပြောကြားပြီး ဒက္ခိဏခရိုင်မီးသတ်ဦးစီးဌာနမှူး၏ လက်ထောက်ညွှန်ကြားရေးမှူးဦးသန့်ဇင်နှင့် မြို့နယ် အုပ်ချုပ်ရေးမှူးတို့က မီးသတ်သင်တန်း သားများအတွက် ဝတ်စုံများကို ရပ်/ကျေး အုပ်ချုပ်ရေး မှူးများထံ ပေးအပ်ခဲ့သည်။



အလားတူ ဒက္ခိဏသီရိမြို့နယ် မီးသတ် စခန်း၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲကိုကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးညီညီက အမှာစကားပြောကြားပြီး သင်တန်းသားများအတွက် အရန်မီးသတ် တူညီဝတ်စုံများကို ဒက္ခိဏခရိုင် မီးသတ်ဦးစီးဌာနမှူးလက်ထောက် ညွှန်ကြားရေးမှူးက ရပ်/ကျေး အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်
## သင်တန်းသားများအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသား(လူပျို)ဖြစ်ရမည်။

(ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်းရရှိသည့် ထောက်ခံစာမူရင်းနှင့်ပတ်စ်ပို့အရွယ် ဓာတ်ပုံ(၃)ပုံတို့ကို ပူးတွဲ တင်ပြရမည်။

(ဂ) လျှောက်ထားသူသည် ၁-၁-၂၀၁၇ ရက်နေ့တွင် အသက်(၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃)လက်မနှင့် ကိုယ်အလေးချိန်(၁၀၀)ပေါင်ထက်မနည်းရ။ပေါင်(၁၄၀)ထက် မကျော်ရ။

(င) မျက်မှန် တပ်ဆင်ထားသူ မဖြစ်စေရ။

(စ) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်။

(ဆ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရှိ တပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူ ဖြစ်ရမည်။

(ဇ) တက္ကသိုလ်ဝင်စာမေးပွဲကို ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာတွဲများဖြင့် အောင်မြင်ပြီးသူ ဖြစ်ရမည်။ (အမှတ်စာရင်းတင်ပြရမည်။)

(ဈ) တပ်မတော်၏အုပ်ချုပ်မှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၇-၉-၂၀၁၆ ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။ လျှောက်လွှာကို ၂၀-၁၀-၂၀၁၆ ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၃။ သင်တန်းဝင်ခွင့် အရည်အချင်းစစ် စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့် ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း မိမိလျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၌ ၅-၁၁-၂၀၁၆ ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။

၄။ အရည်အချင်းစစ် စာမေးပွဲအောင်စာရင်းကို တိုင်းစစ်ဌာနချုပ်များတွင် ၂၅-၁၁-၂၀၁၆ ရက်နေ့မှ ၂၆-၁၁-၂၀၁၆ ရက်နေ့အတွင်း ထုတ်ပြန်ကြေညာမည်။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် ၂-၁-၂၀၁၇ ရက်နေ့မှ ၉-၁-၂၀၁၇ ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၄၀၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၄၅၀၀၀)ကျပ်၊ တတိယနှစ်(၁၅၀၀၀၀)ကျပ်၊ စတုတ္ထနှစ်(၁၅၅၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များ အပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech (Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech (Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech (Medical ImagingTechnology)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် **သူနာပြု(Nurse)**နှင့် **ဆေးဘက်ကျွမ်းကျင်သူများ**အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် **မဟာသိပ္ပံဘွဲ့ (Master of Science)** နှင့် **ပါရဂူဘွဲ့ (Ph.D )** သင်တန်းများ တက်ရောက်ခွင့် ရရှိမည်။

